mgyoe.com

# ကမ္ဘာ့သူရဲတပ်သားကျော်များ

## ရဲဘော်ဖေသန်း




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

လူ့သမိုင်းသည် အရှည်လျားကြီး ရှည်လျားခဲ့သည်နှင့်အမျှ စစ်သမိုင်းလည်း
mdyoe.com
လူ့သမိုင်းအလားတူ ယှဉ်တွဲရှည်လျားလာခဲ့ရပါသည်။ သို့တစေ စစ်ပွဲတိုင်းကို
တရားသောစစ်ပွဲဟု မဆိုနိုင်မှု၍ ကျူးကျော်ရေးစစ်ပွဲဟု ခေါ်ဝေါ်သမုတ်ကြရပြီး
အချို့သောစစ်ပွဲများကိုမူ လွတ်မြောက်ရေးစစ်ပွဲ၊ ခုခံရေးစစ်ပွဲ စသည်စသည်
ခွဲခြားမြင်ရ ခေါ်ဝေါ်သမုတ်ကြရပါသည်။
တရားသောစစ်ပွဲကို ဆင်နွှဲခြင်းသည် အမွန်မြတ်ဆုံးသော
ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းဖြစ်သည်ဟု ဉာဏ်အမြော်အမြင်ဖြင့်
ပြီးပြည့်သော ပုဂ္ဂိုလ်များက အဆိုပြုခဲ့ကြပါသည်။
ဤသို့စစ်စစ်ချင်း၊ လူလူချင်း၊ လက်ရုံးရည် လက်ရုံးရည်ချင်း တူညီကြပါလျက်
အဘယ်ကြောင့် ထွက်ပေါ်လာသည့် အနက်အဓိပ္ပာယ်ချင်း ကွဲပြားခြားနားရပါသနည်းဟု
စောဒကတက်ဖွယ် အကြောင်းတစ်ရပ် ပေါ်ပေါက်လာရပါသည်။
စစ်ဆိုလျှင် စစ်၏တရားကိုယ်ဖြစ်သော (The Principle of Aim)
စစ်ဦးထားရှိသည့် ရည်ရွယ်ချက်သဘောပေါ်တွင်မူတည်၍ တရားသောစစ်လော၊
မတရားသောစစ်လော ဆိုသည်ကို စောကြောအကဲဖြတ် သုံးသပ်ပေးရမည်။

လွတ်မြောက်ရေးစစ်ပွဲတွင် မိမိ၏လက်ရုံးရည်ကို အသုံးချလျှင်ကား ထိုသူသည်
အာဇာနည်မှလွဲ၍ အခြားမဖြစ်နိုင်။ ယင်းကြောင့် ဤစာအုပ်ပါ သူရဲကောင်းများအပေါ်
စာရှုသူများအနေဖြင့် မည်သို့သော သူရဲကောင်းများဖြစ်သည်ကို ဝေဖန်အကဲဖြတ်နိုင်စိမ့်ငှာ
ကိုရီးယားစစ်ပွဲ၏ သမိုင်းနောက်ခံကားဖြစ်သည့် သမိုင်း၏ဖြစ်ရပ်တစ်ခုကို
ရှုထောင့်နှစ်သွယ်မှ အကျဉ်းရုံးပြန်လည် ထင်ဟပ်ခြင်းပြုလိုက်ရပါသည်။



ISBN 9789997119490
NF91
9 789997 119490
3,500.00KS

mgyoe.com

ကမ္ဘာ့သူရတပ်သားကျော်များ၊ ရဲဘော်ဖေသန်း
စာမျက်နှာ ၂၅၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀
၁၉၆၇၊ မြို့တော်စာပေတိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- ❑ နိဒါန်း (က)
- ❑ သမိုင်းရှုထောင့် ၁ (ဃ)
- ❑ သမိုင်းရှုထောင့် ၂ (ည)

၁။ အောင်ပွဲရ ယန္တရားယာဉ် ၁

၂။ ရေကြည်တစ်ပေါက်အသက်တစ်ချောင်း ၅၁

၃။ သူရတစ်စုနှင့် ရန်သူ့တင့်ကား ၁၀၀ ၈၄

၄။ ရှေ့တန်းပျော် လင်းယုန်များ ၁၁၂

၅။ သူရတစ်ယောက်နှင့် ရန်သူ ၆၃ ယောက် ၁၄၈

၆။ အိုး(လ်)ဘော်(လ်)ဒီ ခံတပ်စခန်းကို ဖြိုစဉ်က ၁၈၂


× × ×

mgyoe.com

mgyoe.com

# ဤစာအုပ်

မူရင်း တရုတ်စာပေကို ဖူတန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဆရာများက အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး ထိုအင်္ဂလိပ်ဘာသာကိုပင် ရဲဘော်ဖေသန်းက မြန်မာဘာသာသို့ ပြန်ဆိုပါသည်။ ။

mgyoe.com

mgyoe.com



# နိဒါန်း

ကျွန်တော် မြန်မာဘာသာသို့ ပြန်ဆိုလိုက်သည့် ဤကမ္ဘာ့သူရ တပ်သားကျော်များ (အမှတ် ၁) တွင် ပါဝင်သော သူရဲကောင်းများ အားလုံးကို ကိုရီးယားစစ်ပွဲကြီးကသာလျှင် သန့်စင်မွေးဖွားပေးခဲ့သည်။ ထို့ကြောင့် ယင်းသူရဲကောင်းများ၏ ဘဝအတ္ထုပ္ပတ္တိဆိုင်ရာ အရပ်ရပ်ကို မြန်မာဘာသာသို့ ပြန်ဆိုမိသော ကျွန်တော့်တွင် ကိုရီးယားစစ်ပွဲကြီးကိုလည်း သူရဲကောင်းများ၏ဘဝအတ္ထုပ္ပတ္တိနှင့် ယှဉ်တွဲ၍ဖော်ပြရန် မရှောင်မလွှဲသာတာဝန်တစ်ရပ် ထပ်မံဆပွားလာရပါသည်။

ရှင်းပါဦးမည်။

မူလအကြောင်းတရားဖြစ်သည့် ကိုရီးယားစစ်ပွဲသာ မဖြစ်ပွားခဲ့ပါမူ အကျိုးတရားဖြစ်သော ဤသူရဲကောင်းများ မည်သည့်နည်းနှင့်မျှ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေရာ ကိုရီးယားစစ်ပွဲကြီးကို မတင်ပြဘဲ သူရဲကောင်းများကိုသာ တင်ပြခဲ့သော် သူရဲကောင်းများ၏ လက်ခြေမျှသာဖြစ်သည့် လက်ရုံးရည်ကိုသာ အလေးပေး ရှေ့တန်းတွန်းတင်ရာ သဘောသို့ သက်ရောက်သွားပေလိမ့်မည်။ တစ်ဖန်တုံလည်း သူရဲကောင်းတို့၏ ဦးခေါင်းပိုင်းဖြစ်သည့် နှလုံးရည်ကို လျစ်လျူရှု ဥပေက္ခာပြုရာ ရောက်သွားနိုင်ပါသည်။ ဤသည်မှာ

mgyoe.com

mgyoe.com



ကျွန်တော့်ဆိုလိုရင်း၏ တစ်စိတ်တစ်ဒေသသော အဓိပ္ပာယ်ကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ ကျန်ရှိသေးသည့် တစ်စိတ်တစ်ဒေသအနက် ဖော်ချက်မှာမူ လူ့သမိုင်းတစ်လျှောက်တွင် လက်ရုံးရည်ဖြင့် ကမ္ဘည်း တင်ခဲ့သူ အမြောက်အမြားရှိခဲ့ ပေါ်ထွန်းခဲ့ပါသည်။ သို့တစေ လက်ရုံး ရည် ပြည့်စုံသူတိုင်းကို သူရဲကောင်းများဖြစ်သည်ဟု အဘယ်သို့လျှင် ဆိုနိုင်ပါအံ့နည်း။ ထို့ကြောင့်လည်း အချို့ကို လူသတ်သမား လက်မရွံ့ များဟု သမိုင်းက ကင်ပွန်းတပ်ပြီး အချို့ကိုမူ အာဇာနည်များ၊ လွတ်လပ်ရေးဗိသုကာများ၊ မဟာသူရဲကောင်းကြီးများ စသည်ဖြင့် ဝိဝါဒကွဲလွဲစွာ ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

ထို့အတူ လူ့သမိုင်းသည် အရှည်လျားကြီး ရှည်လျားခဲ့သည် နှင့်အမျှ စစ်သမိုင်းလည်း လူ့သမိုင်းအလားတူ ယှဉ်တွဲရှည်လျားလာခဲ့ ရပါသည်။ သို့တစေ စစ်ပွဲတိုင်းကို တရားသောစစ်ပွဲဟု မဆိုနိုင်မူ၍ ကျူးကျော်ရေးစစ်ပွဲဟု ခေါ်ဝေါ်သမုတ်ကြရပြီး အချို့သောစစ်ပွဲများကိုမူ လွတ်မြောက်ရေးစစ်ပွဲ၊ ခုခံရေးစစ်ပွဲ စသည်စသည် ခွဲခြားမြင်ရ ခေါ်ဝေါ် သမုတ်ကြရပါသည်။

တရားသောစစ်ပွဲကို ဆင်နွှဲခြင်းသည် အမှန်မြတ်ဆုံးသော ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းဖြစ်သည်ဟု ဉာဏ်အမြော်အမြင်ဖြင့် ပြီးပြည့်သော ပုဂ္ဂိုလ်များက အဆိုပြုခဲ့ကြပါသည်။

ဤသို့စစ်စစ်ချင်း၊ လူလူချင်း၊ လက်ရုံးရည်လက်ရုံးရည်ချင်း တူညီကြပါလျက် အဘယ်ကြောင့် ထွက်ပေါ်လာသည့် အနက် အဓိပ္ပာယ်ချင်း ကွဲပြားခြားနားရပါသနည်းဟု စောဒကတက်ဖွယ် အကြောင်းတစ်ရပ် ပေါ်ပေါက်လာရပါသည်။

စိန်ကဲ ကျောက်ကဲခတ်ရာတွင် တစ်ခုသော 'စံထား' သည်ရှိရ သကဲ့သို့ မည်သည့်ဖြစ်ရပ်မဟူ တစ်မူတည်းသော တရားကိုလည်း ရှိမြဲပင်ဖြစ်ပါသည်။

ဤသည်မှာ စစ်ဆိုလျှင် စစ်၏တရားကိုယ်ဖြစ်သော (The Principle of Aim) စစ်ဦးထားရှိသည့် ရည်ရွယ်ချက်သဘောပေါ် တွင်မူတည်၍ တရားသောစစ်လော၊ မတရားသောစစ်လော ဆိုသည်ကို

mgyoe.com

mgyoe.com



စောကြောအကဲဖြတ် သုံးသပ်ပေးရမည်။

လူဆိုလျှင်လည်း အများအကျိုးအတွက် မိမိကိုယ်ကျိုးကိုမည်မျှ စွန့်လွှတ်သည်၊ ဆုံးရှုံးခံသည်၊ မည်မျှမှန်မြတ်သော ရည်ရွယ်ချက်ရှိသည်၊ မိမိ၏ ဘုန်းလက်ရုံးကြောင့် လူများစု မိမိခြေဖဝါးအောက်သို့ မရောက်စေဘဲ မိမိဘုန်းလက်ရုံးကြောင့် လူအများစုလွတ်မြောက်စေမည်ဆိုသည့် သဘော မည်မျှသက်ဝင်ယုံကြည်သည်၊ ကျင့်ကြံအားထုတ်သည်ဆိုသည့် အပေါ်တွင် မူတည်၍ ကွဲပြားခြားနားသည်ဟု ဆိုမည်ဖြစ်ပါသည်။

အကျဉ်းရုံးဆိုရပါမူ...

စစ်တို့၏သဘော၌ ကျူးကျော်ရေး၊ ကျွန်ပြုရေး စစ်ပွဲများသည် ယုတ်ညံ့၏။

လူတို့သဘော၌ ကျွန်ပြုရေး၊ ကျူးကျော်ရေးစစ်ပွဲတွင် ပါဝင်ဆင်နွှဲလျှင် လူသတ်သမားမှတစ်ပါး အခြားမဖြစ်နိုင်။ လွတ်မြောက်ရေးစစ်ပွဲတွင် မိမိ၏လက်ရုံးရည်ကို အသုံးချလျှင်ကား ထိုသူသည် အာဇာနည်မှလွဲ၍ အခြားမဖြစ်နိုင်။ ယင်းကြောင့် ဤစာအုပ်ပါ သူရဲကောင်းများအပေါ် စာရှုသူများအနေဖြင့် မည်သို့သော သူရဲကောင်းများဖြစ်သည်ကို ဝေဖန်အကဲဖြတ်နိုင်စိမ့်ငှာ ကိုရီးယားစစ်ပွဲ၏ သမိုင်းနောက်ခံကားဖြစ်သည့် သမိုင်း၏ဖြစ်ရပ်တစ်ခုကို ရှုထောင့်နှစ်သွယ်မှ အကျဉ်းရုံးပြန်လည် ထင်ဟပ်ခြင်းပြုလိုက်ရပါသည်။

သူရဲကောင်းတို့၏ရည်မွန်သော စစ်စိတ်စစ်မာန်ရှိသည့်သဘော (The Principle of Morale) နှင့် စစ်၌မွန်မြတ်သော ရည်ရွယ်ချက်ထားရှိသည့်သဘော (The Principle of Aim) ဖြစ်သည့် စစ်၏တရားကိုယ်နှစ်ရပ်ကို မှန်ကန်စွာ အကဲဖြတ်နိုင်ပါစေဟု ဆန္ဒပြုရင်း ...။

ရဲဘော်ဖေသန်း

❑

mgyoe.com

mgyoe.com



## သမိုင်းရှုထောင့် ၁

ကိုရီးယားနိုင်ငံသည် အာရှတိုက်အရှေ့ဘက်ကမ်းခြေမှ ဂျပန်ပင်လယ်နှင့် ပင်လယ်ဝါအကြားသို့ ထိုးထွက်နေသော ကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။ ဂျပန်ကျွန်းမှ မိုင် ၁၁၀ ကျယ်သော ရေလက်ကြားကခြားထားသည်။ မြောက်ဘက်တွင် မန်ချူးရီးယားနှင့် ဆိုက်ဘေးရီးယားပြည်တို့ရှိကြ၏။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၈၅,၂၂၅ ရှိ၍ လူဦးရေသန်းသုံးဆယ်ကျော်မျှရှိမည်ဟု ခန့်မှန်းရသည်။

ကိုရီးယားနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ခန့်ကပင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ပြီး ဘီစီ ၁၁၂၂ ခုနှစ်တွင် တရုတ်အမတ်ကြီးကီဂျာသည် ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သည်ဟု အဆိုပြုကြလေသည်။ ထိုအချိန်မှအစပြု၍ ကိုရီးယားယဉ်ကျေးမှုတွင် တရုတ်တို့၏အယူဝါဒနှင့် ပညာရေးအတွေးအခေါ်များ သက်ဝင်လွှမ်းမိုးခဲ့သည်။ လွတ်လပ်စွာနေသော ကိုရီးယားကို အေဒီ ၁၅၉၂ တွင် ဂျပန်က လက်ရုံးအားကိုး တိုက်ခိုက်သိမ်းယူခဲ့၍ ခြောက်နှစ်တိုင်မျှ လုယက်ဖျက်ဆီးခဲ့ကြသည်။ ထိုအချိန်မှစ၍ ကိုရီးယားတို့သည် ဂျပန်တို့အပေါ်တွင် အမုန်းကြီးမုန်းခဲ့ကြသည်။ ထို့နောက် ကိုရီးယားတို့သည် အနှစ် ၂၀၀ ကျော်မျှ နိုင်ငံခြားသားတို့နှင့် အဆက်အသွယ်မပြုဘဲ

mgyoe.com

mgyoe.com



ထိးတည်းနေခဲ့ကြသည်။ သို့ရာတွင် ၁၈၇၆ ခုနှစ် ဂျပန်၏ဖိနှိပ်မှုကြောင့် ကိုရီးယားဆိပ်ကမ်းမြို့များကို နိုင်ငံခြားသင်္ဘောများဆိုက်ကပ်ရန် ဖွင့်ပေးခဲ့ကြရသည်။

ကိုရီးယားပြည်သည် တည်နေရာကောင်းသည့်အပြင် သဘာဝပစ္စည်းများလည်း ကြွယ်ဝသဖြင့် အိမ်နီးချင်းနိုင်ငံကြီးများက မျက်စိကျခဲ့ကြသည်။ တရုတ်၊ ဂျပန်နှင့် ရုရှားတို့သည် ကိုရီးယားကိုသိမ်းပိုက်လိုကြသည်။ တစ်ဦးနှင့်တစ်ဦး ရန်စောင်စစ်ပွဲများပင် ခင်းကျင်းတိုက်ခိုက်ခဲ့ကြသည်။ ၁၈၉၄ ခုနှစ်တွင် ကိုရီးယားအရေးအတွက် တရုတ်နှင့်ဂျပန်စစ်ဖြစ်ကြရာ ဂျပန်တို့က အနိုင်ရသဖြင့် ကိုရီးယားတွင် ဂျပန်သြဇာလွှမ်းမိုးလာခဲ့သည်။ တစ်ဖန် ၁၉၀၄ ခုနှစ်တွင် ကိုရီးယားအရေးမှစတင်၍ ဂျပန်နှင့်ရုရှားတို့ စစ်ဖြစ်ပွားကြပြန်ရာ ရုရှားတို့စစ်ရှုံးသဖြင့် ကိုရီးယားတွင် ရရှိထားသော ယင်းတို့၏အခွင့်အရေးများကို ဂျပန်အားပေးအပ်လိုက်ကြရသည်။ ၁၉၁၀ ပြည့်နှစ်၌မူ ဂျပန်သည် ကိုရီးယားအား ရုရှား၏ဘေးမှ စိုးရိမ်ရသည်ဟု အကြောင်းပြကာ သိမ်းပိုက်လိုက်ပြီးနောက် 'ချိုဆင်' ဟူသော ရှေးဟောင်းအမည်ဖြင့် ခေါ်တွင်စေခဲ့သည်။

ကိုရီးယားလူမျိုးတို့မှာ ဂျပန်တို့ အုပ်စိုးမှုကို လုံးဝမနှစ်သက်ခဲ့ကြသဖြင့် ပထမကမ္ဘာစစ်ပြီးချိန်မှစ၍ မျိုးချစ်စိတ်လွှန်စွာ ပြင်းပြလာခဲ့ကြသည်။ ဂျပန်အုပ်စိုးခြင်းကြောင့် ကိုရီးယားနိုင်ငံတွင် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း တိုးတက်လာခဲ့သည်ဟုဆိုရလင့်ကစား ယင်းလုပ်ငန်းများ၏ အကျိုးစီးပွားကိုမူ ကိုရီးယားပြည်သူတို့အနေဖြင့် ခံစားစံစားခွင့်ရခဲ့သည်မဟုတ်ပေ။ ရောင်းဝယ်ဖောက်ကားမှုတွင်လည်း ဂျပန်တို့ကသာလျှင် လက်ဝါးကြီးအုပ် ချုပ်ကိုင်ခဲ့ကြသည်။ အမျိုးသားစာသင်ကျောင်းများကိုပင် အားပေးခြင်းမပြုဘဲ နှိပ်ကွပ်ကလူ ပြုမူခဲ့ကြသည်။ ထိုတွင်မက ဂျပန်တို့က ယင်းတို့၏စာပေနှင့်ယဉ်ကျေးမှုတို့ကို တွင်ကျယ်စေခြင်းဖြင့် ကိုရီးယားပြည်သူတို့၏အမျိုးသားရေးအပိုင်းကဏ္ဍကို သိမ်ငယ်စေခဲ့သည်။

mgyoe.com

mgyoe.com



ထိုသို့လျှင် ဂျပန်တို့သည် ကိုရီးယားကို ၃၅ နှစ်တိုင်တိုင် ကြီးစိုးခြယ်လှယ်ခဲ့ကြပြီးနောက် ဒုတိယကမ္ဘာစစ်အပြီးတွင် လက်လွှတ်လိုက်ကြရသည်။

၁၉၄၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကိုင်ရိုကြေညာစာတမ်းအရ ကိုရီးယားအား လျော်ကန်သော အချိန်တွင် လွတ်လပ်ရေးပေးပါမည် ဆိုထားသော်လည်း ဒုတိယကမ္ဘာစစ်ပြီးသည့်တိုင် ကိုရီးယားနိုင်ငံမှာ လွတ်လပ်ခွင့်မရသေးပေ။ မြောက်ဘက်လတ္တီတွဒ်မျဉ်းကြောင်း ၃၈ ဒီဂရီ၏ မြောက်ဘက်ပိုင်းကို ရုရှားတပ်များက သိမ်းပိုက်ခဲ့ကြ၍ တောင်ဘက်ပိုင်းကို အမေရိကန်တပ်များက သိမ်းပိုက်ခဲ့ကြသည်။ ၁၉၄၈ ခု၊ ဖေဖော်ဝါရီလအတွင်း ဆိုဗီယက်ရုရှားက ယင်းတို့သိမ်းပိုက်ထားသော မြောက်ပိုင်းကို 'ကိုရီးယားပြည်သူ့ ဒီမိုကရေစီသမ္မတနိုင်ငံ' အဖြစ် ကြေညာရာ ထိုနှစ် ဩဂုတ်လတွင် အမေရိကန်သိမ်းပိုက်ထားသော တောင်ပိုင်းကိုလည်း 'ကိုရီးယားသမ္မတနိုင်ငံ' အဖြစ် ကြေညာခဲ့ကြပြန်သည်။ ဆီအောလ်မြို့မှာ ကိုရီးယားတောင်ပိုင်း၏ မြို့တော်ဖြစ်လာ၍ ဒေါက်တာ ဆင်မန်ရီးမှာ ပထမသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရလေသည်။ ထိုသို့ဖြင့် ကိုရီးယားသည် မြောက်ပိုင်း၊ တောင်ပိုင်း နိုင်ငံနှစ်ခုကွဲလျက် တိုင်းပြည်အရေးမှာလည်း ရှုပ်ထွေးပွေလီလာခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ကိုရီးယားမြောက်ပိုင်းနှင့် ကိုရီးယားတောင်ပိုင်းတို့စစ်ဖြစ်ပွားကြတော့၏။ ထို့နောက် ကုလသမဂ္ဂကော်မရှင်အဖွဲ့၏ စုံစမ်းအစီရင်ခံချက်အရ မြောက်ကိုရီးယားကို ကျူးကျော်သူအဖြစ်ဖြင့် အဆုံးအဖြတ်ပေး၍ ကုလသမဂ္ဂတပ်များသည် တောင်ကိုရီးယားဘက်မှ ဝင်ရောက်တိုက်ခိုက်ကြလေသည်။

၁၉၄၅ ခု၊ ဖေဖော်ဝါရီလလောက်က ယော်လတာမြို့၌ ကျင်းပခဲ့သော မဟာမိတ်နိုင်ငံကြီးများ၏ ညီလာခံတွင် ကိုရီးယားအရေး၌ စစ်ဆင်မှုလွယ်ကူစေရန် မြောက်ဘက်လတ္တီတွဒ်မျဉ်းကြောင်း ၃၈ ဒီဂရီ၏ မြောက်ဘက်ပိုင်းကို ဆိုဗီယက်တပ်များက သိမ်းယူရန်နှင့် တောင်ဘက်ပိုင်းကို အမေရိကန်တပ်များ သိမ်းယူရန် သဘောတူညီခဲ့ကြသည်။ ဤအစီအစဉ်မှာ သေနင်္ဂဗျူဟာနည်းအရ စစ်ဆင်မှုလွယ်ကူ

mgyoe.com

mgyoe.com



စေရန် အကြမ်းဖျင်းပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်၏။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ၌ မဟာမိတ်နိုင်ငံကြီးများ၏ အမြင်တိုမှုကြောင့် ထိုနယ်နိမိတ်အတိုင်းပင် ကိုရီးယားနိုင်ငံသည်မြောက်ပိုင်း၊ တောင်ပိုင်း နှစ်ပိုင်း ကွဲပြားလျက် ယခုတိုင်တည်ရှိခဲ့ရလေသည်။

၁၉၄၅ ခု၊ ဒီဇင်ဘာလအတွင်း မော်စကိုမြို့၌ ကျင်းပခဲ့သော နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ကိုရီးယားတောင်နှင့် မြောက်ပိုင်းကို တစည်းတလုံးတည်း ပူးပေါင်းစေ၍ နိုင်ငံကြီးလေးနိုင်ငံက ငါးနှစ်ခန့် ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ရာတွင် ဆိုဗီယက်ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ အယူအဆချင်း မတူညီမှုကြောင့် ထိုစီမံချက်မှာ ပျက်သုဉ်းခဲ့သည်။ သို့ဖြင့် ၁၉၄၈ ခု ဖေဖော်ဝါရီလတွင် မာရှယ်ကင်အီဆွန်းကြီးမှူးသော မြောက်ကိုရီးယား အစိုးရက 'ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ' ဟု တည်ထောင်လိုက်၍ ဩဂုတ်လတွင် ဒေါက်တာဆင်မန်ရီးကြီးမှူးသော တောင်ကိုရီးယား အစိုးရက 'ကိုရီးယားသမ္မတနိုင်ငံ' ဟု ကြေညာခဲ့သည်။ ထိုသူတို့ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှစ်ခုလုံး၌ပင် 'ကိုရီးယားသမ္မတနိုင်ငံ' ဆိုသည်မှာ တောင်ပိုင်းနှင့်မြောက်ပိုင်းပါဝင်သော ကိုရီးယား တစ်နိုင်ငံလုံးကို ဆိုလိုကြောင်းဖော်ပြထားခဲ့သည်။

မြောက်ကိုရီးယားအစိုးရကို ဆိုဗီယက်ရုရှားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က အသိအမှတ်ပြုပြီးလျှင် ပြည်ထောင်ချင်း စီးပွားရေးစာချုပ်များ အသီးသီးချုပ်ဆိုကြသည်။ မြောက်ပိုင်းတွင် ဆိုဗီယက် စီးပွားရေးစီမံကိန်းအရ မြေယာစနစ် ပြုပြင်ပြောင်းလဲရေးများပြုလုပ်သည့်အပြင် စက်မှုလက်မှုများကိုလည်း တည်ဆောက်ကြသည်။ တောင်ကိုရီးယားအစိုးရကိုမူ အမေရိကန်၊ အင်္ဂလန်နှင့် ချန်ကေရှိတ် ခေါင်းဆောင်သော တရုတ်အမျိုးသားအစိုးရတို့က အသိအမှတ်ပြု၍ အီးစီအေစီမံကိန်းအရ အမေရိကန်အကူအညီဖြင့် စက်မှုလက်မှုလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးကြသည်။ ဤသို့ဖြင့် တောင်ပိုင်းနှင့်မြောက်ပိုင်းတို့မှာ အပြိုင်အဆိုင် ဖြစ်နေကြလျက် နယ်ခြားဒေသဖြစ်သော လတ္တီတွဒ် ၃၈ ဒီဂရီ မျဉ်းပြိုင်အနီးတွင် ရံဖန်ရံခါ အချင်းဖြစ်ပွား

mgyoe.com

mgyoe.com



ခဲ့ကြလေသည်။

၁၉၅၀ ပြည့်နှစ် ဇွန်လ ၂၅ ရက် နံနက်အစောပိုင်းတွင် မြောက်ကိုရီးယားတပ်များသည် ၃၈ ဒီဂရီ မျဉ်းပြိုင်ကို ဖြတ်ကျော်လျက် ကိုရီးယားတောင်ပိုင်းကို စတင်တိုက်ခိုက်ရာ ဇွန်လ ၂၈ ရက်နေ့တွင် ကိုရီးယားတောင်ပိုင်းမြို့တော်ဖြစ်သော ဆီအောလ်မြို့ကျဆုံး၍ ပြင်းထန်သောတိုက်ပွဲကြီးများ ဆက်လက်ဖြစ်ပွားသည်။ ဇွန်လ ၂၅ ရက်နေ့ ညနေပိုင်းတွင် ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကိုရီးယားမြောက်ပိုင်းကို ကျူးကျော်သူအဖြစ် ကြေညာပြီးလျှင် တိုက်ခိုက်မှုအမြန်ဆုံးရပ်စဲရန်၊ မြောက်ပိုင်းစစ်တပ်များ ၃၈ ဒီဂရီမျဉ်းပြိုင်သို့ဆုတ်ခွာသွားရန်၊ ဤဆုံးဖြတ်ချက်များ အောင်မြင်သည်အထိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စွမ်းအားရှိသမျှ ကူညီကြရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်သည့်အတိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဝင်ရောက်ကူညီ တိုက်ခိုက်ပေးသဖြင့် နောက်ဆုံးတွင် ဤစစ်ပွဲကြီးမှာ မြောက်ကိုရီးယားတပ်များနှင့် ကုလသမဂ္ဂတပ်များ တိုက်ခိုက်သော စစ်ပွဲအသွင်သို့ ပြောင်းလဲလာခဲ့သည်။ မြောက်ကိုရီးယားတို့ဘက်မှလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက အပျော်တမ်းတပ်များဖြင့် ကူညီခဲ့လေသည်။

အိန္ဒိယနှင့် အာရပ်အုပ်စုနိုင်ငံများက ဤစစ်ပွဲကို အနုနည်းဖြင့် အေးငြိမ်းစေရန် အတန်တန်ကြိုးစားခဲ့ရာ ကုလသမဂ္ဂဘက်မှ ဗိုလ်ချုပ်ကြီးနမ်အီ ခေါင်းဆောင်သော ကိုယ်စားလှယ်များသည် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးကြသည်။ နောက်ဆုံး၌ နှစ်ဦးနှစ်ဖက် သဘောတူညီချက်များရရှိသဖြင့် ၁၉၅၃ ခု၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ပန်မန်ဂျုံစခန်း၌ စစ်ရပ်စဲကြောင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ထိုစာချုပ်တွင် ခေါင်းဆောင်ဆွေးနွေးသော နှစ်ဦးနှစ်ဖက်ကိုယ်စားလှယ်များအပြင် မြောက်ကိုရီးယားစစ်သေနာပတိချုပ်နှင့် ဝန်ကြီးချုပ်မာရှယ်ကင်အီဆွန်း၊ တရုတ်နီ အပျော်တမ်းတပ်သေနာပတိချုပ်၊ ထို့ပြင် ဗိုလ်ချုပ်မှူးမတ်ကလပ်တို့လည်း လက်မှတ်ရေးထိုးကြသည်။

mgyoe.com

mgyoe.com



ဤကိုရီးယားစစ်ပွဲမှာ သုံးနှစ်နှင့် တစ်လကျော်မျှ ကြာရှည်စွာ တိုက်ခိုက်ကြရသဖြင့် အိမ်ခြေတိုက်တာ အဆောက်အအုံများ၊ စက်မှု လက်မှုလုပ်ငန်းကြီးများ ပျက်စီးဆုံးရှုံးကြရသည်။ နှစ်ဦးနှစ်ဖက်မှ ထိခိုက်ကျဆုံးခဲ့သူနှင့် သုံ့ပန်းအဖြစ် အဖမ်းခံရသူပေါင်းမှာ နှစ်သန်း သုံးသိန်းကျော်မျှ ရှိပေသည်။ စစ်ပြေငြိမ်းစာချုပ်အရ နှစ်ဦးနှစ်ဖက် စစ်တပ်များသည် စစ်ကြောင်းတစ်လျှောက် မိမိတို့ရောက်ရှိနေရာမှ နောက်သို့ ၂ ကီလိုမီတာ (တစ်မိုင် ၂ ဖာလုံခန့်) ပြန်၍ဆုတ်ခွာကြရ သည်။

❑

mgyoe.com

mgyoe.com



## သမိုင်းရှုထောင့် ၂

၁၉၅၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့တွင် အမေရိကန်တို့က ကိုရီးယားဒီမိုကရေစီ သမ္မတနိုင်ငံကို ကျူးကျော်ရေးစစ်ပြုခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်တို့သည် ယင်းတို့၏ အမှတ် ၇ ရေတပ်ကြီးကို တိုင်ဝမ်ရေကြောင်း ပိုင်နက်အတွင်းသို့ ချင်းနင်းဝင်ရောက်စေခြင်းဖြင့် တရုတ်ပြည်၏ ရေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်သည့်အပြင် ရေကြောင်းဆိုင်ရာ အခွင့်အာဏာများလည်း ဆုံးရှုံးစေခဲ့ရုံမက တရုတ်ပြည်ကြီးက အကြိမ်ကြိမ် သတိပေးနေသည့်ကြားမှပင် အမေရိကန်လေယာဉ်များသည် တရုတ်ပြည်၏ လေကြောင်းပိုင်နက်များကို ကျူးကျော်ခဲ့ပြီး တရုတ်ပြည်၏ အရှေ့မြောက်နယ်စပ်ရှိ တရုတ်ပြည်သူများကို ဗုံးကြဲကာ အများအပြား သေပွဲဝင်စေခဲ့သည်။

ယင်းသို့သော အခြေအနေတွင် တရုတ်ပြည်သူများအနေဖြင့် အမေရိကန်တို့၏ ကျူးကျော်မှုကို လက်ပိုက်၍ ကြည့်မနေနိုင်တော့ပေ။ ကိုရီးယားပြည်သည် တရုတ်ပြည်၏ အခန်းချင်းကပ်နေသော အိမ်နီးချင်းနိုင်ငံဖြစ်သည်။ အမေရိကန်တို့ အပြုအမူမှာလည်း မပြေးသော် ကန်ရာရှိဆိုသည့်နှယ် မြောက်ကိုရီးယားကိုသာ ချေမှုန်းပစ်ရန်

mgyoe.com

mgyoe.com



မဟုတ်၊ အခွင့်သာလျှင်သာသလို တရုတ်ပြည်ကြီးကိုပါ တစ်ချိန်တည်း တစ်ဆက်တည်း ချေမှုန်းရန် ကြံရွယ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

တစ်နည်းဆိုရသော် နှုတ်ခမ်းပြတ်လျှင် သွားအအေးမိမည်ဆိုသည့် တရုတ်စကားပုံနှင့်အညီ ပထဝီအနေအထားအရပင် ကိုရီးယားပြည်သည် နှုတ်ခမ်းဖြစ်ပြီး တရုတ်ပြည်မှာ သွားသဖွယ်ဖြစ်နေသောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မလွဲမရှောင်သာ မိမိ၏အမွန်ရည်ဆုံးသော သားကောင်းများဖြင့် ဖွဲ့စည်းထားအပ်သည့် တရုတ်ပြည်သူ့ အပျော်တမ်းတပ်များကို ကျူးကျော်ခံညီနောင် ကိုရီးယားပြည်သို့ ရန်သူ့အစွယ်ကျိုးအောင် ပျက်ပျက်ပြုန်းချေမှုန်းရန် စေလွှတ်ခဲ့ရပါသည်။

ထိုစစ်ပွဲမှာ ၃၇ လတိုင် ရှည်ကြာခဲ့ပြီး အမေရိကန်များဘက်မှ ယင်းတို့၏ ကြည်းတပ်အင်အား သုံးပုံတစ်ပုံ၊ လေတပ်အင်အား ငါးပုံတစ်ပုံ၊ ရေတပ်အင်အား အများအပြားအသုံးပြုရုံမက နောက်မြီးဆွဲနိုင်ငံ ၁၅ နိုင်ငံ၏ အကူအညီဖြင့် တိုက်ပွဲဝင်ခဲ့ပါသည်။

ယင်းသို့ကြောက်ခမန်းလိလိ အင်အားဖြင့် ကျူးကျော်တိုက်ခိုက်လာသော ရန်သူများကို တရုတ်ပြည်သူတို့သည် အရေအတွက်ကို အရည်အချင်းအဖြစ် ကူးပြောင်းစေလျက် မိမိတို့၏ မီးကျိုးမောင်းပျက်လက်နက်ဖြင့် အောင်ပွဲရသည့်တိုင် ရှုပ်ရှုပ်ချုံချုံ ပြန်လှန်တိုက်ခိုက်ခဲ့ကြပေသည်။

ယင်းစစ်ပွဲကြောင့် အဖိုးမဖြတ်နိုင်သော သာဓကနှစ်ရပ် ကျန်ရစ်ခဲ့ပါသည်။

ပထမသာဓကမှာ မိမိနိုင်ငံသည် မည်မျှပင်သေးငယ်သည် ဖြစ်စေ၊ မိမိနိုင်ငံကို ကျူးကျော်စော်ကားလာလျှင် မိမိနိုင်ငံအတွက်၊ မိမိလူမျိုးအတွက်ဟူသော အသိကို ဦးထိပ်ပန်လျက် ပြန်လှန်ဖြိုဖျက်ပါမူ မည်မျှကြီးမားသော လက်နက်နိုင်ငံကြီးကိုဖြစ်စေ မှန်ရည်သောစစ်၏ တရားသော ရည်ရွယ်ချက်ရှိသည့် မိမိနိုင်ငံသည်သာ အောင်ပွဲရမည်ဆိုသည့်သာဓက။

mgyoe.com

mgyoe.com



ဒုတိယသာဓကမှာကား လက်နက်နိုင်ငံကြီးများက ကမ်းနဖူးတွင် အမြောက်ဆင်ရုံဖြင့် နိုင်ငံငယ်များကို ကိုလိုနီပြုနိုင်သည်ဆိုသည့်ခေတ် ကုန်ဆုံးပြီဖြစ်ကြောင်း သက်သေထူလိုက်သည့် သာဓကတို့ပင်ဖြစ်ပါသတည်း။

❑

mgyoe.com

mgyoe.com



# အောင်ပွဲရ ယန္တရားယာဉ်

ကောင်းကင်တွင် အလင်းရောင်အတွက် နေရာလပ်မရှိ၊ ကျိုးတောင်နှယ် နက်မှောင်သည့်အမှောင်သည်သာ မိုးကောင်းကင်အား ဝါးမျိုလျက်ရှိသည်။ အမှောင်၏မိတ်ဖက်ဖြစ်သော မိုးကလည်း ညအားသည်းသည်းထန်ထန် အားမာန်ဆောင်ကာ ခြိမ်းခြောက်နေသေးသည်ဖြစ်ရာ'အိုက်ဂေါချောင်' မြစ်သည်ပင် ရေလျှံ၍နေပေပြီ။

ဤမည်သော မိုးညမှာ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ပင်ဖြစ်ပါ၏။

ဤသို့နှယ် မိုးပြင်နှင့်မုန်တိုင်းတို့ မဟာမိတ်ပြုလျက် မင်းမူနေခိုက်ဝယ် မနှေး မမြန် ခပ်မှန်မှန် မောင်းနှင်နေသော တင့်ကားတစ်စီး၏ ဘီးသံများနှင့် စက်သံကိုလည်း သဲ့သဲ့မျှ ကြားနေရပေသည်။

ယင်းတင့်ကားကြီးသည် ၎င်း၏မိုးမျှော်ထားသော အမြောက်ကြီးကို တကား ကား လှုပ်ရှားလျက် သံကိုယ်ထည်ကြီးအားလည်း တဆတ်ဆတ် တုန်ခါရင်း ရွံ့နွံထဲတွင် တလူးလူးတလွန့်လွန့် ရွေ့လျားနေသည်မှာ ညအမှောင်၌ ကျက်စားသည့် ကြောက်မက်ဖွယ် တွားသွားသတ္တဝါကြီးတစ်ကောင်နှင့်သာ တူပေတော့သည်။ တင့်ကား၏ အမြောက်စင်ဆုံလည်ပေါ်မှ ဆေးဖြူရေး တင့်ကားအမှတ်စဉ် ၂၁၅ ဂဏန်းသုံးလုံးမှာမူ မိုးတိမ်ဖြူကြားဆီမှ တဝင်းဝင်း တလက်လက် ထင်းပြက်နေသော လျှပ်ရောင်များကြောင့် ထင်ထင်ရှားရှား ပေါ်လွင်လျက်ရှိပေသည်။

တစ်ဝက်တစ်ပျက်မျှ ဖွင့်လှစ်ထားသည့် တင့်ကား၏ရှေ့ကြည့်မှန်ပေါက်မှ

mgyoe.com

mgyoe.com


အလုအယက် ဝင်ရောက်လာကြသော မိုးရေစက်များသည်ကား ချွေးသီးများဖြင့် ရွှဲရွှဲစိုနေသည့် ယာဉ်မောင်းသမား 'ချန်ဝင်ကွေး' ၏ မျက်နှာပေါ်သို့ တရစပ် ပက်ဖျန်းထိပါးနေကြသည်။

သို့တစေ ယာဉ်မောင်းသမားကမူ သူ၏မျက်နှာပေါ်ဝယ် ကပ်တွယ်နေကြသော ချွေးသီးချွေးပေါက်များကိုလည်း သပ်ချခြင်းမပြု၊ တရစပ် ပက်ဖျန်းနေသော မိုးရေစက်များကိုလည်း အရေးတယူ သုတ်ဖယ်ခြင်းမပြုဘဲ ယာဉ်ထိန်းလက်ကိုင်ကိုသာလျှင် လက်နှစ်ဖက်ဖြင့် မြဲမြံစွာ ဆုပ်ကိုင်ရင်း ညာခြေဖြင့် လီဗာကို တွင်တွင်ကြီးနင်းကာ ရှေ့ကြည့်ပေါက်မှ မြင်နေရသော အမှောင်ထုထဲသို့ အာရုံစိုက်နေလေသည်။

ယာဉ်ထဲ၌ လိုက်ပါလာကြသည့် ယာဉ်အဖွဲ့သားများကလည်း မိမိတို့နှင့် နီးကပ်ရာ ချောင်းကြည့်ပေါက်များမှလည်းကောင်း၊ တင့်ကားအတွင်းရှိ မျက်ကြည့်ကိရိယာမှလည်းကောင်း ပြင်ပအမှောင်ထုထဲသို့ပင် စူးစူးစိုက်စိုက် ကြည့်ရှုနေကြသည်။

သည်နှယ် ပိန်းပိတ်နေသော အမှောင်ထုထဲဝယ် အနီးဝန်းကျင်ရှိ ပထဝီအမှတ်အသားသော်မှ မြင်နိုင်ရန် ခဲယဉ်းလျက်ရှိငြားလည်း ယာဉ်မောင်းသမား အမှူးပြုသည့် ယာဉ်အဖွဲ့ဝင်အားလုံးတို့မှာကား တောင်ကုန်းအမှတ် ၃၄၆.၆ ကိုသာလျှင် အဆောတလျင် ရှုမြင်လိုသောဆန္ဒများဖြင့် ပြင်းပြနေကြသည်။

ယင်းသို့ ယာဉ်အဖွဲ့သားများ တောင်ကုန်းအမှတ် ၃၄၆.၆ ကို အဆောတလျင် ရှုမြင်လိုသော အကြောင်းမှာကား...

တိုက်ခိုက်ရေးယာဉ်အမှတ် ၂၁၅ သည် ယခုညတွင်းချင်း ရှေ့တန်းသို့ တက်ရောက်တည်နေရာယူကာ မိမိတို့ခြေလျင်တပ်မှ ရဲဘော်များ ဆုခ်ယွန်ဒေါင်တောင် မြောက်ဘက်တောင်တန်းကို ချောမွေ့စွာ သိမ်းပိုက်နိုင်ရန်အတွက် ၎င်းကုန်းမြင့်ပေါ်တွင်ရှိသော ရန်သူ့တင့်ကား သုံးစီးကို ပစ်ခတ်ဖျက်ဆီးပစ်ရမည်ဆိုသည့် ကြီးလေးသော တာဝန်တစ်ရပ်ကို ဦးထိပ်ရွက်လာခဲ့ရခြင်းဖြစ်လေသည်။

ယခုမူ သူတို့ရောက်ရှိနေသောနေရာမှာ ရန်သူ့ရှေ့တန်းတည်နေရာများနှင့် မီတာ ၃၀၀၀ မျှသာ ကွာဝေးသည့် ရန်သူ့နယ်မြေပေါ်သို့ ချင်းနင်းဝင်ရောက် မိခဲ့ရုံမျှမက ရန်သူ့အမြောက်များ၏ ပစ်ကွင်းထဲသို့လည်း ကျူးကျူးလွန်လွန် ခြေကျွံမိခဲ့လေပြီ။

ယခုတင့်ကားမောင်းနှင်နေသော လမ်းမှာ တင့်ကားတစ်စီးတည်းပင်လျှင် ကျပ်ကျပ်တည်းတည်း မောင်းနှင်နေရသော လမ်းကလေးဖြစ်သည်။ ယင်းလမ်းကလေးကို ခြေလျင်တပ်မှ ရဲဘော်များက ရန်သူများ၏ အပစ်အခတ်ကြားမှပင် ကျောက်ခဲသစ်တုံး

mgyoe.com

mgyoe.com

များဖြင့် အရေးတကြီး ဖောက်လုပ်ခဲ့ကြရသည်။ လမ်းဖောက်လုပ်ပြီးရန်လည်း ညပေါင်း ၂၁ ညမျှ အသုံးပြုခဲ့ကြရသည်။ ယင်းသို့ လမ်းကလေးမှာ မကြာမြင့်မီကမှ ဖောက်လုပ်ပြီးစီးသွားခဲ့သည် မှန်သော်လည်း ယခုအချိန်တွင် ကားလမ်းခင်းတစ်လျှောက်လုံးမှာ ရွှံ့ညွန်အဖြစ်သို့ ပြောင်းလဲနေကာ ညီညာခြင်းအလျှင်းမရှိတော့ဘဲ အမြောက်ကျင်းကြီးများနှင့် ပြည့်နှက်နေလေတော့သည်။ ထိုတွင်မက ၎င်းအမြောက် ကျင်းကြီးများအတွင်း ၌လည်း ရက်ဆက်သည်းသည်းထန်ထန် ရွာသွန်းလျက်ရှိသော မိုးကြီးကြောင့် ရေများဝပ်လျက် ရှိနေလေသည်။

ဤသို့ ဆိုးဝါးလှသောလမ်းပေါ်၌ အကြီးစားတင့်ကားကြီးတစ်စီးကို မောင်းနှင်လာခဲ့ရသဖြင့် တင့်ကားသံမဏိချိန်းကြိုးကြီးများ နင်းချသည့် လမ်းခင်းတစ်ဖက်တစ်ချက်တွင် ထွန်ရေးငင်၍ မြေလှန်ဘိလိုက်သကဲ့သို့ ထွန်ကြောင်းကြီးနှစ်ကြောင်း ပေါ်ထွန်းလာလေရာ ပင်ကိုအရ ညီညာပြန့်ပြူးခြင်း အလျှင်းမရှိသော လမ်းကလေးအား ပို၍ပင် အကျည်းတန်စေရုံမျှမက လမ်းခင်းအောက်မှ သစ်တုံးများမှာလည်း ဖောက်ထိုးမိုးမျှော်ဖြင့် မြင်မကောင်းအောင်ပင် ဖြစ်နေလေတော့သည်။

သို့သော် မည်မျှပင် လမ်းပန်းဆိုးဝါး၍ လက်ခင်းခြေခင်း မသာယာသည်ဖြစ်စေ တင့်ကားကြီးကမူ သေရည်ကျူးနေသည့် ဘီလူးကြီးနှယ် ဒယီးဒယိုင် ယိမ်းထိုးလျက်ပင် ကြောက်ဖွယ်လိလိ ရွေ့လျားမြဲရွေ့လျားဆဲပင်ဖြစ်ပါ၏။

တင့်ကားကြီး ဒယီးဒယိုင်ဖြင့် ပြေးလွှားနေသည့်နှင့်အမျှ တပ်စုမှူးတာဝန်နှင့် တင့်ကားဦးစီးမှူးတာဝန်ကို တစ်ချိန်တည်း ထမ်းဆောင်နေရသော ယန်အာဂျူမှာလည်း တင့်ကားထဲတွင် ဘယ်ညာယိမ်းထိုး၍နေလေသည်။ သူ၏စိတ်အာရုံမှာ ထွေပြားနေရုံမျှမက လေးလံ၍လည်းနေ၏။ သူသည် တင့်ကားဦးစီးမှူးတစ်ယောက် ဖြစ်လေရကား ဤလမ်းကို ခြေလျင်တပ်သားများ ဖောက်လုပ်ခဲ့စဉ်က သူကိုယ်တိုင် ဦးဆောင်ညွှန်ကြားသူများထဲတွင် ပါဝင်ခဲ့ရသဖြင့် လမ်း၏အခြေအနေနှင့်တကွ အောက်ခြေများ မတောင့်ခိုင်ပုံကိုပါ သိထားနှင့်ပြီးဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ သူတို့သည် ဆုခ်ယွန်ဒေါင်ရှေ့တန်းသို့ ယခုည၌ပင် တက်ရောက် နေရာယူထားရမည်ဖြစ်သည်။ သို့မှသာလျှင် ကုန်းမြင့်အမှတ် ၃၄၆.၆ ပေါ်မှ ရန်သူ့တင့်ကားများကို ဖျက်ဆီးချေမှုန်းနိုင်ပေမည်။

ယင်းသို့ အပြင်းမောင်းနှင် တက်လာသည်နှင့်အမျှ ပစ်မှတ်တည်ရှိရာ အမှတ်နှင့်လည်း နီးသည်ထက် နီးကပ်လာခဲ့သည်။ သို့သော် ပစ်ကွင်းမှာ ကျယ်ပြန့်လွန်းပြီး

mgyoe.com

mgyoe.com

ပစ်မှတ်မှာမူ နီးကပ်လွန်းသည်။ ထိုတွင်မက ပစ်မှတ်တည်နေရာ အနီးပတ်ဝန်းကျင်၌လည်း သဘာဝအကာအကွယ်များ မြားမြောင်လွန်းလှပေသည်။ တစ်ဖက်တွင်မူ ဆုခ်ယွန်ဒေါင်ရှေ့တန်းသို့ ရောက်ရှိနိုင်ရန် ဆိုးဝါးလှသော နုန်းမြေတစ်ခုကို မရှောင်မလွှဲသာ ဖြတ်ကျော်ရဦးမည်ဖြစ်သည်။ ယင်းနုန်းမြေတွင်ကား ခြေကျင်းဝတ်ခန့်ရှိသော ရွှံ့ညွန်များမှာ နေရာအနှံ့ရှိနေပြီး ဤနယ်မြေတစ်ဝိုက်တွင် ရွှံ့လွတ်သည့်နေရာဟူ၍ မရှိပါချေ။

ယန်အာဂျူသည် တင့်ကားထဲတွင် ယိမ်းထိုးရင်း လိုက်ပါလာရာမှ ပြင်ပသို့ နားစွင့်လိုက်သည်။ မိုးမှာ သည်းထန်စွာ ရွာသွန်းနေဆဲပင်ဖြစ်သည်။ တင့်ကားသံကိုယ်ထည်ကြီးအား ရိုက်ခတ်ထိပါးနေသည့် မိုးပေါက်သံတို့မှာ ရှေ့တန်းစစ်မျက်နှာမှ အမြောက်စိန်ပြောင်းသံများဖြင့် ထွေးလုံးရောပြွမ်း၍နေကြသည်။

"တို့မကြာခင် အမြောက်ကျင်းကြီးတစ်ခုအနားကို ရောက်တော့မယ်ဟေ့၊ အဲဒီအမြောက်ကျင်းလွန်ရင် ယောက်ခွက်ထောင့်ချိုးကို တွေ့လိမ့်မယ်။ သတိထားပြီးသာ ဆက်မောင်းပေတော့ ရဲဘော်"

ဦးစီးမှူး ယန်အာဂျူက ယာဉ်မောင်းသမားအား လှမ်း၍ သတိပေးပြောဆိုလိုက်သည်။

"သတိထားပါ့မယ်"

ယာဉ်မောင်းသမား ချန်ဝင်ကွေးသည် ဦးစီးမှူးကို ပြန်ဖြေရင်း ရွှံ့ညွန်များကို ရှန်းနိုင်ရန် ဂီယာအကြီးကို ပြောင်းရွှေ့ထိုးလိုက်ကာ လက်ထဲမှ ယာဉ်ထိန်းတုတ်ကို ရှေ့သို့အနည်းငယ် တွန်းပို့လိုက်ပြီး အထူးသတိကြီးစွာထားလျက် ဆက်လက်မောင်းနှင်၍နေပြန်လေသည်။

ဤသို့ယာဉ်မောင်းက ယာဉ်ကိုသတိထား၍ မောင်းနှင်လိုက်စဉ်မှာပင် သူတို့ရောက်ရှိနေသော နယ်မြေပေါ်သို့ ရန်သူ့အမြောက်များက ပန်း၍ ပစ်ထားခိုက်နှင့် ကြုံကြိုက်လေရာ တင့်ကားအနီးတွင် ကပ်လျက်ပေါက်ကွဲနေသော ပေါက်ကွဲသံများမှာ မိုးရေပေါက်တို့နှင့် သူနိုင်ငါနိုင် အားပြိုင်နေသည့်အလားဟုပင် ထင်မှတ်ရပေတော့သည်။

တင့်ကားအပြင်ဘက်တွင်မူ တစ်ဦးတစ်ယောက်က သံပုံးများကို တီးခတ်နေသည့်ပမာ ဗုံးပေါက်ကွဲသံများဖြင့် ဆူညံနေသောကြောင့် တင့်ကားအဖွဲ့သားများသည် တုတ်တုတ်မျှမလှုပ်ဘဲ ပြင်ပကိုသာ ရင်တမမဖြင့် နားစွင့်နေလိုက်ကြသည်။
mgyoe.com

mgyoe.com


"တပ်စုမှူးခင်ဗျာ...၊ ဒီယောက်ခွက်ထောင့်ချိုးကို ကွေ့လို့မရတော့ဘူး"

"ဘယ်လိုဖြစ်လို့လဲ ရဲဘော်"

ယန်အာဂျူသည် မိမိလုံးဝမျှော်လင့်မထားမိသော သတင်းပို့ချက်ကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိရာမှ အရေးပေါ်သတင်းပို့လာသော ယာဉ်မောင်းရဲဘော်ကို ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ထောင့်ချိုးကို ကွေ့လို့မရဘူး"

"တင့်ကားကို ရပ်လိုက် ရပ်လိုက်၊ ငါအောက်ဆင်းပြီး လမ်းပြမယ်"

ယန်အာဂျူသည် ယာဉ်မောင်းသမားကို လှမ်း၍ အမိန့်ပေးလိုက်ပြီးနောက် အပြင်သို့ထွက်ရန် တင့်ကားအဖုံးကို ဖွင့်မည်ပြုလိုက်သည်။

"အပြင်ကိုမထွက်ပါနဲ့ တပ်စုမှူး။ အပြင်မှာ အမြောက်ဆန်တွေ တရစပ် ကျနေတယ်"

အမြောက်ကိုင်ရဲဘော်ဖြစ်သူ စူချင်ချိန်းက တပ်စုမှူးကို စိုးရိမ်တကြီး အစီရင်ခံလိုက်သည်။ တပ်စုမှူးက စူချင်ချိန်း၏ သတိပေးစကားကို မကြားသယောင်ပြုကာ တင့်ကားထက်မှ ခုန်ဆင်းလိုက်သည်။ ထောင့်ချိုးတစ်ဖက်သို့ ကွေ့မရအောင်ဖြစ်နေရသည့်အကြောင်းကား တင့်ကားသည် ထောင့်ချိုးကို ပန်း၍မကွေ့မိဘဲ ရှေ့သို့ အနည်းငယ်ကျွံ၍ မောင်းနှင်ထားမိသဖြင့် တံတောင်ဆစ်ချိုး ပြန်ကွေ့ရန် အခက်အခဲတွေ့နေခြင်းဖြစ်သည်။ ယန်အာဂျူသည် အဖြစ်မှန်ကို သိရှိလိုက်ရသည်နှင့် တင့်ကားအနီးသို့ကပ်ကာ ချောင်းကြည့်ပေါက်မှတစ်ဆင့် တင့်ကားအတွင်းသို့ လှမ်းအော်လိုက်သည်။

"နောက်ကို နည်းနည်းပြန်ဆုတ်စမ်း ဟုတ်ပြီ။ ဘယ်ဘက်ကို ၃၀ ဒီဂရီလောက် ချိုးကွေ့လိုက်။ အေး... ကောင်းပြီဟေ့။ ငါ့လက်ထဲက ရောင်ပြန်လမ်းပြ ဒိုင်ခွက်ကို တည့်တည့်ကြည့်ပြီး ဖြည်းဖြည်းမောင်းခဲ့ဟေ့"

အရပ်အမောင်းကောင်းလှသည်နှင့်အမျှ အလုံးအဖန်လည်း တောင့်တင်းလှသော ယန်အာဂျူ၏ ကိုယ်ခန္ဓာကြီးသည် ရုတ်ခြည်း စက်ဝိုင်းခြမ်းသဏ္ဍာန် ခါးကိုင်းချလိုက်ကာ မြေပြင်နှင့်မျက်နှာ ထိလုမတတ်ရှိသောအခါ ပျောက်ဆုံးသွားသော ပစ္စည်းတစ်ခုကို ရှာဖွေနေသည့်အလား အနေအထားကို အနီးကပ် လေ့လာနေလေတော့သည်။ ထို့နောက်တွင်မူ သူသည် ရေးရေးမျှ မြင်ရသောလမ်းကို တစ်လှမ်းချင်း စမ်း၍ စမ်း၍ လှမ်းခဲ့ပြီး ရှေ့သို့တိုးတက်ခဲ့ပြန်သည်။ တစ်ကြိမ်တွင်မူ သူသည် မြေပြင်ကို

mgyoe.com

mgyoe.com


ခြေတစ်ဖက်ဖြင့် ခပ်ဆတ်ဆတ် နင်းကြည့်ရင်း မြေမာရှိ၊ မရှိ စမ်းသပ်လိုက်သည်။ တစ်ကြိမ်တွင်မူ ခြေလှမ်းဖြင့် အကွာအဝေးကိုတိုင်းလျက် အမြောက်ကျင်းကြီးများ အတွင်းသို့ တင့်ကားမကျွံမိစေရန် တင့်ကားမောင်းနှင်ရမည့်လမ်းစကို မှတ်သား လိုက်ပြန်လေသည်။

သူ၏လက်ယာဘက် လက်ထဲတွင်မူ ညကြည့်လမ်းပြဒိုင်ခွက်တစ်ခုကို ကိုင်ထားလျက်ရှိပြီး ၎င်းလမ်းပြဒိုင်ခွက်မှ စိမ်းလဲ့လဲ့ မီးစုန်းရောင်လေးက အမှောင်ထုကို အန်တုထိုးဖောက်နေသည်။

"ဘယ်မှာလဲဗျ၊ ကျွန်တော် မမြင်ရဘူး"

ယာဉ်မောင်းသမား ချန်ဝင်ကွေးက လမ်းပြဒိုင်ခွက်ကိုမမြင်ရသဖြင့် လှမ်း၍ အော်ဟစ်လိုက်သည်။

"ဒီမှာဟေ့... ဒီမှာ"

ယန်အာဂျူက ပြန်လည်အော်ဟစ်ပြောဆိုလိုက်သည်။ တစ်ချိန်တည်းမှာပင် လမ်းပြဒိုင်ခွက်ပေါ်မှ မိုးရေပေါက်များကို လက်ဖြင့်သပ်ချလိုက်ပြီး အပေါ်နားဆီမှ လည်း လက်ဖဝါးအုပ်၍ ထောင်ပြလိုက်သည်။

"မြင်ရပြီလားဟေ့"

"မြင်ရပြီ မြင်ရပြီ"

ချန်ဝင်ကွေးသည် ဒိုင်ခွက်ကို ကောင်းစွာမြင်နေရပြီဖြစ်ကြောင်း ပြန်ဖြေလိုက်ပြီး သက်ပြင်းတစ်ချက်ကိုလည်း ရှိုက်သွင်းလိုက်ရင်း လမ်းပြဒိုင်ခွက်က လက်ဝဲဘက်သို့ ကွေ့ရန် ညွှန်ပြနေသဖြင့် လက်ဝဲဘက်မှ ယာဉ်ထိန်းတုတ်ကို နောက်သို့ အနည်းငယ် ဆွဲတင်လိုက်သည်။

ထို့နောက် အချက်ပြဒိုင်ခွက်က လက်ယာဘက်သို့ ညွှန်ပြနေသဖြင့် လက်ယာဘက်သို့ ချိုးကွေ့လိုက်ပြန်သည်။ ဤနည်းဖြင့် အမှတ် ၂၁၅ တင့်ကားကြီးသည် အင်္ဂလိပ်အက္ခရာ(S) သဏ္ဌာန်တည်ရှိနေသော ယောက်ခွက်ထောင့်ချိုးကို လမ်းလျှောက် သင်ခါစ ကလေးငယ်တစ်ဦးပမာ မဝံ့ရဲရဲ ရွေ့လျားလာခဲ့ရင်း တဖြည်းဖြည်းနှင့် ဖြတ်ကျော်လာခဲ့လေတော့သည်။

တင့်ကားအဖွဲ့သားများမှာမူ ဤသို့တင့်ကားကြီး ဖြည်းလေးစွာ ရွေ့လျားနေရသည်ကို ပြဿနာတစ်ရပ်ဟူ၍ မမှတ်ယူကြပေ။ ဤသို့သော အခြေအနေဆိုးမျိုးတွင် အလျင်အမြန် ရွေ့လျားနိုင်ရေးသည် အဓိကမဟုတ်ကြောင်း နားလည်ထားကြပြီးဖြစ်

mgyoe.com

mgyoe.com


သည်။ လောလောလတ်လတ် သူတို့၏ရင်ထဲဝယ် ပူပင်သောကရောက်နေသည်ကား တင့်ကားကို လမ်းညွှန်ပြနေသောတပ်စုမှူး၏ လုံခြုံရေးအတွက်ပင် ဖြစ်လေသည်။

အကြောင်းမူ တင့်ကား၏အနီးဝန်းကျင်တစ်ဝိုက်တွင် ရန်သူ့အမြောက်ဆန်များသည် မိုးသီးမိုးပေါက်ပမာ အဆက်မပြတ် ကျရောက်နေလေရာ တပ်စုမှူး၏လုံခြုံရေးမှာ အမှန်ပင် စိုးရိမ်ဖွယ် ဖြစ်နေသောကြောင့်တည်း။

"ပြန်တက်ပါတော့ တပ်စုမှူး၊ ကျွန်တော် လမ်းကို ကောင်းကောင်းမြင်ရပါပြီ"

ချန်ဝင်ကွေးက တပ်စုမှူးကို တင့်ကားပေါ်သို့ ပြန်တက်ရန် တောင်းပန်လိုက်သည်။

"ဟိုရှေ့နားက ထောင့်ချိုးကွေ့လေးရောက်အောင်တော့ ရှေ့ကို နည်းနည်းထပ်လျှောက်ဦးမယ်"

တပ်စုမှူး၏ စကားအဆုံးသတ်လိုက်သည့် တစ်ခဏတွင် တင့်ကားနှင့် မလှမ်းမကမ်းတစ်နေရာသို့ ရောင်ခြည်တန်းတစ်ခု ကျရောက်လာသည်ကို တွေ့လိုက်ကြရပြီးနောက် မရှေးမနှောင်းမှာပင် နားကွဲလုမတတ် မြည်ဟည်းလိုက်သော ပေါက်ကွဲသံကြီးတစ်ခုကိုလည်း ကြားလိုက်ရသည်။

ထို့နောက်တွင်မူ ယန်အာကျူသည် ၎င်း၏နောက်ကျောကို တစ်ဦးတစ်ယောက်က မာကျောသော အရာဝတ္ထုတစ်ခုဖြင့် ရိုက်လိုက်သည့်အလား တင့်ကားရှေ့တွင် ဝမ်းလျားထိုး လဲကျသွားလေတော့သည်။

သူသည်လဲကျနေရာမှ အံကိုကြိတ်၍ လူးလဲထလိုက်သည်။ ဤသို့ သူ့ကိုယ်ကြီးအား ခြေအစုံပေါ်တွင် ရပ်တည်နိုင်ရန်လည်း အတော်ပင် အားထုတ်လိုက်ရပါ၏။

သို့နှင့်သူသည် မိမိရရ ရပ်မိသော် တင့်ကားကိုဦးဆောင်၍ ဆက်လျှောက်ခဲ့ပြန်ပြီး ထောင့်ချိုးတစ်ကွေ့ကို ချောမောစွာ ကွေ့မိမှပင် တင့်ကားပေါ်သို့ ပြန်တက်ခဲ့တော့သည်။ တင့်ကားထဲသို့ ပြန်လည်ရောက်ရှိသည်နှင့် မီးတစ်လုံးကို ဖွင့်လိုက်၍ သူ့နောက်ကျောကို စမ်းသပ်စစ်ဆေးလိုက်ရာ သူမျှော်လင့်ထားသည့် ဒဏ်ရာအစား ရွှံ့အုံကြီးတစ်ခု တွယ်ကပ်နေသည်ကိုသာ တွေ့လိုက်ရသည်။

တင့်ကားကြီးသည် ချိန်းကြိုးသံ၊ စက်သံကြီးများဖြင့် ဆူညံစွာ အသံပြုလျက် တစိမ့်စိမ့် ရွာလျက်ရှိသော မိုးနှင့်ညအမှောင်ထုထဲသို့သာလျှင် ဆက်လက်တိုးဝင်မြဲတိုးဝင်လျက်ရှိရာ တစ်စတစ်စနှင့်ပင် တိုက်ခိုက်ရန် တည်နေရာယူရမည့်အမှတ်နှင့် နီးကပ်သည်ထက် နီးကပ်လာသည်။ စောစောပိုင်းက ရှုပ်ထွေးလေးလံနေသော တပ်စု

mgyoe.com

mgyoe.com

မှူးယန်အာဂျူ၏ စိတ်မှာ ကြည်လင်စပြုလာလေပြီ၊ သူသည် အမြောက်တာဝန်ခံအား တစ်စုံတစ်ခုကို မေးမြန်းရန် ခါးကိုကိုင်းညွှတ်လိုက်သည်။

"ရန်သူ့တင့်ကားသုံးစီး လှုပ်ရှားမှုကို မြင်ရပြီလားရဲဘော်"

"အနီရောင် အချက်ပြမီးကျည်သုံးတန်းတော့ ဆုခ်ယွန်တောင်တန်း မြောက်ဘက်ကို ကျသွားတာတွေ့လိုက်ရတယ်။ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးတပ်တွေကို ရန်သူတွေက တန်ပြန်တိုက်စစ်ဆင်ဖို့ အချက်ပေးလိုက်တာနဲ့တူတာပဲ"

အမေးခံရသော အမြောက်တာဝန်ခံ ရဲဘော်ကတပ်စုမှူးကို ပြန်ဖြေလိုက်သည်။

"အေး မနက်ဖြန်ကျရင်တော့ အဲဒီသတ္တဝါသုံးကောင်ကို သံပုံဘဝရောက်သွားအောင် ပို့လိုက်နိုင်ပါလိမ့်မယ်ကွာ၊ စိတ်သာချနေပါ"

ဤသို့တပ်စုမှူးက စိတ်ချသောလေသံဖြင့် ပြောကြားလိုက်သည်ကို အမြောက်ကိုင်ရဲဘော်ကလည်း ပြန်လှန်၍ သူ၏ယုံကြည်ချက်ကိုတင်ပြပြန်သည်။

"ကျွန်တော်တို့ဟာ ရန်သူတွေကို တိုက်ခိုက်နိုင်မယ့်နေရာကို ရောက်အောင် တက်နိုင်ရင်တော့ ရန်သူ့တင့်ကားသုံးစီးကို ကျိန်းသေဖျက်ဆီးပစ်နိုင်မယ်ဆိုတာ ကျွန်တော်လုံးဝ ယုံကြည်ပါတယ်"

ယန်အာဂျူသည် ဤသို့ဆိုလာသော အမြောက်ကိုင်ရဲဘော်ကို အားပေးစကားပြောကြားမည် ပြုလိုက်စဉ်မှာပင် တင့်ကားကြီးမှာ သွက်သွက်ခါအောင် တုန်လှုပ်သွားသဖြင့် သူ၏ကိုယ်ခန္ဓာကြီးမှာ သားရေဖုံးထိုင်ခုံပေါ်မှ လွင့်စဉ်ကျသွားမတတ် ဖြစ်သွားရတော့သည်။

"ဘာဖြစ်တာလဲဟေ့ ချန်ဝင်ကွေး"

အံ့အားသင့်နေသော ယန်အာဂျူက ထိတ်ထိတ်ပျာပျာဖြင့် ယာဉ်မောင်းသမားကို လှမ်း၍မေးလိုက်သည်။

"ဆိုးတယ်ဗျို့၊ ကျွန်တော်တို့ရဲ့ ညာဘက်မှာ အမြောက်ကျင်းကြီးတစ်ခုရှိနေတယ်"

"ဒီလိုဆို ဘယ်ဘက်ကိုကွေ့လိုက်၊ စက်ကုန်ဖွင့်ပြီးမောင်းတင်ကွာ"

ယန်အာဂျူသည် မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသော အခက်အခဲ၏ကြီးမားမှုကို ရုတ်ခြည်းသုံးသပ်လိုက်မိသဖြင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးသီးချွေးပေါက်ကြီးများ ဖြိုင်ဖြိုင်ကျဆင်းလာလေတော့သည်။

သို့နှင့် ချန်ဝင်ကွေးသည် လက်ဝဲဘက်မှ ယာဉ်ထိန်းလက်ကိုင်ကို ရှေ့သို့တွန်း

mgyoe.com

mgyoe.com

ပို့လိုက်ခြင်းဖြင့် ဂီယာအကြီးကို သွင်းလိုက်သည်။ ထိုခဏတွင်ပင် ဆူညံစွာ မြည်ဟည်းလိုက်သည့် စက်သံကြီးကို နားကွဲလုမတတ် ကြားလိုက်ရပြီး တင့်ကားကြီးလည်း ရှေ့သို့ ပေအနည်းငယ်မျှ ခုန်တက်သွားလေတော့သည်။

သို့သော် တင့်ကားကြီး ရှေ့သို့ခုန်တက်သွားသည်မှာ ခဏတာမျှသာဖြစ်ပြီး ချက်ချင်းဆိုသလိုမှာပင် မူလနေရာသို့ ပြန်လည်လျှောကျသွားပြန်ကာ တင့်ကားကိုယ်ထည်ကြီးသည်လည်း စက္ကန့်အနည်းငယ်မျှ တုန်နေရင်းမှ လုံးဝငြိမ်သက်သွားလေတော့သည်။ ဤသို့ဖြင့် တိုက်ခိုက်ရေးသံချပ်ကာကားအမှတ် ၂၁၅ သည် ရှေ့သို့မတက်နိုင်သကဲ့သို့ နောက်သို့လည်း ပြန်မဆုတ်နိုင်သော အကျဉ်းအကျပ်ထဲသို့ ကျရောက်သွားခဲ့ရလေတော့သည်။

ထိုအခါ ယာဉ်အဖွဲ့သားများသည် မတိုးသာမဆုတ်သာ ဖြစ်နေသည့် တင့်ကားကြီးပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ဆင်းသက်ခဲ့ကြသည်။

ယန်အာဂျူသည် မြေပြင်ပေါ်သို့ ခြေချမိသည်နှင့် လက်နှိပ်ဓာတ်မီးကို ပြင်ပသို့ မထွက်စေရန် လက်ကိုင်ပဝါတစ်ထည်ဖြင့် ဂရုတစိုက် ဖုံးအုပ်လိုက်ပြီး တင့်ကားချိန်းကြိုးများပေါ် ထိုးကြည့်လိုက်ရာ မမျှော်လင့်ဘဲတွေ့ရသော အခြင်းအရာကြောင့် တုန်လှုပ်သွားရလေတော့သည်။ ထိုမျှသာမက သူသည် စကားတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ မှင်တက်မိသွားရလေတော့သည်။

တင့်ကား၏ ချိန်းကြိုးကြီးများတပ်ထားသော ဘီးများသည် လူကြီးပခုံးအလျားနှစ်ပြန်ခန့်အဝန်းရှိသည့် အမြောက်ဆန်ကျင်းကြီးတစ်ခုအတွင်းသို့ ကျွံဝင်နေပြီး ချိန်းကြိုးများပေါ်မှ ရွှံ့ကာများပင်လျှင် အောက်ခြေနှင့် တစ်ပြေးတည်းဖြစ်နေလေပြီ။

ယန်အာဂျူသည် တင့်ကား၏ ပတ်ပတ်လည်မှ မြေအနေအထားကို စစ်ဆေးလိုက်သည်။ တင့်ကားနံဘေးတွင် တောင်ကမူကလေးများ နေရာအနှံ့အပြားရှိနေကြပြီး တင့်ကား၏ လက်ဝဲဘက်တစ်လျှောက်တွင်မူ ကုန်းမြင့်များ၊ ဆင်ခြေလျှောများဖြင့် အတိပြီးလျက်ရှိကာ လက်ယာဘက်၌ကား ရေကန်ငယ်တစ်ခုရှိလေသည်။ ထိုရေကန်ဘေးတွင်လည်း အမြောက်ဆန်ထိမှန်ထားသဖြင့် ထက်ပိုင်းပြတ်နေသော သစ်ကြားပင်ငုတ်တိုတစ်ခုက မားမားမတ်မတ် ရပ်တည်နေလေသည်။

ယန်အာဂျူသည် ဤသို့နှယ် သုံးသပ်မိသမျှကို စုပေါင်း၍ အဖြေထုတ်လိုက်သောအခါ သူတို့ရောက်ရှိနေသော နေရာမှာ ရန်သူကိုတိုက်ခိုက်ရမည့်နေရာနှင့် မီတာ ၁၀၀ ခန့်မျှသာ ကွာဝေးတော့ကြောင်းကို ချက်ချင်း နားလည်လိုက်လေတော့သည်။
mgyoe.com

mgyoe.com


"အခြေအနေကတော့ တော်တော့်ကိုဆိုးဝါးနေတာပဲ။ ငါတို့ ဦးတည်တဲ့အမှတ်ကို ရောက်ခါနီးမှ ဒီလိုဖြစ်ရလေခြင်းကွာ"

ဤသို့လျှင် ယန်အာဂျူသည် မကျေမချမ်းဖြင့် စိတ်ထဲမှ ရေရွတ်လိုက်မိပြီး တစ်ဆက်တည်းမှာပင် . . .

"တင့်ကားတစ်စီးတောင်မှ အနိုင်နိုင်သွားရတဲ့လမ်းပေါ်ကို ဘယ်နည်းနဲ့မှ ထရက်တာ မောင်းဝင်လာနိုင်မှာမဟုတ်ဘူး။ ငါတို့တင့်ကားကြီးရဲ့ အလေးဒဏ်ကြောင့် လမ်းလည်း လုံးဝပျက်စီးလုမတတ်ဖြစ်နေပြီ။ ငါတို့ရဲ့ဒုက္ခကို တခြားတင့်ကားတစ်စီးကလည်း လာပြီးကယ်တင်နိုင်မှာ မဟုတ်တော့ဘူး။ အဲဒီတော့ ငါဘာလုပ်ရမလဲ" ဟူ၍တွေးတောရင်း သူ့ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးလိုက်သည်။

"တခြားနည်းလမ်းတော့ မရှိဘူး ရဲဘော်တို့...၊ တင့်ကားကို ကယ်တင်နိုင်ဖို့အကြောင်းကိုတွေးနေရင် အချိန်ကုန်ရုံပဲရှိမယ်"

ယန်အာဂျူသည် သူ၏မည်းမှောင်ထူထဲလှသော မျက်ခုံးအစုံကို ပင့်တင်လိုက်ရင်း သူ့ရဲဘော်များအား သတိပေးလိုက်သည်။

မိုးမှာလည်း စဲစပြုလာပြီဖြစ်သည်။ သူသည် အနီးရှိ ရဲဘော်များကိုချက်ချင်းစုဝေးလိုက်ပြီး လုပ်ကိုင်ရမည့် လုပ်ငန်းတာဝန်တို့ကို စနစ်တကျ ခွဲဝေပေးလိုက်သည်။ ၎င်းတို့ ပထမဦးဆုံးလုပ်ရမည့်အလုပ်မှာ ရန်သူအမြောက်ဆန်များကျနေရာ အနီး၌ ကတုတ်ကျင်းများတူးရန်ပင်ဖြစ်သည်။

ထို့နောက် သူတို့သည် တင့်ကားအောက်တွင် သစ်တုံးကိုခင်း၍လည်းကောင်း၊ ရွှံ့စေးများကို ဂေါ်ပြားများဖြင့် ကော်ထုတ်၍လည်းကောင်း အလုပ်ကိုစတင်လုပ်ကြလေသည်။ သို့သော် ရွှံ့စေးများမှာ စေးထိုင်းလွန်းရကား ဂေါ်ပြားပေါ်တွင် ကပ်ပါလာသော ရွှံ့စေးတို့ကို ပြန်ပက်ထုတ်၍ မရနိုင်လောက်အောင် အခက်အခဲ တွေ့နေရပြန်သောကြောင့် ဂေါ်ပြားအသုံးပြုခြင်းကို ရပ်ဆိုင်းလိုက်ကြရကာ လက်ဖြင့်ပင် ရွှံ့စေးများကို ယက်နေကြရလေသည်။

သို့နှင့် သန်းခေါင်ယံသို့ပင် တိုင်ခဲ့သည်။ သို့တစေ တင့်ကားကယ်တင်ရေးလုပ်ငန်းမှာကား အောင်မြင်မည့် အရိပ်နိမိတ်မျှပင် မမြင်ရသေးပေ။ ယန်အာဂျူသည် လုပ်ဆဲအလုပ်ကို ခေတ္တရပ်ကာ မျက်မှောက်အခြေအနေကို သုံးသပ်ပြန်သည်။ တင့်ကားကယ်တင်ရေးမှာ မျှော်လင့်ချက်မရှိသလောက် ခက်ခဲနေပေပြီ။ တင့်ကားအနီးတစ်ဝိုက်၌လည်း မြေပြန့်ဖြစ်၍ သဘာဝအကာအကွယ်မဲ့လျက် ရှိနေပြန်ချေ

mgyoe.com

mgyoe.com


သည်။

တင့်ကားနွံနစ်နေသော နေရာမှာ အမှတ် ၃၄၆.၆ တောင်ထွတ်နှင့်မီတာ ၂၄၀၀ မျှသာ ကွာဝေးသည်ဖြစ်ရာ နေ့အချိန်၌ တင့်ကားအား တောင်ထွတ်ပေါ်မှ လှမ်း၍ ကောင်းစွာမြင်နေရပေတော့မည်။ ဤသို့ မိမိတို့တင့်ကားကို ရန်သူတို့မြင်သွားလျှင် မလွဲဧကန် သံပုံဘဝသို့ ရောက်ရပေတော့မည်။ သို့ဖြစ်ရာ မိမိတို့အဖွဲ့အား အထက်မှ အပ်နှင်းလိုက်သည့် တာဝန်ကိုလည်း မိမိတို့အနေဖြင့် ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် လမ်းစမမြင်ပြီ။

သည်နှယ် ယန်အာဂျူသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးသည်နှင့် တင့်ကားပေါ်သို့ ခုန်တက်လိုက်ကာ ဌာနချုပ်နှင့်ဆက်သွယ်ရန် ကြိုးမဲ့ကြေးနန်းစက်ကို ကောက်ကိုင်လိုက်သည်။

"ပီကင်း... ပီကင်း တီအင်ဆင်ခေါ်နေတယ်... တီအင်ဆင်ခေါ်နေတယ်။ တည်ရာအမှတ် ၅ မှာ ကျွန်တော်တို့ တင့်ကားနွံနစ်နေပြီ"

တင့်ကားနွံနစ်နေပြီဖြစ်ကြောင်း သတင်းပို့နေသဖြင့် ယန်အာဂျူမျက်နှာမှာ ရှက်သွေးဖြာလျက်ရှိသည်။ ချက်ချင်းဆိုသလိုမှာပင် ဌာနချုပ်တာဝန်ခံ တပ်မှူး၏အသံဝါကြီးသည် သတင်းလက်ခံသော နားခွက်အတွင်းမှ ပီပီသသကြီးပေါ်လာပေသည်။

"တီအင်ဆင်... တီအင်ဆင် ပီကင်းခေါ်နေတယ်။ မေးခွန်းကိုဖြေပါ မင်း တင့်ကားပေါ်က အမြောက်ကိုအသုံးပြုလို့ရသလား၊ တင့်ကားပေါ်က လက်နက်တွေ အသုံးပြုလို့ရသလားဖြေပါ"

"ရပါတယ် ရပါတယ်"

ယန်အာဂျူက စကားပြောခွက်အတွင်း ပြန်၍အော်ဟစ်လိုက်သည်။ သူ့အသံမှာ စိတ်ညစ်ညူးနေရာမှ အနည်းငယ်သက်သာခွင့် ရသွားသူတစ်ယောက်၏ အသံပင်။

"တီအင်ဆင်... တီအင်ဆင် ချက်ချင်းရပ်ဖျက်မှု ပြုလုပ်လိုက်ပါ။ နောက်ထပ် အမိန့်သစ်စောင့် ဒါပဲ"

"ကောင်းပြီ ကောင်းပြီ၊ ချက်ချင်းလိုက်နာပါ့မယ်"

ယန်အာဂျူသည် သတင်းလက်ခံပြီးလျှင် ပြီးချင်းပင် တင့်ကားထက်မှ ခုန်ဆင်းလိုက်ပြီး တင့်ကားအဖွဲ့သားများအား အမိန့်ပေးလိုက်သည်။

"တင့်ကားကြီးကို ခုချက်ချင်း ရပ်ဖျက်လိုက်ကြ ရဲဘော်တို့"

တင့်ကားအောက်တွင် ရွှံ့စေးများကို ကော်ထုတ်နေကြသော ရဲဘော်များသည်

mgyoe.com

mgyoe.com


ယန်အာဂျူ၏အမိန့်ကို ချက်ချင်းလိုက်နာကြကာ တင့်ကားကိုယ်ထည်ကြီးအား ရွှံ့ရေများဖြင့် ပက်သူက ပက်ပြီး အမြောက်ပြောင်းကြီးကိုလည်း ရွှံ့ဝါများဖြင့် သုတ်လိမ်းသူက သုတ်လိမ်းကြသည်။

ဆူရှိတေးကမူ အနီးရှိတောင်ကမ်းပါးယံအောက်ခြေမှ သစ်ကိုင်းအချို့နှင့် ကြိမ်ပင်အချို့ကို ခုတ်ယူခဲ့ပြီး တင့်ကားပတ်ပတ်လည်တွင် စိုက်ထူလိုက်သည်။ ထို့နောက် ရန်သူ့အမြောက်ဆန်များအနီးသို့ ကျလာလျှင် လေဟပ်ပြီး မပြိုပျက်စေရန် တင့်ကားတွင် ကပ်လျက်စိုက်ထူထားသော သစ်ကိုင်းများကို ကြိုးဖြင့် ချည်နှောင်လိုက်ပြန်လေသည်။ စူချီချိန်းကလည်း ရုပ်ဖျက်ထားသောတင့်ကားကို တောင်ကမူတစ်ခုနှင့်ခွဲခြား၍ မရစေရန် မိုးမျှော်ထားသော အမြောက်ကိုလှဲချကာ တောင်ကမူတစ်ခုပေါ်တွင် သစ်တုံးတစ်တုံး လဲကျနေလေဟန် ဖန်တီးလိုက်ပြန်လေသည်။

လုပ်စရာရှိသော လုပ်ငန်းအဝဝပြီးသွားသည်နှင့် တင့်ကားအဖွဲ့သားတို့သည်လည်း တင့်ကားကယ်တင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေစဉ်အတွင်းက တူးခဲ့သော ကတုတ်ကျင်းများအနီးမှ မြေစေးများကို ဂေါ်ပြားနှင့် လိုက်ညှိလိုက်ပြီး အနီးမှ ဆင်ငိုမြက်များကိုနုတ်၍ ရုပ်ဖျက်လိုသောအရာများနှင့် ခြေရာလက်ရာဖျက်လိုသော နေရာများတွင် ပြန်စိုက်လိုက်ကြပြီး တစ်ညတာအတွက် လုပ်ငန်းကို လက်စသိမ်းလိုက်ကြသည်။

ကောင်းကင်တစ်ခွင်ဝယ် ရောင်နီပင် သန်းစပြုနေချေပြီ။

ယန်အာဂျူသည် သူ့အဖွဲ့သားများအား တင့်ကားထဲသို့ပြန်ဝင်၍ အနားယူရန် အမိန့်ပေးလိုက်သည်။ တင့်ကားအပြင်ဘက်တွင်မူ ဆုခ်ယွန်ဒေါင်တောင်တန်း၏ မြောက်ဘက်ပိုင်းမှ ပျံ့လွင့်လာသော အမြောက်သံများကို နားမခံသာအောင် ကြားနေရသည်သာမက မရပ်မနား ရွာသွန်းနေသော မိုးပေါက်သံများကိုလည်း ငြီးငွေ့ဖွယ် ကြားနေရလေသည်။

အမှောင်မပီ အလင်းမမည်သော အရုဏ်ဦးကို လွန်မြောက်ပြီးနောက် နေ့သစ်တစ်နေ့အဖြစ် ဖွားသန့်စင်ခဲ့လေသည်တွင် ရွှေဝါရောင်နေခြည်တန်းကလေးများသည် အမှောင်လွှမ်းလျက်ရှိသော တင့်ကားအတွင်းသို့ စက်သေနတ်အပေါက်များမှ တန်းတန်းမတ်မတ် ပြေးဝင်လာကြသည်။ သို့နှယ် မှောင်နှင့်မည်းမည်းရှိနေရာမှ ရုတ်ခြည်း လင်းချင်းသွားသဖြင့် တထိတ်တလန့်ဖြစ်သွားမိရှာသော ကြိုးမဲ့ကြေးနန်းစက်သမား ဆူရှိတေးသည် အိပ်ငွေ့သန်းနေသည့် မျက်လုံးအစုံကို ရုတ်တရက် မဖွင့်နိုင်ရှာသေးဘဲ

mgyoe.com

mgyoe.com


ရှိနေရာ တစ်ခဏမျှကြာသောအခါ အနီးမှ ရဲဘော်များကို ကြည့်ရှုစစ်ဆေးလိုက်သည်တွင် တပ်စုမှူးနှင့် ချန်ဝင်ကွေးတို့နှစ်ယောက်လုံး တင့်ကားပေါ်မှ ပျောက်ခြင်းမလှပျောက်ကွယ်နေကြောင်းကို သတိပြုမိလာတော့သည်။

သို့နှင့်ဆူရှီတေးသည် ပျောက်နေသော တပ်စုမှူးနှင့်ချန်ဝင်ကွေးတို့ နှစ်ဦးသည် တင့်ကားကယ်တင်ရေး ကြိုးပမ်းနေကြပြန်ပြီလောဟူသော အတွေးဖြင့် ချောင်းကြည့်ပေါက်တစ်ခုကိုဖွင့်ပြီး အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။

သူထင်သည့်အတိုင်းပင် တပ်စုမှူးနှင့် ချန်ဝင်ကွေးတို့နှစ်ယောက်အား တင့်ကားချိန်းကြိုးကြီးများ အနီးတွင် တကုန်းကုန်းနှင့် အလုပ်များလုပ်နေသည်ကို တွေ့လိုက်ရသည်။

"မဆင်းခဲ့နဲ့၊ ဌာနချုပ်က သတင်းကိုသာ ဂရုတစိုက်နားထောင်နေပါ ရဲဘော်"

ဤသို့ချောင်းကြည့်ပေါက်ကို ဖွင့်ကာ ခေါင်းပြူကြည့်လာသော ဆူရှီတေးအား တပ်စုမှူးက တင့်ကားအောက်မှ လှမ်း၍အော်လိုက်သည်။

ယင်းအသံကြောင့် ယမ်းတောင့်သေတ္တာများကို မှီအိပ်နေကြသော စူချင်ချိန်းနှင့် စိယန်ရှန်တို့မှာလည်း အိပ်မောကျနေရာမှ လန့်ဖျပ်နိုးလာကြတော့သည်။

"ဘာဖြစ်တာလဲဟေ့"

စူချင်ချိန်းက ဆူရှီတေးကို လှမ်းမေးသည်။

"ဘာမှမဖြစ်ပါဘူး"

ဆူရှီတေးက တိုးတိုးရေရွတ်ရင်း ဆက်၍ ညည်းညူလေသည်။

"တပ်စုမှူးနဲ့ ချန်ဝင်ကွေးတို့နှစ်ယောက်စလုံးဟာ ဖျားနေကြတယ်။ ဒါပေမဲ့ သူတို့ဘာသာသူတို့ တင့်ကားကို ကယ်တင်နိုင်အောင် အားထုတ်နေကြတယ်။ အင်း... တင့်ကားနဲ့တာဝန်ဆိုတာကိုပဲ သူတို့စိတ်ထဲမှာ အမြဲတမ်း နှလုံးသွင်းနေကြတယ်။ တို့အပြစ်ပါကွာ၊ တို့က ကျောမချလိုက်နဲ့ ကျောချလိုက်တာနဲ့ အိပ်ပျော်သွားတော့တာပဲ"

မှန်သည်။ ယန်အာဂျူသည် သံမဏိလောက် မာကျောသူဟူ၍ပင် တပ်မဟာနိုင်ငံရေးမှူးဆီက နှုတ်ဖြင့် ထုတ်ဖော်ချီးမွမ်းခြင်းခံရသူဖြစ်ပြီး တပ်သားကျော်တစ်ယောက်အဖြစ်လည်း တပ်မဟာတွင် သတင်းမွှေးနေသူဖြစ်သည်။ သူသည် မည်မျှစွန့်စားရသော တာဝန်ကိုဖြစ်စေ ဦးလည်မသုန် ထမ်းရွက်တတ်သကဲ့သို့ မည်သည့်အခက်အခဲမျိုးကိုပင်ဖြစ်စေ ရင်ဆိုင်ရန် ဦးမလေးတတ်သူလည်းဖြစ်သည်။ ၎င်းအရည်အချင်း

mgyoe.com

mgyoe.com


များကိုလည်း အထူးသဖြင့် တိုက်ပွဲတွင်း၌သာ ပြသတတ်သည်။

၁၉၄၇ ခုနှစ်ကဖြစ်သည်။ ရှန်တောင်ပြည်နယ်အတွင်းရှိ မင်ဂရီယံခိုင်မြို့တွင် ဆင်နွှဲခဲ့သော တိုက်ပွဲတွင် သူသည် ကူမင်တန် ဓားပြတပ်များ ဝိုင်းရံထားသည့်ကြားမှ ပင် ဒဏ်ရာရနေသော ရဲဘော်များကို လုံခြုံသည့်နေရာသို့ အဖော်မပါ တစ်ကိုယ်တည်း ပြောင်းပေးခဲ့ပြီး ရန်သူများအကြားမှ ပြန်အထွက်တွင် ရန်သူ့စက်သေနတ်စခန်းတစ်ခု ကို တစ်ယောက်တည်းဝင်စီးခဲ့လျက် စက်သေနတ်ကြီးတစ်လက်ကို ထမ်းပိုးထုတ်ယူခဲ့ သူဖြစ်ပေသည်။

ထို့နောက် ၁၉၅၃ ခုနှစ် မတ်လအတွင်းကလည်း တင့်ကားအမှတ် ၂၁၇ ကို ဦးစီး၍ တိုက်ပွဲဝင်ခဲ့ပြန်ရာ ရန်သူ၏သံချပ်ကာကား အတော်များများကို ချေမှုန်းခဲ့ပြီး ရန်သူ၏ ကတုတ်ကျင်းတစ်ဒါဇင်ခန့်ကိုလည်း ဖျက်ဆီးခဲ့သည့်အပြင် သူ့တင့်ကား အဖွဲ့သားအားလုံးအတွက် သူရဲကောင်းဒုတိယဆင့်ဆု ဘွဲ့များကို ဆွတ်ခူးပေးခဲ့သည်။

မကြာမြင့်မီ ရက်အနည်းငယ်အတွင်းကလည်း သူသည် ခြေအစုံတွင် ပေါက်နေ သော အနာများဖြင့်ပင် ခြေလျင်တပ်မှ ရဲဘော်များ ဤလမ်းငယ်ကို ဖောက်လုပ်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ကူညီခဲ့သည်။ ထို့နောက် အနားမယူဘဲ သူ့တပ်စုကို ထုတ်ကာ ညကင်းလှည့်ရန် တာဝန်ယူသဖြင့် ခြေထောက်မှအနာများတွင် ပြည်များ တည်လာကာ ခြေနှစ်ဖက်စလုံး ရောင်ကိုင်းလာလေတော့သည်။

သို့စဉ်လျက် သူကား အလျှော့ပေးသေးသည်မဟုတ်ဘဲ သက်ဆိုင်ရာတပ်မှူးကို အတင်းအကျပ်ပြောဆို၍ တင့်ကားအမှတ် ၂၁၅ ကိုဦးစီးကာ တိုက်ပွဲဆင်းခဲ့ပြန်လေ သည်။ သို့တိုက်ပွဲဆင်းခဲ့ရသည်မှာလည်း သူ့အား လူမမာတစ်ယောက်ပမာ တာဝန် တစ်ရပ်အနေဖြင့် ပြုစုနေကြသော ရဲဘော်များကို ဒုက္ခငြိမ်းစေလို၍ပင်ဖြစ်သည်။ တိုက် ပွဲဆင်းခဲ့ရာတွင် လမ်းလျှောက်တိုင်း နာကျင်ခြင်းကြီးစွာ ခံစားနေရသော သူ့ဝေဒနာကို သူ့ရဲဘော်များရိပ်စားမိမည်စိုးသဖြင့် တတ်နိုင်သမျှ ခြေထောက်များကို ညှာတာခြင်း မပြုဘဲ လူကောင်းပကတိကဲ့သို့ပင် လျှောက်ပြတတ်သည်။

သို့ဖြစ်ရာ တပ်စုမှူး၏ အကြောင်းစုံကို သိထားပြီးဖြစ်သော စူချင်ချိန်းသည် တင့်ကားပေါ်တွင် စိတ်အေးလက်အေး အနားယူမိသည်ကိုပင် သူ့ကိုယ်သူ အပြစ်တင် နေမိပြီး တင့်ကားချိန်းကြိုးကြီးများအောက်သို့ ခဲလုံးများထုနှက်၍ သွင်းနေကြသော တပ်စုမှူးနှင့် ချန်ဝင်ကွေးတို့အပါအဝင် လမ်းဖောက်ရဲဘော်လေးယောက်တို့ ရှိရာသို့ ခုန်ဆင်းခဲ့လေတော့သည်။

mgyoe.com

mgyoe.com


တင့်ကားကယ်တင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းနေကြသော တပ်စုမှူး ခေါင်းဆောင်သည့် ရဲဘော်တစ်စုတွင် အချို့မှာ ရွံ့ညွှန်များဖြင့် အလိမ်းလိမ်းဖြစ်နေကြပြီး အချို့မှာလည်း အနီးပတ်ဝန်းကျင်ရှိ ကျောက်ကမူများကို ရန်သူ့အမြောက်ဆန်များထိမှန်သဖြင့် ကျောက်စကျောက်နများ လွင့်စဉ်ရာမှ ရသောဒဏ်ရာများဖြင့် သွေးချင်းချင်းရဲနေတော့သည်။ ရေကန်ငယ်ထဲ၌လည်း တုန်ရီသော လက်အစုံဖြင့် ကျောက်ခဲများကို တင့်ကားချိန်းကြိုးအောက်သို့ သွင်းနေသော ချန်ဝင်ကွေးအား သနားစဖွယ်တွေ့လိုက်ပြန်သည်။

ဤတွင်စုချင်ချိန်းသည် ရေကန်ထဲသို့ လေးဖက်တွားလျက် ဆင်းခဲ့ပြီး ချန်ဝင်ကွေးအား ကရုဏာသံဖြင့် မေးလိုက်သည်။

"အဖျားတက်နေပြန်ပြီလား ရဲဘော်ချန်ဝင်ကွေး...၊ တင့်ကားပေါ်သွားနေပါ။ ဒီအလုပ်တွေကို ကျွန်တော်ဆက်လုပ်ပါ့မယ်"

ဤကား ချန်ဝင်ကွေးပေးလာသော အဖြေပင်ဖြစ်ပါ၏။ ကျန်းမာစဉ်က ဖိုးလမင်းကြီးနှယ် ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဖြိုးဖြိုးရှိဖူးသော ချန်ဝင်ကွေး၏ မျက်နှာမှာ ယခုသော် ပါးနှစ်ဖက် ချိုင့်ဝင်လျက်ရှိသည်သာမက အသားအရေပင် ဝါကြန့်ကြန့်ဖြစ်နေချေပြီ။ ထို့ပြင် မျက်ကွင်းဟောက်ပက်ကြီးများဖြင့် လူမမာရုပ်ပေါက်နေရုံမျှမက ဝေဒနာတစ်ခုကို နာကျင်ခြင်းကြီးစွာ ခံစားနေရသည့် အမူအရာမျိုးကိုပင် သူ့မျက်နှာပေါ်တွင် ထင်ရှားစွာ မြင်နေရပေပြီ။

သို့တစေ သူသည် လုပ်ဆဲအလုပ်ကို ရပ်ပစ်ရန် ငြင်းဆန်နေပြီး အနားယူရန်တောင်းပန်နေသည့် စုချင်ချိန်းကိုပင် အသံနိမ့်၍ ဆိုနေချေသေးတော့သည်။

"တိုးတိုးပြောစမ်းပါ ရဲဘော်ရာ၊ တပ်စုမှူးကြားသွားပါ့မယ်။ ရဲဘော်စဉ်းစားကြည့်လေဗျာ၊ ကျုပ်တို့ တင့်ကားညွှန်နစ်နေတုန်း ကျုပ် ဘယ်လိုလုပ်ပြီး အိပ်နေနိုင်ပါ့မလဲ။ ရောဂါဆိုးလာကာမှ ဆိုးရော မတတ်နိုင်တော့ဘူးဗျာ"

"ခင်ဗျား အနားမယူချင်ရင်လည်း ယူရမယ်ဗျာ"

စုချင်ချိန်းက နှစ်ကိုယ်ကြားပြောဆိုလိုက်ပြီး ဆက်လက်၍ တပ်စုမှူးကြားလောက်အောင် တမင် အသံကိုမြှင့်လိုက်ပြန်သည်။

"ခင်ဗျား ဖျားနေမှန်းလည်း ခင်ဗျားသိသားနဲ့ဗျာ...၊ အလကား ခေါင်းမာနေတယ်"

စုချင်ချိန်း၏ ပြောဆိုသံကို ကြားလိုက်ရသော တပ်စုမှူးသည် တင့်ကားအောက်

mgyoe.com

mgyoe.com


တွင် ကိုယ်တစ်ပိုင်းဝင်၍ ခဲများကို ချိန်းကြိုးအောက်သို့ ထိုးသွင်းနေရာမှ ချက်ချင်း လှူးလဲထလာကာ ချန်ဝင်ကွေးအား အသံမာမာဖြင့် လှမ်း၍အမိန့်ပေးလေတော့သည်။

"ခုချက်ချင်း တင့်ကားထဲကိုဝင်နေစမ်း ချန်ဝင်ကွေး၊ တင့်ကား အဖိုးတန်တာ တော့ မှန်တယ်ကွ၊ ဒါပေမဲ့ လူကပိုပြီးအဖိုးတန်တယ်။ အေး... နောက်ပြီး ယာဉ်မောင်း သမားမရှိရင်လည်း တင့်ကားကို ရွေ့လျားလို့ရမှာမဟုတ်ဘူးဆိုတာ သတိထားစမ်းပါ ရဲဘော်"

အမိန့်ပေးခံလိုက်ရသော ချန်ဝင်ကွေးသည် စူချင်ချိန်းအား မကျေမချမ်းသော အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့အကြည့်မှာ 'ပုစွန်ကျစ်စာခဲကို မြင်းမိုရ်တောင်ဖြစ်အောင် ပုံကြီးချဲ့လွန်းရန်ကော' ဆိုသည့် အကြည့်ပင်တည်း။

မည်သို့ပင်ဖြစ်စေ ချန်ဝင်ကွေးသည် တပ်စုမှူး၏အမိန့်ကို မလွန်ဆန်နိုင်သည့် အတိုင်း တင့်ကားပေါ်သို့ မတက်ချင်တက်ချင် လှမ်းတက်ခဲ့ရသည်။ ပြီး ထိုင်ခုံပေါ်တွင် ဝင်ရောက်ထိုင်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ဆူရှီတေးက ထိုင်နေမည့်အစား လဲလျောင်း နေရန် တိုက်တွန်းလိုက်ပြန်လေသည်။

"ခဏလောက် နားနေပါ ရဲဘော်၊ ရဲဘော်ရဲ့ အဖျားက တော်တော်ဆိုးနေပုံရပါ တယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ထိုင်နေလိုက်ရင်ပဲ သက်သာလှပါပြီ"

ပြန်ဖြေလိုက်သော ချန်ဝင်ကွေး၏အသံမှာ တုန်ယင်၍ပင်နေပေပြီ။ ဤသို့ စကားတစ်လုံးစနှစ်လုံးစ ပြန်ပြောနိုင်ရန်ပင် အတန်ငယ်ကြိုးစားလိုက်ရဟန်တူသည်။

ထို့နောက် သူသည် အချမ်းလုံစိမ့်သောဂှာ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ယှက်တင်နေလိုက်ရင်းမှ ရှေ့မှောက်တွင်ရှိသော ဆူရှီတေးအား စကားစလိုက်သည်။

"မိခင်နိုင်ငံက ကျွန်တော်တို့ဆီကို အားပေးရအောင် ရောက်လာခဲ့ကြတဲ့ ယဉ်ကျေးမှုအဖွဲ့က ကျွန်တော်တို့ကို ဘာတွေမှာသွားသလဲဆိုတာ သတိရသေးသလား ရဲဘော်"

"သိပ်ကိုမှတ်မိတာပေါ့ရဲဘော်။ ဘာလဲ ပြန်ရွတ်ပြစေချင်လို့လား၊ ဒါဖြင့် နား ထောင်လေ"

ဆူရှီတေးက ပြုံး၍ပြန်ဖြေရင်း ချန်ဝင်ကွေး၏ဝေဒနာတစ်ခုခုကို ခံစားနေပုံရ သော အမူအရာကို သတိပြုလိုက်မိသဖြင့် ပျာပျာသလဲ မေးမြန်းလိုက်သည်။

"ဘာဖြစ်လို့လဲဟင်၊ ခေါင်းကိုက်နေလို့လား ရဲဘော်"

mgyoe.com

mgyoe.com


ဤသို့ငြင်းဆိုနေဆဲပင်ဖြစ်သော်လည်း ချန်ဝင်ကွေးသည် လက်နှစ်ဖက်ဖြင့် ဦးခေါင်းကိုမေး၍ ထောက်ထားလျက်ရှိပြီး အသံမှာ တုန်ယင်နေသည်။

"ကျွန်တော်တို့ အမိနိုင်ငံက ရဲဘော်တွေမျှော်လင့်သလို ကျွန်တော် မလုပ်နိုင်တာကိုတော့ တွေးပြီးရှက်မိတယ်ဗျာ။ နောက်ပြီးတော့ ခု ကျွန်တော်တို့ယူခဲ့တဲ့ တာဝန်ဟာလည်း လွယ်လွယ်နဲ့ရခဲ့တာမဟုတ်ဘူး။ အစည်းအဝေးတွေ အကြိမ်ကြိမ်ထိုင်၊ အကြိမ်ကြိမ် တောင်းပန်တိုးလျှိုးပြီးမှ ရခဲ့တဲ့တာဝန်။ အဲဒါကိုသိရက်နဲ့ ကျွန်တော်က တင့်ကားကို ရွှံ့ထဲနှစ်မိလေတယ်ဗျာ။ ကျွန်တော်သာခေါင်းပြူပြီး ရှေ့ပေါက်က ခဏခဏထွက်ကြည့်ခဲ့မိရင် ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး"

ထို့နောက် ချန်ဝင်ကွေးသည် ပြောလက်စ စကားကိုခေတ္တဖြတ်လျက် အတန်ငယ်တွေဝေနေရာမှ ပို၍စိတ်ထိခိုက်သော လေသံဖြင့် ဆိုပြန်လေသည်။

"ကျွန်တော်တို့ ခြေလျင်တပ်က ရဲဘော်တွေကတော့ ရန်သူ့တင့်ကားသုံးစီးကို ကျွန်တော်တို့ ခုညပဲ ဖျက်ဆီးပစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြမှာပဲ။ တကယ်လို့များ ကျွန်တော်တို့တင့်ကား ခုညပဲ ရွှံ့ထဲက မောင်းတင်လို့မရရင် ဘယ့်နှယ်လုပ်မလဲဟင် ရဲဘော်"

"ဌာနချုပ်က အမိန့်ကို စောင့်ပါလို့ ပြောထားတာပဲလေ။ ကျုပ်တို့ ဒီနေရာကနေပဲ ရန်သူကိုပစ်ချင်ပစ်နေကြရမှာ၊ ကျုပ်တို့ရှေ့မှာက အကာအကွယ်မရှိတဲ့ လွင်ပြင်ကြီးပဲဟာ။ ဘယ်နေရာကပစ်ပစ် ပစ်မှတ်မှန်ဖို့သာ အရေးကြီးတာပဲမဟုတ်လား"

ဆူရှီတေးသည် ချန်ဝင်ကွေး၏ မေးခွန်းပေါင်း သောင်းခြောက်ထောင်ကို ပြန်ဖြေနေရင်းမှ သံခမောက်တွင် တပ်ထားသည့်နားခွက်ကို လက်တစ်ဖက်ဖြင့် ဖိ၍ နားစွင့်ဟန်ပြုလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် ချန်ဝင်ကွေးအား ငြိမ်သက်စွာနေရန် အချက်ပြလိုက်သည်။

ဆူရှီတေးသည် ခဏမျှဆက်လက်၍ ငြိမ်သက်စွာ နားထောင်နေပြီး နောက်အနီးရှိ ချောင်းကြည့်ပေါက်တစ်ခုမှ ခေါင်းပြူကာ အပြင်ဘက်သို့ လှမ်းအော်လိုက်သည်။

"တပ်စုမှူး တပ်စုမှူး၊ ဌာနချုပ်က တယ်လီဖုန်းလာနေတယ်"

ယန်အာဂျူသည် လက်တွင်ပေကျံနေသော ရွှံ့များကိုပင် မသုတ်နိုင်အားဘဲ တင့်ကားပေါ်သို့တွယ်၍ တက်လာသည်။ ထို့နောက် သူသည် သံခမောက်တွင်တပ်ထားသည့် နားခွက်မှ ဝါယာတစ်စကို ကြိုးမဲ့ကြေးနန်းစက်တွင် တပ်ဆင်လိုက်ပြီး

mgyoe.com

mgyoe.com


ဌာနချုပ်နှင့် ဆက်သွယ်လိုက်သည်။

"ပီကင်း ပီကင်း တီအင်ဆင်ခေါ်နေတယ်။ အမိန့်စောင့်နေပါတယ်။ ကောင်းပြီ ကောင်းပြီ စိတ်ချပါ။ ကျွန်တော်တို့ တောဝက်သားကို စားနိုင်ပါလိမ့်မယ်"

စစ်ဆင်ရေးဌာနချုပ်မှ အမိန့်ခံယူနေသော တပ်စုမှူး၏မျက်နှာပေါ်တွင်ကား ဝမ်းမြောက်ခြင်းနှင့် တစ်စုံတစ်ခုကို အတွေးခေါင်နေခြင်း စသည့်အမူအရာများမှာ ထွေးရောယှက်တင်ဖြစ်နေကြသည်။

"တပ်စုမှူးခင်ဗျာ၊ ကျွန်တော်တို့ကို ဌာနချုပ်က ပစ်ခွင့်ပေးပြီလား"

တင့်ကားပေါ်သို့ ယန်အာဂျူနှင့် မရှေးမနှောင်း တက်လိုက်ခဲ့သော စူချင်ချိန်းက ယန်အာဂျူဌာနချုပ်နှင့် စကားပြောပြီးလျှင် ပြီးချင်း စိတ်အားထက်သန်စွာ မေးမြန်းလိုက်သည်။

"ဟုတ်တယ် ရဲဘော်၊ ငါတို့တပ်စုမှူးက ဒီနေရာကနေပဲ ပစ်ရမယ်လို့ အမိန့်ပေးလိုက်ပြီ"

ယန်အာဂျူသည် ပြုံးရွှင်သော အမူအရာဖြင့် အဖြေပေးရင်း ဆက်၍ဆိုသည်။

"ခုည ကိုးနာရီမထိုးခင် ငါတို့ ရန်သူ့တင့်ကားတွေကို ဖျက်ဆီးပစ်ပြီး ဖြစ်လိမ့်မယ်လို့ စစ်ဆင်ရေးဌာနချုပ်က မျှော်လင့်နေတယ်။ နောက်ပြီး စစ်ဆင်ရေးမှူးကလည်း ငါတို့အောင်ပွဲခံနိုင်လို့ရှိရင် ငါတို့အဖွဲ့ဝင်အားလုံးကို သူရဲကောင်းဆု ဘွဲ့တွေရအောင် ထောက်ခံပေးမယ်လို့လည်း ထည့်ပြောတယ်"

"ဒါနဲ့ အလံနီအကြောင်းကော ထည့်ပြောသေးသလား ဟင်"

ဆူရှိတေးက သူ၏မျက်လုံးဝိုင်းကြီးများဖြင့် တပ်စုမှူး၏မျက်နှာကိုစေ့စေ့ကြည့်ရင်းမေးလိုက်သည်။

"အမိနိုင်ငံကလာတဲ့ ယဉ်ကျေးမှုအဖွဲ့ကပေးခဲ့တဲ့ အလံနီဟာလေဗျာ၊ အလံရဲ့ ဘယ်ဘက်ထိပ်ထောင့်မှာ ငြိမ်းချမ်းရေး ချိုးရုပ်ကလေးပါတယ်လေ"

ဆူရှိတေးသည် သူရည်ညွှန်းသော အလံနီကိုတပ်စုမှူး သတိရစေရန် အလံ၏ ပုံပန်းသဏ္ဌာန်ကို ဖော်ပြရင်း ရှင်းပြနေပြန်သည်။

ဤသို့တစ်ယောက်က အလံနီအကြောင်းကို စကားစလိုက်သည်နှင့်ပင် တင့်ကားပေါ်ရှိ ရဲဘော်အားလုံးတို့သည်လည်း မိခင်နိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ သူတို့တင့်ကားတပ်ဆွယ်သို့ အလည်ရောက်လာကာ ရှေ့တန်းရောက် ရဲဘော်များအား အနုပညာမျိုးစုံဖြင့် ဖြေဖျော်ခဲ့သည့် မိုးဦးပေါက်ဆီသို့ အတွေးနက်သွားမိလေတော့

mgyoe.com

mgyoe.com


သည်။ ၎င်းယဉ်ကျေးမှုအဖွဲ့သည် သူတို့တပ်ဆွယ်နှင့် မခွဲမခွာမီ တပ်မှူးလက်ဝယ် အလံနီတစ်ခုကို ပေးအပ်ရင်း မှာတမ်းတစ်ခုကို မှာကြားခဲ့သည်။

"မိခင်နိုင်ငံမှာရှိတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား ဒီအလံကလေးကို အောင်ပွဲအများဆုံးဆွတ်ခူးနိုင်တဲ့ တင့်ကားရှေ့မှာ စိုက်ထူဂုဏ်ပြုပါတယ်ဆိုတဲ့ အမှာစကားတစ်ခုနဲ့အတူ ဒီအလံနီကလေးကို ပေးအပ်ခဲ့ပါရစေ။ ပြည်သူတစ်ရပ်လုံးက ရဲဘော်တို့ရဲ့ရှေ့တန်းက အောင်ပွဲရနေတဲ့ သတင်းကောင်းတွေလည်း အမြဲနားစွင့်နေကြပါလိမ့်မယ်ဆိုတာကိုလည်း မှာကြားခဲ့ပါရစေ"

ထိုအချိန်မှစ၍ တင့်ကားတပ်ဆွယ်မှ ရဲဘော်အားလုံးတို့သည်လည်း ၎င်းအလံနီကလေးအား မိမိတို့ တင့်ကားစက်ခေါင်းရှေ့၌ စိုက်ထူနိုင်ရေးကိုသာလျှင် ဆန္ဒစောနေခဲ့ကြသည်။

"တပ်မှူးက အလံနီအကြောင်းတော့ ထည့်မပြောဘူး"

"ဒါလည်း အကြောင်းမဟုတ်ပါဘူး ရဲဘော်။ ငါတို့ဟာ ရန်သူကို ကောင်းကောင်း တိုက်ခိုက်ချေမှုန်းနိုင်ရင် တို့တင့်ကားရှေ့မှာ ဒီအလံနီကိုမလွှင့်နိုင်စရာ အကြောင်းမရှိပါဘူး။ အဲဒါလည်း ရဲဘော်တို့အားလုံးအပေါ်မှာ တည်နေတာပဲ။ ဘာမေးချင်သေးသလဲ စူချင်ချိန်း"

ယန်အာဂျူက ရဲဘော်အားလုံးတို့၏မျက်နှာကို ခြုံ၍ကြည့်လိုက်ရင်းမှဆိုသည်။

"အဲဒီ သံမဏိလိပ်သုံးကောင်ကို သံပုံဘ၀ရောက်အောင် ကျွန်တော်လုပ်နိုင်ပါလိမ့်မယ်လို့ ထင်တယ်ဗျာ။ ဒါပေမဲ့ ပစ်လို့ ချက်ကောင်းကိုမှန်ပါ့မလားဆိုတာတော့"

"ရဲဘော်ရဲ့စကားကို ဒီနေရာတင် ရပ်လိုက်စမ်းရဲဘော်။ လုပ်မှလုပ်နိုင်ပါ့မလား ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့ စကားမျိုးကိုမပြောရဘူး၊ မှန်အောင်ပစ်နိုင်ပါတယ်ဆိုတဲ့ စကားမျိုးကိုသာ ပြောရမယ်။ ဒါမှမဟုတ်ရင် ရဲဘော်ပြောလိုက်တဲ့ စကားရဲ့ အဓိပ္ပာယ်ဟာ ကိုယ့်လက်ထဲက ပြဿနာကို ကိုယ်မဖြေရှင်းနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်သွားလိမ့်မယ်"

တပ်စုမှူးက ဤနှယ်အမှားကို ထောက်ပြလိုက်သဖြင့် စူချင်ချိန်း၏ မျက်နှာပေါ်တွင် ရှက်သွေးများသန်းသွားကာ ရဲဘော်အားလုံးတို့၏ ရှေ့မှောက်၌ပင် ချက်ချင်းသူ့အမှားကို သူ ဝန်ခံခြင်းပြုလာသည်။

"ကျွန်တော် မှန်အောင် ပစ်နိုင်ပါတယ်"

"ကောင်းပြီ... ပစ်မှတ်ကို မိအောင်ချိန်ပြီးရင် ငါ့ကိုစာနဲ့အစီရင်ခံပါ။ အဲ...

mgyoe.com

mgyoe.com


ချိန်တဲ့နေရာမှာလည်း ဆံခြည်တစ်မျှင်မှမကွာစေနဲ့ ဂရုစိုက်ကြားလား”

ယန်အာဂျူသည် စူချင်ချိန်း၏အကြောင်းကို ကောင်းကောင်းကြီး သိထားသူ ဖြစ်သည်။ စူချင်ချိန်းသည် ပညာရေးတွင် အလယ်တန်းမျှသာ အောင်မြင်ခဲ့သူဖြစ်ပြီး ပြည်သူ့လူငယ်အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်သည်။ သူသည် ပြေပြစ်အချိုးကျသော ကိုယ်လုံးကိုယ်ဖန်ရှိကာ သနားကမားရှိသော ရုပ်ရည်နှင့် ကြည့်ပျော်ရှုပျော် ဤသူငယ်သည် တပ်ခွဲမှ လက်ဖြောင့်သော အခြားအမြောက်ကိုင် ရဲဘော်များနည်းတူ အမြောက်ကိုင် လက်ဖြောင့်ရဲဘော်တစ်ယောက်အဖြစ် နာမည်ရနေသူဖြစ်သည်။ သူသည် မိခင်နိုင်ငံ၌ အမြောက်ပစ်သင်တန်းတက်နေစဉ်ကပင် အမြောက်ပစ် လက်ဖြောင့်စံချိန်များကို အကြိမ်ကြိမ် ချိုးနိုင်ခဲ့ပြီး စစ်ကျောင်းတွင် သင်တန်းတက်နေစဉ်ကလည်း အမြောက်သုံးကြိမ်ပစ်လျှင် သုံးကြိမ်စလုံး ပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်နိုင်ခဲ့သူဖြစ်သည်။ ညတိုက်ပွဲများ လေ့ကျင့်ရာ၌လည်း မီးကျည်အကူအညီဖြင့်ပင် လေးကြိမ်ပစ်လျှင် လေးကြိမ်စလုံး ရည်ရွယ်ရာပစ်မှတ်ကို ထိမှန်အောင်ပစ်နိုင်ခဲ့သူဖြစ်သည်။

လွန်ခဲ့သောလ ၂၆ ရက်နေ့ကလည်း အမြောက်ဆန် ၃၅ တောင့် ပစ်ခတ်ခဲ့ရာတွင် ရန်သူ့တင့်ကားတစ်စီး၊ ရန်သူ့စစ်ဆင်ရေးဌာနချုပ်နှစ်ခု၊ မြေပြင်ပစ်အမြောက်စခန်းနှစ်ခုနှင့် ရန်သူ့စက်သေနတ် စခန်းတစ်ခု စသည်တို့ကို ဖျက်ဆီးနိုင်ခဲ့သည်။ သို့သော် သူသည် သဲလဲစင်အပြစ်ကင်းသူတော့မဟုတ်။ သူ့တွင် ချို့ယွင်းချက်တစ်ခုရှိသည်။ ဤသည်မှာ တစ်ခါတစ်ရံ အမှတ်မထင် ပြီးစလွယ် ပြုလုပ်တတ်သော ညဉ်ဆိုးကလေးပင်ဖြစ်သည်။ ထိုညဉ်ဆိုးကလေးကြောင့်ပင် သူ့အား သတိမပြတ်ထားရန် ယန်အာဂျူက မကြာခဏ သတိပေးနေရခြင်းဖြစ်သည်။

ယန်အာဂျူသည် မျက်ကြည့်ကိရိယာတွင် မျက်စိအစုံကိုကပ်လျက် တောင်အမှတ် ၃၄၆.၆ ဆီသို့ ကြည့်လိုက်ရာ တောင်ထွတ်ပေါ်မှ ရန်သူ့တင့်ကားသုံးစီးကို ထင်ထင်ရှားရှား တွေ့မြင်နေရ၏။ ၎င်းတင့်ကားသုံးစီးသည် ဆုခ်ယွန်ဒေါင် တောင်တန်း၏ မြောက်ဘက်သို့ မျက်နှာမူထားလျက်ရှိပြီး အမြောက်ဆန်များကိုလည်း မီးတဖွားဖွားဖြင့် ဆက်တိုက်ပစ်ထုတ်နေကြသည်ကို တွေ့လိုက်ရသည်။

ရန်သူ့တပ်ကားများသည် ကံအားလျော်စွာ ယန်အာဂျူတို့၏ တင့်ကားဘက်သို့ ဘေးတိုက်ပေး၍ ရပ်ထားလျက်ရှိရာ ၎င်းတင့်ကားများ၏ အမြောက်စင်ပေါ်မှ အဖြူရောင်ကြယ်ငါးပွင့်ကိုပင် ထင်ထင်ရှားရှား မြင်နေရသည်။

“အေး မင်းတို့ကတော့ အလိုက်သိစွာနဲ့ တို့ပစ်လို့ ကျိန်းသေမှန်လောက်တဲ့

mgyoe.com

mgyoe.com


နေရာမှာမှ ရွှေ့ပြီးရပ်နေကြတာကိုး…၊ ဒါလည်း မင်းတို့ပျက်စီးချိန်တန်လို့ပေါ့ကွာ” ဟူ၍ပင် ယန်အာဂျူက စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်လေသည်။

သို့ရှိရာမှ ယန်အာဂျူ၏ဦးနှောက်ထဲသို့ အတွေးသစ်တစ်ခု ဝင်ရောက်လာပြန်သည်။ ဤသည်မှာ ယခုမြင်နေရသော ပစ်မှတ်ထက်ကောင်းသော ပစ်မှတ်မျိုးကိုရရှိနိုင်တော့မည်မဟုတ်။ ထို့ကြောင့် နေ့အချိန်တွင် ရန်သူ့တင့်ကားများ၏ တည်နေရာနှင့် အကွာအဝေးကို တိတိကျကျတွက်ချက်၍ ယူထားနိုင်လျှင် မှောင်ရီပျိုးသည်နှင့် တစ်ပြိုင်နက် မိမိတို့အမြောက်ကို လိုသလိုလှည့်ချိန်ကာ ရည်ရွယ်ရာပစ်မှတ်ကို အလွယ်တကူ ပစ်ခတ်နိုင်လိမ့်မည်ဟူသည့် အတွေးပင်တည်း။

ထိုအတွေးအမြင်သစ်နှင့်အတူ ယန်အာဂျူက စူချင်ချိန်းဘက်သို့ လှည့်၍ အမိန့်ပေးလိုက်သည်။

“ပစ်မှတ် အကွာအဝေးကို ရအောင်ယူလိုက်။ ပစ်မှတ်ရှိတဲ့နေရာကို မှန်ပြောင်းနဲ့ စေ့စေ့စပ်စပ်ကြည့်၊ ရဲဘော်ရဲ့ ရှေ့တည့်တည့် လက်ဝဲဘက်ကျကျမှာ ထီးလိုအမိုးဝိုင်းနဲ့ တစ်ပင်တည်းထီးထီးရှိတဲ့ သစ်ပင်တစ်ပင်ကို တွေ့တယ်မဟုတ်လား၊ အဲဒီသစ်ပင်ကို ဗဟိုအမှတ်အဖြစ်ချိန်ထားပြီး အကွာအဝေးကိုတိုင်းလိုက်”

စူချင်ချိန်းက မှန်ပြောင်းနှင့် ချိန်နေရာမှ ပြန်ဖြေ၏။

“ကောင်းပါပြီ တပ်စုမှူး၊ ကျွန်တော် အောက်ဆင်းပြီး သေသေချာချာ ချိန်ကြည့်ပါဦးမယ်”

ပြောပြောဆိုဆိုပင် စူချင်ချိန်းလည်း တင့်ကားပေါ်မှ ခုန်ဆင်းသွားလေတော့သည်။

အမှောင်ဘက်သို့ ကူးပြောင်းလာသည်နှင့်အမျှ ချောင်းကြည့်ပေါက်မှ ဝင်ရောက်လာသော ရောင်ခြည်တန်းကလေးများမှာလည်း တစ်စတစ်စနှင့် ပျောက်ကွယ်ခြင်းမလှ ပျောက်ကွယ်ကုန်ကြလေပြီ။

ယန်အာဂျူသည် ဌာနချုပ်နှင့် အဆက်အသွယ် ပြုလုပ်ပြီးပြီဖြစ်၍ တင့်ကားရပ်ဖျက်မှုများကို ရပ်သိမ်းပစ်ကာ အမြောက်ကို ရန်သူရှိရာသို့ လှည့်၍ ချိန်ရန်အမိန့်ပေးလိုက်သည်။ ဤသို့ အမိန့်ပေးလိုက်သည်နှင့် တင့်ကားအဖွဲ့သားများသည်လည်း ချက်ချင်းဆိုသလိုပင် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေတော့သည်။ တင့်ကားအဖွဲ့သားငါးယောက်တို့သည် မိမိတို့နှင့် သက်ဆိုင်သည့်နေရာများတွင် ဝင်ရောက်နေရာ ယူကြရင်းမှ တိုက်ပွဲဝင်ရတော့မည်ဟူသော အသိကိုယ်စိဖြင့် ဝမ်းသာနေကြလေပြီ။

mgyoe.com

mgyoe.com


ဆူရှိတေးသည် အမြောက်ချိန်သော ဂီယာမှ ခလုတ်ကိုဖွင့်လိုက်ပြီး အမြောက်ကို ရှေ့ဘက်သို့ လှည့်ယူလိုက်သည်။ ပြီး သူသည် အမြောက်အတင်အချတာဝန်ကို ထမ်းဆောင်နေရသော ဂီယာတံတစ်ခုကို ဆွဲတင်လိုက်ပြီး အမြောက်ပြောင်းကို မြှင့်တင်လိုက်သည်။ အမြောက်စင်တွင် တပ်ဆင်ထားသည့် ယန္တရားတစ်ခုလုံးသည် ယနေ့မှပင်ပို၍ အထူးတလည် ကောင်းမွန်နေသည်ဟု သူ့စိတ်ထဲဝယ် ထင်ဟပ်လာ၏။

တင့်ကား၏ပြင်ပဥ္စမှ အာကာသတစ်ခွင်လုံးသည် မီးခိုးရောင်ဝတ်ရုံကို လွှမ်းခြုံထားသည်။ ညို့မှိုင်းလျက်ရှိပြီး မိုးဖွားကလေးများလည်း ပျင်းရိငြီးငွေ့ဖွယ် တဖျောက်ဖျောက် ကျဆင်းလျက်ရှိသည်။

သို့နှင့်စုချင်ချိန်းသည် ပစ်မှတ်ရှိရာသို့ လှမ်းကြည့်လိုက်ရာ စက်ဝိုင်းခြမ်းသဏ္ဌာန် ညို့မှိုင်းမှိုင်းတောင်ထွတ်ကိုသာ မြင်နေရပြီး ပစ်မှတ်ကိုကား ရေးရေးမျှပင် မမြင်ရပါချေ။

ယင်းသို့ရှိခိုက် တပ်စုမှူးက သူ့အား စူးစမ်းလာသည်။

"ပစ်မှတ်ကိုချိန်မိပြီလား ရဲဘော်"

"ကျွန်တော် တောင်ထွတ်ကိုပဲ မြင်ရတယ်။ ရန်သူ့ တင့်ကားကိုတော့ လုံးလုံးမမြင်ရဘူး"

"သိပ်စိတ်ပူမနေနဲ့ ရဲဘော်။ ငါ အပြင်ထွက်ကြည့်လိုက်ဦးမယ်"

ယန်အာဂျူသည် ပြောပြောဆိုဆို တင့်ကားအဖုံးကို ဖွင့်လျက် ပြင်ပသို့ ခေါင်းပြူကြည့်လိုက်သည်တွင် ပထမဦးဆုံး သူ့အားဆီးကြိုလိုက်သော အရာများမှာ တင့်ကားသံပြားပေါ်သို့ တဖျောက်ဖျောက်ကျနေသော အမြောက်ဆန်အစအနများနှင့် ရွှံ့ခဲများပင်ဖြစ်သည်။

အတန်ကြာအောင် သူသည် ပစ်မှတ်ရှိရာ တောင်ထွတ်ဆီသို့ လှမ်းမျှော်ကြည့်ပြီးနောက် တင့်ကားအတွင်းသို့ ပြန်ဝင်လိုက်သည်။

"အမြောက်ပြောင်းချိန်ထားတာ မှန်ပါတယ်။ ပစ်ဖို့သာ အသင့်ပြင်ပေတော့ဟေ့"

လက်ထောက်အမြောက်တာဝန်ခံဖြစ်သကဲ့သို့ အမြောက်ကျည်ထိုးသမားလည်းဖြစ်သော ရှိဟန်ရှန်သည် အမြောက်ကျည်များကို လက်ထဲတွင် အသင့်ကိုင်ထားလျက်ရှိပြီး ခေါင်းဆောင်အမြောက်တာဝန်ခံဖြစ်သော စုချင်ချိန်းမှာလည်း အမြောက်ချိန်သောဂီယာတံကို လက်တစ်ဖက်ဖြင့်ကိုင်လျက် အသင့်အနေအထားတွင် ရှိနေကြပေပြီ။

mgyoe.com

mgyoe.com

ထိုစဉ် ယန်အာဂျူမှာလည်း တင့်ကားရှေ့ကြည့်ပေါက်မှ ရန်သူ့တင့်ကားများရှိရာ တောင်ထွတ်ဆီသို့ မျက်တောင်မခတ် စိုက်ကြည့်လျက်ရှိသည်။

"အုန်း... အုန်း... အုန်း"

အမြောက်သံများ ကြားလိုက်ရသည်နှင့်အတူ ရန်သူ့တင့်ကား၏ အမြောက်ပြောင်းဝများမှ တဖွားဖွားထွက်လာသော မီးတန်းများကို မြင်တွေ့လိုက်ရသည်။ ရန်သူ့တင့်ကားများသည် ဆုခ်ယွန်ဒေါင်တောင်တန်း၏ မြောက်ဘက်သို့ ထပ်မံပစ်ခတ်နေကြပြန်ချေပြီ။

စူချင်ချိန်းသည် အခွင့်ကောင်းကို စောင့်နေသူပီပီ ရန်သူ့အမြောက်ပြောင်းဝမှ မီးတန်းများကို မြင်လိုက်ရသည့် တဒင်္ဂအတွင်းမှာပင် အမြောက်ပြောင်းကို မီးတန်းများပေါ်လာရာ ရန်သူ့တင့်ကားများဆီသို့ ချက်ချင်းပြောင်းရွှေ့ ချိန်ရွယ်လိုက်သည်။

ထို့နောက်တွင်မူ တပ်စုမှူးက အမြောက်ကိုင်ရဲဘော်အားလည်းကောင်း၊ အမြောက်ကိုင်ရဲဘော်က အမြောက်ကျည်ထိုး ရဲဘော်အားလည်းကောင်း အဆင့်ဆင့်ပေးလိုက်သော အသံများပေါ်လာပြီးနောက် အုန်းခနဲ မြည်ဟည်းလိုက်သည့် အသံကြီးတစ်ခုနှင့်အတူ တင့်ကားမှာလည်း အမြောက်ပြောင်းဝမှ မီးပန်းမီးဖွားများ မှုတ်ထုတ်ရင်း ရှေ့သို့ ပေအနည်းငယ်ခန့် 'ဖားခုန်' ခုန်တက်သွားလေတော့သည်။

ယန်အာဂျူသည် ရန်သူ့တင့်ကားကို အမြောက်ဆန်မှန်သွားရာမှ စိမ်းပြာပြာ မီးပန်းများ ထွက်ပေါ်လာသည်ကို မြင်လိုက်ရသည်။ မီးပန်းများမှာ ရုတ်တရက်ပေါ်လာသကဲ့သို့ ရုတ်တရက်ပင် ရန်သူ့တင့်ကား၏ အပေါ်လက်ဝဲဘက် ကျကျသို့ ပွတ်ကာသီကာ ထိမှန်သွားသည်ကိုလည်း တစ်ဆက်တည်းတွေ့လိုက်ရသည်။

သို့ဖြစ်ရာ ယန်အာဂျူက ချက်ချင်းလှည့်၍ အမြောက်ကိုင်ရဲဘော်အား အမိန့်သစ်တစ်ခုကို ထပ်မံပေးလိုက်ပြန်သည်။

"အပေါ်ရှပ်မှန်သွားတယ်... ၊ တစ်ဖက်ကို နည်းနည်းချချိန်ပစ်"

ထိုစဉ်အတွင်း စူချင်ချိန်းသည် ရန်သူနှင့်တိုက်ခိုက်နေရပြီဟူသည့် အသိကြောင့် ထူးထူးခြားခြား စိတ်လှုပ်ရှားလာသည်။ ထို့အတူ ဝမ်းသာမှုမှာလည်း သူ့ရင်ထဲ၌ ပြည့်သိပ်လာကာ ကြက်သီးဖြန်းဖြန်းထမျှ တစ်ကိုယ်လုံးသို့ပင် ပျံ့နှံ့လာလေသည်။

အမှန်ဆိုမူ ပထမလွှတ်လိုက်သော အမြောက်ဆန်သည် ရည်မှန်းရာ ပစ်မှတ်ရှိရာသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားခဲ့သော်လည်း အပေါ်သို့ အနည်းငယ်လှုတက်သွားသဖြင့် ရန်သူ့တင့်ကား၏ အမြောက်စင်ကိုသာလျှင် ထိမှန်ခဲ့သည်။

mgyoe.com

mgyoe.com


စူချင်ချိန်းသည် ယန်အာဂျူ၏ ပစ်မိန့်သံအဆုံးတွင် ချက်ချင်း မိမိအမှားကို ပြင်ဆင်လိုက်ပြီး ဒုတိယအမြောက်ကျည်တစ်တောင့်ကို ဆက်တိုက်ပစ်လွှတ်ရန် အတွက် လက်ခလယ်ဖြင့် လျှပ်စစ်ခလုတ်ကို နှိပ်လိုက်သည်။

"အုန်း"

စူချင်ချိန်းပစ်လိုက်သော အမြောက်ဆန်ကား ဥက္ကာပျံအလား နီရဲသော မီးရောင် တန်းတစ်ခုအဖြစ်သို့ ကူးပြောင်းသွားကာ ရန်သူ့တင့်ကား၏ဝမ်းဗိုက်ဆီသို့ တန်းတန်း မတ်မတ် ပြေးဝင်သွားလေတော့သည်။

"ကောင်းလိုက်တဲ့ ပစ်ချက်ကွာ ... ၊ အဲဒီပစ်ချက်မျိုး တစ်ချက်လောက် ထပ်လုပ် ပါဦးဟေ့"

ဝမ်းသာအားရ ရေရွတ်လိုက်သော ယန်အာဂျူ၏စကားပင် အဆုံးသတ်ခွင့် မရ လိုက်ပါချေ။ စူချင်ချိန်း အမြောက်ကျည်တစ်ထောင့်က ရန်သူ့တင့်ကားရှိရာသို့ ပြေးဆင်းသွားပြန်လေရာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ရန်သူ့တင့်ကား သည် မီးတောက်မီးလျှံကြီးအသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေတော့သည်။

ရန်သူ့တင့်ကားအား ဝါးမျိုနေသော မီးတောက်မီးလျှံကြီးများသည် မိုးဖွဲတို့ မင်းမူနေသော ညရှုခင်းကိုသာလျှင် နီကြင့်ကြင့်မီးရောင်များဖြင့် ခြယ်မှုန်းလိုက်သည် မဟုတ်၊ ဝန်းကျင်မှ တောင်ထွတ်တောင်ညွန့် ကြီးငယ်၊ နိမ့်မြင့်တို့ကိုလည်း မီးနီရောင် လွှမ်းစေခဲ့တော့သည်။ ထိုတွင်မက ၎င်းမီးရောင်များက တိုက်ပွဲဝင်လျက် ရှိသေးသော ရန်သူ၏ သံမဏိလိပ်နှစ်ကောင်ကိုလည်း မီးမောင်းဖြင့် ထိုးပြလိုက်ဘိသကဲ့သို့ ညွှန်ပြ လျက်ရှိနေပြန်သေးသည်။

စူချင်ချိန်းသည် ပထမတင့်ကား မီးလောင်ရာမှ ထွက်ပေါ်လာသော မီးရောင် ကြောင့် ရုတ်တရက် လှမ်းမြင်လိုက်ရသော ရန်သူ့တင့်ကားနှစ်စီးကို တိုက်ခိုက်ရန် မိမိအမြောက်ဆုံလည်ကို လှည့်ချိန်လိုက်သည်။ ထိုခဏတွင် ရန်သူတင့်ကားနှစ်စီးက လည်း ၎င်းတို့၏အမြောက်များကို တင့်ကားအမှတ် ၂၁၅ ဘက်သို့ လှည့်ချိန်ကြသည်။ ထိုအချိန်မှအစပြုကာ ရန်သူ့တင့်ကားနှစ်စီးမှ ဆက်တိုက် အစီအရီပစ်လွှတ်နေသော အမြောက်ဆန်များသည် တိုက်ခိုက်ရေးယာဉ် အမှတ် ၂၁၅ အနီးသို့ မိုးသီးမိုးပေါက်ပမာ ကျဆင်းလာလေတော့သည်။

တစ်ဆက်တည်းမှာပင် ရန်သူ့စိန်ပြောင်း စခန်းများက တင့်ကားအမှတ် ၂၁၅ ကို အာရုံစိုက်လာကြပြီး သဲသဲမဲမဲ ပစ်ခတ်လာကြသည်။

mgyoe.com

mgyoe.com


ဤနှယ်ပလူပျံနေသော အမြောက်ဆန်များအနက် တစ်ခုသောအမြောက်ဆန်က အမှတ် ၂၁၅ ၏ အမြောက်စင်ကို ထိမှန်သွားလေရာ အမှတ် ၂၁၅ ၏ ကိုယ်ထည်တစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ယမ်းသွားကာ မီးပန်းလည်း ချောင်းကြည့်ပေါက်များမှ တစ်ဆင့် တင့်ကားအတွင်းသို့ ဝင်ရောက်လာကြလေတော့သည်။

စူချင်ချိန်း၏ မျက်နှာပေါ်တွင် မီးပွားမှန်ရာမှ ရရှိလာသော အမည်းစက်များနှင့် မြင်မကောင်းအောင် ဖြစ်လာသည်။ သို့သော် စူချင်ချိန်းကမူ ၎င်းဒဏ်ရာများကို ပမာမထား ရေးကြီးခွင့်ကျယ်မလုပ်ဘဲ တစ်ဖက်ရန်သူကိုသာလျှင် အာရုံစိုက်လျက်ရှိသည်။ နောက်ဆုံးကျန်ရှိနေသည့် ရန်သူ့တင့်ကားများကို လက်စသိမ်းဖျက်ဆီးနိုင်ရေးကိုသာလျှင် စိတ်စောနေရာ မိမိမျက်နှာပေါ်သို့ မီးပွားများ လွင့်စဉ်ကျရောက်နေသည်ကိုပင် နာကျင်ရမှန်းမသိတော့ပေ။

ယင်းသို့သူသည် ရန်သူ့တင့်ကားရှိရာ တောင်ထွတ်ဆီသို့ စူးစူးစိုက်စိုက် ကြည့်နေရာမှ ရန်သူ့တင့်ကားများက စတင်ပစ်ခတ်လိုက်သည့် တဒင်္ဂမှာပင် သွက်လက်မြန်ဆန်စွာ မိမိအမြောက်ကို ရန်သူ့တင့်ကားများရှိရာသို့ ပြောင်းရွှေ့ချိန်ရွယ်လိုက်သည်။ ယခုမူ သူသည် ရန်သူ့ပြောင်းဝမှ အန်ထွက်လာသော မီးရောင်ကြောင့် ပစ်မှတ်ကို မိမိရရ ချိန်နိုင်ခဲ့လေပြီ။

သို့နှင့် သူသည် စက္ကန့်ပိုင်းအတွင်းမှာပင် အမြောက်ကျည်ငါးတောင့်ကို ဆက်တိုက်ပစ်လွှတ်လိုက်ပြီးနောက် နှုတ်မှလည်း ရန်သူကို ကြိမ်းမောင်းလိုက်သည်။

"ကိုင်း... မင်းတို့ ထပ်ပစ်နိုင်ဦးမလား ကြည့်ကြသေးတာပေါ့ကွာ"

မကြာပါချေ ရန်သူ့ဒုတိယတင့်ကားမှာ ပထမတင့်ကားနည်းတူ မီးတောက်မီးလျှံကြီးများ၏ ဝါးမျိုခြင်းကို ခံလိုက်ရလေတော့သည်။

ရှီဟာန်ရှန်က သူ၏ဝတ်စုံအပေါ် အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ ချွေးဒီးဒီးကျနေသော အမြောက်တာဝန်ခံ စူချင်ချိန်းအား ချွေးသုတ်ရန် လှမ်းပေးလိုက်သည်။ စူချင်ချိန်းသည် ဒုတိယတင့်ကားကို မီးလောင်တိုက်သွင်းပြီးသည်နှင့် တစ်ပြိုင်နက် ရန်သူ၏တတိယတင့်ကားကို ဖျက်ဆီးရန် အမြောက်ကို ပြောင်းရွှေ့ချိန်လိုက်ပြန်သည်။ ထိုအခါ ရှီဟာန်ရှန်ကလည်း လက်ထဲတွင် အသင့်ကိုင်ထားသော အမြောက်ဆန်ကို အမြောက်ပြောင်းဆီသို့ ထိုးသွင်းလိုက်ပြီး အမြောက်ဆန်အဖုံးကို ပြန်ပိတ်လိုက်လေသည်။

သူတို့နှစ်ယောက်၏ လှုပ်ရှားမှုများသည် စက္ကန့်ပိုင်းအတွင်းမှာပင် ပြီးစီးသွား

mgyoe.com

mgyoe.com


သည့်နည်းတူ ရန်သူ၏ တတိယတင့်ကားမှာလည်း မကြာမြင့်သော အချိန်အတွင်း မှာပင် အမြောက်ဆန်သုံးချက် ဆက်တိုက်ထိမှန်ခြင်း ခံလိုက်ရပြီးနောက် လုံးဝဆိတ်ငြိမ်သွားလေတော့သည်။

"ဘယ်လိုဖြစ်တာလဲဟေ့၊ တယ်အသက်ပြင်းပါကလားကွ။ အပစ်မရပ်နဲ့ သုံးချက်ဆက်ပစ်"

တပ်စုမှူးက အာမေဍိတ်သံပြုရင်း ပစ်မိန့်ဆက်ပေးလိုက်သည်။ နောက်ထပ် ပစ်လွှတ်လိုက်သော အမြောက်ဆန်မှာလည်း ပစ်မှတ်ရှိရာသို့ တန်းတန်းမတ်မတ် ပြေးဝင်သွားသည်ကို တွေ့ရလေသည်။

သို့သော် အုံ့ဩဖွယ်ကောင်းသည်ကား အသက်ပြင်းလှသော တတိယတင့်ကား သည် အကြိမ်ကြိမ် အမြောက်ဆန်ထိမှန်လင့်ကစား ယခုတိုင် မီးမလောင်ကျွမ်းနိုင်ဘဲ ရှိနေသေးခြင်းပင်ဖြစ်ပါ၏။

"ခဏ အပစ်ရပ်လိုက်ဦး ရဲဘော်...၊ ဂရုတော့စိုက်ကြည့်နေဟေ့၊ နည်းနည်း အသံထွက်လာရင်တော့ ချမ်းသာမပေးနဲ့၊ နှုတ်ပိတ်ပစ်လိုက်ပေတော့ ရဲဘော်"

ရန်သူတင့်ကားက တုတ်တုတ်မျှပင်မလှုပ်ဘဲ ဆက်လက်ငြိမ်သက်မြဲ ငြိမ်သက် နေဆဲ ဆုခ်ယွန်ဒေါင် မြောက်ဘက်တောင်တန်းဆီမှ ကြိုးကြားကြိုးကြား ပစ်ခတ်နေ သော ရိုင်ဖယ်သံများကိုမူ ကြားနေရလေသည်။ စူချင်ချိန်းတို့ တင့်ကားအနီး ဝန်းကျင်၌ ကား ရည်ရွယ်ချက်မရှိသကဲ့သို့ ပရမ်းပတာပစ်ခတ်နေသော ရန်သူ့စိန်ပြောင်းဆန် များမှာ တဝီဝီပျံသန်းလျက်ရှိနေသောကြောင့် သေမင်းတမန်များ အသက်ဝင်လှုပ်ရှား လျက်ရှိနေသေးကြောင်း သတိပေးနေဘိသို့ရှိနေလေတော့သည်။

"ဌာနချုပ်က သတ်မှတ်ပေးလိုက်တဲ့ အချိန်လွန်လာပြီလားဟင်"

အမြောက်တာဝန်ခံ စူချင်ချိန်းက တပ်စုမှူးအား လှမ်းမေးလိုက်သည်။

"စက္ကန့်သုံးဆယ်လိုသေးတယ်"

တပ်စုမှူးက လက်ကောက်ဝတ်မှနာရီကို ကြည့်၍ ပြန်ဖြေသည်။

အမြောက်ဆက်တိုက် ပစ်ခတ်နေသဖြင့် တင့်ကားအတွင်း၌ ယမ်းငွေ့များ ပျံ့လွင့်နေသော်လည်း ၎င်းယမ်းငွေ့များက ရယ်ရယ်မောမောနှင့် စကားလက်ဆုံကျနေ ကြသော ရဲဘော်များအား မည်သို့မျှ အနှောင့်အယှက်မပေးနိုင်ပါချေ။

"တပ်စုမှူးခင်ဗျား၊ ဒီအချိန်ဟာ ကျွန်တော်တို့တပ်ကို အလည်လာခဲ့တဲ့ ယဉ်ကျေးမှုအဖွဲ့ကို စာပြန်ဖို့ အကောင်းဆုံးအချိန်ပဲလို့ ကျွန်တော်ထင်တယ်"

mgyoe.com

mgyoe.com


"ရန်သူ့တင့်ကားကို ဖျက်ဆီးပြီးရင်ပြီးချင်း စာရေးအကြောင်းကြားလိုက်ပါလို့ သူတို့က ကျွန်တော်တို့ကို မှာထားခဲ့တယ်မဟုတ်လား။ ဒါကြောင့် ကျွန်တော်တို့ တပ်စုမှူးက ဘယ်လိုခေါင်းဆောင်ပြီး ကျွန်တော်တို့ရဲ့ အမြောက်လက်ဖြောင့်တပ်သားကျော်ကြီးကို ပစ်မှတ်ကို ဘယ်လိုမှန်အောင် ပစ်ခတ်ခဲ့တဲ့အကြောင်းတွေကို အသေးစိတ်ရေးဖို့ သင့်တယ်လို့ ကျွန်တော်အဆိုသွင်းတယ်"

ဆူရှိတေးသည် သူ၏အဆိုကို ဤနှယ်တင်သွင်းလာပြန်သည်။ ဤတွင်စုချင်ချိန်းက "ဘယ်ဟုတ်မလဲ ရဲဘော်၊ ဒီမှာရှိတဲ့ ရဲဘော်တိုင်း ပါဝင်လုပ်ကိုင်ခဲ့တဲ့အကြောင်းဖော်ပြရမှာပေါ့ဗျ။ ဒီလို ငါတို့ ရန်သူ့တင့်ကားသုံးစီးကို ဖျက်ဆီးလိုက်နိုင်တာဟာ ဒီမှာရှိတဲ့ ရဲဘော်တိုင်းက ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ခဲ့လို့ ပဲ" ဟု ပြင်ဆင်ခြင်းပြုသည်။

"ယဉ်ကျေးမှုအဖွဲ့က ရဲဘော်တွေဆီကို စာရေးဖို့ကိုတော့ သဘောတူတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်အကြောင်းကိုတော့ ဘယ်လိုရေးကြမလဲ။ တင့်ကားကို ရွံ့ထဲနစ်အောင် အရမ်းကာရော မောင်းချလိုက်တယ်လို့ ရေးကြမှာလားဗျဟင်"

ချန်ဝင်ကွေးက မိမိပြုခဲ့သော အမှားအတွက် စိတ်မလုံမလဲဖြစ်ကာ ပျာပျာသလဲဝင်၍ မေးခွန်းထုတ်နေရှာပါ၏။ ပြီးဆက်၍ဆိုသည်။

"ကျွန်တော်တို့ တင့်ကားကြီးက အခုဆိုရင် လေ့ကျင့်ရေးပစ်မှတ်ကြီးလို ထင်းထင်းကြီးပေါ်နေပြီ။ နောက်ပြီး ရှောင်တိမ်းရအောင်လည်း တစ်လက်မလောက်တောင် ရွေ့လို့မရတော့ ကျွန်တော်တို့ ဘာလုပ်ကြရင်ကောင်းမလဲဗျ၊ ဟင် ရဲဘော်တို့"

စောစောက ပျော်တပြုံးပြုံး ဖြစ်နေကြသော ရဲဘော်များမှာ ယာဉ်မောင်းသမားချန်ဝင်ကွေး၏ သတိပေးစကားကြောင့် ရုတ်ခြည်း နှုတ်ဆိတ်သွားကြလေတော့သည်။ တစ်ချိန်တည်းမှာပင် သူတို့သည် မိမိတို့မျက်မှောက် ပြုနေရသော အကျဉ်းအကျပ်ထဲမှ မည်သို့လွတ်မြောက်ရန် ကြံဆောင်ရမည်နည်းဆိုသည့် အတွေးကိုလည်း ကိုယ်စီကိုယ်င တွေးတောမိကြသည်။

"တပ်စုမှူး"

ထိုစဉ် ချန်ဝင်ကွေးက အကြံအစည်ကောင်းတစ်ခုကို ရုတ်တရက် စဉ်းစားလိုက်မိသည့် အမူအရာဖြင့် တပ်စုမှူးကို ဝမ်းသာအယ်လဲ လှမ်းခေါ်သည်။

"ကျွန်တော်တို့ ဒီလိုပစ်ပြီးတိုင်း မောင်းမောင်းပြေးတတ်တာကို ရန်သူက အမြဲတမ်းတွေ့နေရတယ် မဟုတ်လား။ အဲဒီတော့ သူတို့ဘာလုပ်သလဲ၊ များသောအားဖြင့်

mgyoe.com

mgyoe.com


ကျွန်တော်တို့မောင်းပြေးတဲ့ စက်သံအကွာအဝေးကို နားထောင်ပြီး အမြောက်နဲ့လှမ်းပစ်တတ်တာကို တွေ့ရတယ်။ အဲဒါကြောင့် ကျွန်တော် လုပ်ချင်တာကတော့ ကျွန်တော်တို့ တင့်ကားရပ်နေတဲ့ နေရာမှာပဲ စက်နှိုးလိုက်မယ်။ နောက်ပြီး စက်သံကို မြှင့်တင်ထားရာက ကျွန်တော်တို့မောင်းပြေးလို့ ဝေးဝေးသွားတယ်လို့ ထင်ရအောင် စက်သံကို တဖြည်းဖြည်း လျှော့ချလိုက်မယ်။ အဲဒီလိုလုပ်ရင် ကျွန်တော်တို့ မောင်းပြေးကြပြီလို့ ကျိန်းသေ သူတို့ထင်ကြမှာပဲ။ ဘယ့်နှယ်လဲ ဦးနှောက်ခြောက်သွားအောင် စမ်းကြည့်ရင် မကောင်းဘူးလားဟင်"

စောစောပိုင်းက အကြံအိုက်ပြီး ခေါင်းခဲနေကြသော တင့်ကားအဖွဲ့သားများသည် ချန်ဝင်ကွေး၏အကြံအစည်ကို သဘောကျလွန်းသဖြင့် ဝါးခနဲ ပွဲကျသွားပြီး တက်တက်ကြွကြွ ဖြစ်လာကြသည်။

"ဟုတ်ပါ့ကွာ၊ တယ်ကောင်းတဲ့ အကြံပဲဟေ့၊ ကဲ ဒီလိုဆိုရင် စက်နှိုးပေတော့"

ယန်အာဂျူက ဝမ်းသာအားရ အော်ဟစ်အမိန့်ပေးလိုက်သည်။

ခြေမြန်လက်မြန်ရှိလှသော ချန်ဝင်ကွေးကလည်း တင့်ကားကို ချက်ချင်းပင် စက်နှိုးလိုက်သည်။ ဂီယာအကြီးကို ထိုးသွင်းလိုက်သည်နှင့် တင့်ကားစက်သံကလည်း တစ်တောတစ်တောင်လုံးကို ပွက်ပွက်ညံသွားစေလေတော့သည်။ တင့်ကား အဖွဲ့သားများသည် စက်သေနတ်ပေါက်တွင် နားကပ်၍ ပြင်ပမှ ရန်သူ၏တုံ့ပြန်မှုကို နားစွင့်၍ စူးစမ်းကြသည်။

ခဏအကြာတွင် တင့်ကားနောက်မြီးနှင့် မလှမ်းမကမ်းသို့ ရန်သူ့အမြောက်ဆန်တစ်ခု ကျလာသံကို ကြားလိုက်ရသည်။ သို့သော် မကြာပါချေ။ နောက်ထပ်ပစ်လွှတ်လိုက်သော အမြောက်ဆန်များမှာ တင့်ကားစက်ခေါင်းရှေ့ မလှမ်းမကမ်းသို့ ကျရောက်ကွဲသံကိုလည်းကောင်း၊ ထိုမှသည် တစ်စတစ်စရှေ့သို့တိုး၍ တိုး၍ ပေါက်ကွဲသံများကိုလည်းကောင်း ဆက်တိုက် ကြားလာကြရလေတော့သည်။

တင့်ကားထဲတွင်မူ ရဲဘော်အားလုံး အူတက်မတတ် ရယ်နေကြပြီး ၎င်းတို့အထဲမှ အရယ်နိုင်ဆုံးနဲ့ အသံအကျယ်ဆုံးဖြစ်သော ဆူရှီတေးမှာမူ သဘောကျလွန်းသဖြင့် တစ်ကိုယ်လုံး ယိမ်းထိုးလျက်ရှိရာ နှုတ်မှလည်း 'ကျွန်တော်တို့ကိုလည်း ပြန်သွားပြီလို့ သူတို့က ကျိန်းသေယူဆလိုက်ပြီး ကျွန်တော်တို့ကို ဂုဏ်ပြုတဲ့အနေနဲ့ အမြောက်တောင် ပစ်ဖောက်ပေးနေကြပြီ" ဟူ၍ပင် ရေရွတ်နေလေတော့သည်။

ချန်ဝင်ကွေးမှာကား အခြားရဲဘော်နည်းတူ စိတ်ရှိလက်ရှိ မရယ်မောနိုင်သေးဘဲ

mgyoe.com

mgyoe.com

သဏ္ဍာန်လုပ်သရုပ်နှင့်တူအောင် စီစဉ်ထားသည့်အတိုင်း စက်ရှိန်ကို တဖြည်းဖြည်း လျှော့ချနေရသည်။

ရန်သူများသည် အမြောက်စခန်းသုံးခုမှ ရန်သူဆုတ်ခွာရာလမ်းကြောင်းဟု မှတ်ယူထားသော လမ်းတစ်လျှောက်ဆီသို့ တရုတ်မိုင်နှစ်လီခန့်မျှအထိ မိုက်မဲစွာ လိုက်လံပစ်ခတ်ပြီးမှပင် အပစ်ရပ်လိုက်ကြသည်။

သို့သော် တိုက်ခိုက်ရေးယာဉ်အမှတ် ၂၁၅ မှာမူကား မူလညွှန်နစ်နေသော နေရာ၌ပင် တစ်တောင်တစ်မိုက်မျှ မရွေ့လျားနိုင်ဘဲ ရှိနေသေးသည်ကိုကား ရန်သူ့စစ်သားများက မသိကြပါချေ။

သို့နှင့်တင့်ကားအဖွဲ့သားများက တင့်ကားကို တစ်ကြိမ်ထပ်မံ ရုပ်ဖျက်ပြီးသော အခါတွင်မူ သန်းခေါင်သို့ပင် တိုင်ခဲ့လေပြီ။

ယခုမူ ရန်သူ့ပစ်ခတ်မှုမှာ လုံးဝရပ်စဲသွားပြီဖြစ်သကဲ့သို့ ဆုခ်ယွန်ဒေါင် မြောက်ဘက်တောင်ကုန်းဆီမှ သေနတ်ပစ်ဖောက်သံများလည်း တစ်ချက်တလေမျှပင် မကြားရပါတော့ချေ။

ထိုသို့ရှိရာမှ မိုးက သုန်သုန်မှုန်မှုန် ရွာသွန်းလိုက်သည်တွင် ကိုယ်လည်းနွမ်း၊ စိတ်လည်းပန်းနေကြပြီဖြစ်သော တင့်ကားအဖွဲ့သားများမှာ မိုးပုလဲပွင့်များခေါ်ဆောင်ရာ အိပ်မက်ကမ္ဘာအသီးသီးဆီသို့ ကျိုးနွံစွာ လိုက်ပါသွားကြလေတော့သည်။

ယန်အာဂျူသည် သားရေထိုင်ခုံကို မှီရင်း အိပ်ပျော်ရန်ကြိုးစားကြည့်နေမိသော်လည်း အတွေးမြောက်မြားစွာက သူ့ဦးနှောက်အား နားနေခွင့်မပေးသဖြင့် သူ၏ကြိုးစားမှုမှာ အချည်းနှီးဖြစ်နေလေသည်။ တစ်ချိန်တည်းမှာပင် သူ့ခြေဖဝါးမှ ပြည်တရွှမ်းရွှမ်းဖြစ်နေသော အနာများကလည်း သူ့အသည်းကို အပ်နှင့်ဆွသည့်နှယ် နှိပ်စက်က လူပြုနေကြလေပြီ။

သို့နှင့်သူသည် အနီးရှိ မီးခလုတ်တစ်ခုကိုဖွင့်ကာ အနာများကိုကြည့်ရှုရန် ခြေအစုံမှ ရွှံ့အလိမ်းလိမ်းဖြစ်နေသည့် ပတ်တီးများကိုဖြေလိုက်သည်။

ဝါကြန့်ကြန့် မီးရောင်ကလေးအောက်တွင်ကား သူ့အနာများမှာမူ ကြည့်ဝံ့စရာ ပင်မရှိတော့။

ဓားဖြင့် အထပ်ထပ်မွှန်းထားသည့် ငါးတစ်ကောင်ကို ဆားသိပ်ထားဘိသို့ ပြည်တရွှမ်းရွှမ်း ဖြစ်နေသည့်အထဲတွင် ရွှံ့သဲများဖြင့်လည်း အပြည့်ဖြစ်နေပေပြီ။

မကြာမီမှာပင် သူသည် အသည်းခိုက်မျှ နာကျင်နေသည်ကို အောင့်အည်း
mgyoe.com

mgyoe.com

သည်းခံရင်း အနာမှပြည်ပုပ်များကို ညှစ်ထုတ်လိုက်ပြီး ရှေးဦးသူနာပြု ဆေးဘူးကလေးကိုထုတ်ကာ အနာကိုဆေးထည့်ခြင်း၊ ပတ်တီးအသစ်လဲခြင်းများကို ပြုလုပ်လိုက်သည်။

အခြားရဲဘော်များမှာမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီး သူတို့၏ဟောက်သံများမှ ဖြစ်ပေါ်လာသော အသံလှိုင်းများမှာလည်း တင့်ကားထဲတွင် စည်းချက်ညီညီ ဝိုင်းကြီးပတ်ပတ်လှည့်လည်နေကြသည်။

ဤနှယ် နွမ်းနယ်နေကြသော ရဲဘော်များ၏မျက်နှာကို ကြည့်မိလိုက်သောအခါတွင်လည်း ယန်အာဂျူမှာ မိမိနှင့်သေဖော်သေဖက် ရဲဘော်များကို ဂရုဏာမသက်ဘဲ မနေနိုင်အောင် ဖြစ်ရပြန်သည်။ သို့နှင့်သူသည် သူ့ဘေးတွင် တန်းလန်းချထားသော ဆူရှိတေး၏ လက်တစ်ဖက်ကို ဖြည်းညင်းစွာ မယူလိုက်ပြီး ရင်ဘတ်ပေါ်သို့ ပြန်တင်ပေးလိုက်သည်။ သူသည် သူ့ရဲဘော်များအား အနှောင့်အယှက်မရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျစေချင်သည်။ ထို့နောက် သူသည် တင့်ကားထဲတွင် အိုက်စပ်စပ်ဖြစ်နေသည်ကို သတိပြုမိပြန်သဖြင့် တင့်ကားအဖုံးကိုဖွင့်လိုက်ပြီး ပြင်ပမှ အေးမြသောလေကို တင့်ကားအတွင်းသို့ ဝင်စေပြန်သည်။ သူ၏လှုပ်ရှားမှုအားလုံးတို့မှာ ရင်နှစ်သည်းချာထက်ပင် ချစ်ရသော မြေးအနှစ်တို့ကို တယုတယ ကြင်နာပိုက်ထွေးနေသည့် ဘွားအေအိုကြီးသို့နှယ် နူးညံ့သိမ်မွေ့လှသည်။ မိမိ သွေးသောက်ရဲဘော်များအပေါ်သည်မှု စေတနာထက်သန်သော ခေါင်းဆောင်ပါပေ။

သန်းခေါင်ယံလွန်မှပင် သူ့အသည်းကို အပ်နှင့်ဆွနေကြသောအနာများက သူ့အား ချမ်းသာခွင့်ပေးလိုက်တော့သည်။ သို့သော် သူသည် ရဲဘော်များ အိပ်မောကျနေစဉ် နိုးနိုးကြားကြားရှိနေရမည်မှာ သူ့တာဝန်ဖြစ်သည်ဟူသော အသိဖြင့် ငိုက်မျဉ်းစပြုနေပြီဖြစ်သော သူ့မျက်လုံးအစုံကို အဓမ္မဖြဲကာ သူအကြိုက်နှစ်သက်ဆုံးသီချင်းတစ်ပုဒ်ကို ညည်းရင်း အိပ်ချင်စိတ်များကို မောင်းနှင်ထုတ်နေလေသည်။

ယခု သူညည်းနေသော သီချင်းမှာမူကား ဇာတိရပ်ရွာမှ မြေရှင်ပဒေသရာဇ်ကြီးတစ်ဦး၏ လယ်ယာမြေပေါ်တွင် စာရင်းငှားလုပ်ခဲ့ရစဉ်က မိဘများထံမှ ကျက်မှတ်ခဲ့ရသော သီချင်းကလေးပင်တည်း။

ယင်းသို့ရှိခိုက် တင့်ကားအပြင်ဘက်မှ ရုတ်တရက် စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံတစ်သံကို ကြားလိုက်သည်။

"၂၁၅... ၂၁၅"

mgyoe.com

mgyoe.com


ယန်အာဂျူသည် အနီးမှ ရဲဘော်များကိုမနိုးစေရန် အသာအယာထ၍ ချောင်းကြည့်ပေါက်မှ အပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်သည်။

အပြင်ဘက်မှ တကြော်ကြော် ခေါ်နေသူများမှာကား စောစောက လာရောက်ကူညီခဲ့ကြသော လမ်းဖောက်ရဲဘော်လေးယောက်ပင်ဖြစ်ပါ၏။

"စစ်ဆင်ရေးမှူးက ရဲဘော်တို့တင့်ကားကို ချက်ချင်းကယ်တင်ရမယ်လို့ အမိန့်ပေးလိုက်တယ်။ ရဲဘော်တို့အတွက် လုပ်စရာတာဝန်သစ်တစ်ခု ပေါ်ကောင်းပေါ်လာလိမ့်မယ်လို့လည်း မှာလိုက်သေးတယ်"

အဖွဲ့ခေါင်းဆောင်က ယန်အာဂျူအား သတင်းပို့လိုက်သည်။

"ဒီလိုဆို ဟန်ကျတာပေါ့ဗျာ"

ယန်အာဂျူက အာလုပ်သံကြီးဖြင့် ဝမ်းသာအားရပြောသည်။ ယခင်က ခံစားနေရသော ကိုယ်လက်နွမ်းနယ်မှုများမှာလည်း ရုတ်ခြည်း သူ့ကိုယ်မှ ဖယ်ခွာသွားသည်ဟု သူထင်လိုက်မိသည်။

သို့နှင့် သူသည် နွံအိုင်ထဲသို့ တစ်ကြိမ်ထပ်မံ ဆင်းခဲ့ရပြီး တင့်ကားအောက်တွင် ကိုယ်တစ်ပိုင်းသွင်းကာ လမ်းဖောက်ရဲဘော်လေးယောက်နှင့်အတူ တင့်ကားကယ်တင်ရေးကို လုံးပန်းရပြန်လေတော့သည်။

မိုးပုလဲတို့ လွင့်ပါးသွားကြပြီဖြစ်၍ လေရူးပင် မြူးကြွနေလေပြီ။

ကောင်းကင်တစ်ခိုတွင်လည်း အရုဏ်ဦးရောင်နီသည်ပင် ညကမ္ဘာကို လှစ်ခွာရင်းမှ နေ့သစ်ဦး၏နေခြည်နုအဖြစ်သို့ ကူးပြောင်းခဲ့လေပြီ။

ထိုအခါ မည်းမည်းလှုပ်နေသော မိုးတိမ်တို့သည် လူးကာလိမ့်ကာဖြင့် အနောက်အရပ်ဆီသို့ တလွန့်လွန့် ယွန်းခဲ့ကြသည်တွင် နီကြင့်ကြင့် နေခြည်တန်းများကလည်း လူးလိမ့်ရွေ့လျားနေသည့် မိုးတိမ်မည်းမည်းကြားမှ ဖွားရရာလျက် အလုအယက် ထွက်ခဲ့ကြပြီး အရှေ့အရပ်အား ရွှေမှုန်တို့ဖြင့် ပက်ဖျန်းလိုက်ပြန်သည်။

ယနေ့သည် အမှန်ပင် သာတောင့်သာယာ ရှိလှသောနေ့တစ်နေ့တည်း။

ဤနှယ်နေခြည်ဆမ်းသည့် နေ့တစ်နေ့အား မိုးတောရေတောတွင် ညလည်ပတ်လုံး တိုက်ပွဲဝင်ခဲ့ကြရသည့် ရဲဘော်များအနေဖြင့် အဘယ်သို့လျှင် မင့်လင့်မကြိုဆိုဘဲနေနိုင်ပါအံ့နည်း။

သို့တစေ ယန်အာဂျူကမူ အချိန်တိုင်းကို မည်းမည်းမှောင်နေသည့် ညများချည်းဖြစ်စေချင်သည်။ ဤသို့သော မိုးမှောင်ညတစ်ညမှ နေသာသော နေ့သစ်တစ်နေ့

mgyoe.com

mgyoe.com


အဖြစ်သို့ ကူးပြောင်းသွားမည်ကိုပင် အလွန်တရာမှ စိုးရိမ်ကြောင့်ကြခဲ့ရသည်။

အကြောင်းသော်ကား အမှောင်ကင်း၍ အလင်းရောက်သည်နှင့် ညွှန်ပျောင်းတို့ ဖြင့်ပြီးသောလမ်းပေါ်မှ သူတို့တင့်ကား၏ ချိန်းကြိုးရာကြီးများကို ရန်သူ၏ အမြောက် အကဲကြည့်စခန်းများက အနီးကပ်စစ်ဆေးကြမည်ဖြစ်ပြီး ရန်သူ့ကင်းထောက် လေယာဉ်များကလည်း တက်သစ်နေဝန်းနောက်မှ ထက်ကြပ်လိုက်ပါလာကြတော့မည် ဖြစ်သောကြောင့်တည်း။

မကြာပါချေ။ ဝေဟင်ထက်မှ ရန်သူ့လေယာဉ်သံများကို ကြားလိုက်ရသည်။ ယင်းတဝီဝီသံများ ထွက်ပေါ်လာပြီးနောက် မရှေးမနှောင်းမှာပင် ရန်သူ့လေယာဉ် အုပ်စုများက ယန်အာဂျူတို့၏ ဦးခေါင်းထက်ဝယ် ကိုယ်ထင်ပြလာကြသည်။

ဤတွင် ယန်အာဂျူက လမ်းဖောက်ရဲဘော်လေးယောက်အား တင့်ကားနှင့် မလှမ်းမကမ်းတွင် တူးထားသည့် ကတုတ်ကျင်းများအတွင်းသို့ ပြေးဝင်ရန် ညွှန်ကြား လိုက်သည်။ သူကိုယ်တိုင်ကမူ တင့်ကားအနီးတွင် မားမားရပ်ကာ ညဥ့်ဦးယံက ပြုလုပ် ခဲ့သော တင့်ကားရုပ်ဖျက်မှုကို ပိပိရိရိ ရှိ၊ မရှိ စစ်ဆေးပြီး အတန်ကြာမှပင် တင့်ကား ပေါ်သို့ လှမ်းတက်ခဲ့လေသည်။

တင့်ကားထဲ၌ကား ရဲဘော်များသည် မျက်ကြည့်ကိရိယာအနီးတွင် စုရုံးရောက် ရှိနေကြပြီး ပြင်ပသို့ အာရုံစိုက်နေကြသဖြင့် မျက်စိရေနားပါ အလုပ်များနေကြသည်။ ယခုမူ မိခင်အုပ်စုမှခွဲထွက်ကာ အနိမ့်သို့ထိုးဆင်းလာကြသော ရန်သူ့လေယာဉ်သုံးစီး မှာ အတောင်တစ်ဖက်ကို ငဲ့စောင်းရင်း သူတို့၏ဦးခေါင်းထက်သို့ ထိုးဆင်းလာလေပြီ။

၎င်းတို့၏ အမူအရာမှာလည်း တစ်စုံတစ်ခုကို သဲသဲမဲမဲ ရှာဖွေနေသည့် အမူ အရာဖြစ်သည်။

ထိုစဉ် မျက်ကြည့်ကိရိယာအနီး၌ ဝိုင်းထိုင်နေကြသော ရဲဘော်များမှာ အမြောက် ပစ်သံများကို မမျှော်လင့်ဘဲကြားလိုက်ရပြီး မိမိတို့၏ဦးခေါင်းထက်မှ ရန်သူလေယာဉ် များ၏ အနီးတစ်ဝိုက်ဝယ် အမြောက်ဆန်ပေါက်ကွဲရာမှ ကျန်ရစ်ခဲ့သော မည်းမည်း အစက်များ ပေါ်ပေါက်လာသည်ကို မြင်လိုက်ကြရသည်။ ယင်းမည်းမည်းအစက်များ သည် ပထမတွင် ရန်သူ့လေယာဉ်ဦးပိုင်းနှင့် မယုတ်မလွန်တွင်လည်းကောင်း၊ အမြီး ပိုင်းနှင့် မလှမ်းကမ်းတွင်လည်းကောင်း ပေါ်ပေါက်လျက်ရှိရာမှ ခဏမျှကြာသောအခါ ရန်သူ့လေယာဉ်၏ ဝဲယာတောင်ပံများဆီသို့ ကူးပြောင်းပေါ်ပေါက်နေကြပြန်သည်ကို တစ်ဆက်တည်း မြင်လိုက်ကြရပြန်လေသည်။

mgyoe.com

mgyoe.com


ထိုအခါ ယန်အာဂျူ အမှူးပြုသည့်တင့်ကားအဖွဲ့ဝင်အားလုံးတို့သည်လည်း မိမိတို့၏ ညီအစ်ကိုတော် အမြောက်စခန်းတစ်ခုခုက ရန်သူ့လေယာဉ်များအား ပစ်ခတ်တိုက်ခိုက်နေပြီဖြစ်ကြောင်း ချက်ချင်း သဘောပေါက်သွားကြတော့သည်။

ဤနည်းဖြင့် ရန်သူ့လေယာဉ်များမှာ အမြောက်ဆန်များကို ပွတ်ကာသီကာ ရှောင်တိမ်းနေကြရသကဲ့သို့ အမြောက်ဆန်များကလည်း ၎င်းလေယာဉ်များနှင့် နီးနိုင်သမျှ နီးအောင်တိုးကပ် ပေါက်ကွဲနေကြလေတော့သည်။

"ကျွန်တော်တို့ရဲ့ လေယာဉ်ပစ်အမြောက်က ကျွန်တော်တို့ကို အကူအညီပေးနေကြပြီဗျို့"

ဆူရှိတေးက ဝမ်းသာအားရကြည့်လိုက်သည်။

"ကြည့်လိုက်ကြစမ်းဗျာ၊ ကျွန်တော်တို့ရဲ့ ရဲဘော်တွေပစ်လိုက်တာ ဘယ်လောက် ကြည့်ကောင်းလိုက်သလဲလို့။ ဟော... ဟော ပြောရင်းဆိုရင်း ရန်သူ့လေယာဉ်တွေကို တိမ်တိုက်တွေနောက်ကို မောင်းထုတ်လိုက်ကြပြီ။ ငတိတွေထွက်ပြေးတဲ့အသံကို နားထောင်ပါဦးဗျာ။ ဆောင်းဦးပေါက်လာလို့ တစ်ရက်နှစ်ရက်အတွင်းမှာ သေရတော့မယ့် ယင်ကောင်တွေ တဝီဝီအော်နေတာနဲ့ မတူဘူးလား"

ဆူရှိတေးက ဥပမာ၊ ဥပမေယျနှင့် ရန်သူလေယာဉ်ပျံများ အမြီးကုပ်ပြေးကြပုံကို ဖွင့်ဆိုနေပြန်သည်။

တင့်ကား၏ တောင်ဘက်မနီးမဝေးသို့ ဗုံးလေးငါးလုံးခန့် ဆင့်ကဲဆင့်ကဲ ကျလာလေရာ မြေတုန်အောင်ပင် မြည်ဟည်းလိုက်သည့် ပေါက်ကွဲသံကြီးများကို နားကွဲလုမတတ် ကြားလိုက်ရပြီး တင့်ကားအနီးတွင်လည်း မိုးယံတိုင်မြင့်မားသည့် မီးခိုးလုံးကြီးများနှင့် မှောင်မည်းသွားလေတော့သည်။ တစ်ဆက်တည်းမှာပင် တစ်ဦးတစ်ယောက်က သဲကိုလက်ဖြင့်ဆုပ်၍ ပက်လိုက်သည့်နှယ် ကျောက်စွန်းကျောက်တက် သံစခဲစ ဗုံးဆန်အစအနများလည်း အရှိန်အဟုန်ပြင်းစွာ တင့်ကားပေါ်သို့ စုပြုံကျရောက်လာကြသည်။ ဤတွင် တင့်ကားအဖွဲ့သားများမှာ မိမိတို့တင့်ကားကို ရန်သူ့လေယာဉ်များက တွေ့မြင်သွားကြပြီလောဆိုသည့် အတွေးကို ရင်ဝယ်ကိုယ်စီပိုက်ရင်း နှုတ်ဆိတ်နေကြ လေတော့သည်။ သို့သော် ပေါက်ကွဲသံကြီးများစဲသွား၍ အပြင်သို့ ထွက်ကြည့်လိုက်ကြ သောအခါတွင်မူကား ရန်သူ့လေယာဉ်များ လာရာလမ်းသို့ ပျံသန်းသွားပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် တွေ့လိုက်ရလေတော့သည်။

"ရန်သူက ဒီနေရာကို မမြင်ဘဲနေမှာမဟုတ်ဘူး ရဲဘော်တို့"

mgyoe.com

mgyoe.com


ယန်အာဂျူက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်ပြီး ဆူရှိတေးကို မျက်ရိပ်ပြ၍ အမိန့်ပေးလိုက်သည်။

"ရဲဘော်က ကိုယ်လုံးကိုယ်ထည်သေးတယ်၊ အောက်ဆင်းပြီး တင့်ကားရုပ်ဖျက်မှု အခြေအနေကို ကြည့်ကွာ၊ တင့်ကားရုပ်ဖျက်မှု ပိရိနိုင်သမျှပိရိမှ ကောင်းမယ်ဟေ့"

ခဏမျှအကြာတွင် ဆူရှိတေးသည် တင့်ကားပေါ်သို့ ပြန်တက်ပြီး တပ်စုမှူးထံ သတင်းပို့သည်။

"တကယ့်ကို ရယ်စရာကောင်းနေတာပဲဗျို့၊ စောစောက ကျွန်တော်တို့နားမှာ ကျခဲ့တဲ့ဗုံးတွေက ကျွန်တော်တို့တင့်ကားပေါ်က ရွှံ့အဟောင်းတွေကို ခွာချလိုက်ပြီး ရွှံ့အသစ်တွေနဲ့ ပြန်ဖို့ပေးခဲ့တယ်။ နောက်ပြီးတော့လည်း ကျွန်တော်တို့တင့်ကားကို နောက်ဆုံးပေါ် ရုပ်ဖျက်နည်းနဲ့ ရုပ်ဖျက်ပေးခဲ့သေးတယ်"

"ဘာလဲဟေ့၊ တို့ စိုက်ထားတဲ့ သစ်ကိုင်းတွေများ ပြုတ်ကျထွက်ကုန်ပြီလားကွာ"

"မဟုတ်ပါဘူး တစ်ကိုင်းနှစ်ကိုင်းလောက်ပဲ ပျောက်နေပါတယ်။ ဒါပေမဲ့ ပျောက်သွားတဲ့ သစ်ကိုင်းတွေအစား ကျွန်တော်တို့ကားပေါ်မှာ ပန်းတွေတော့ တစ်ပွေ့တစ်ပိုက်ကြီး ရောက်နေတယ်"

ဆူရှိတေးသည် တပ်စုမှူး၏အမေးကို ပြန်ဖြေရင်း သူ့လက်ထဲမှ တောပန်းနီနီကလေးများကို ရဲဘော်များမြင်အောင် ပြလိုက်သည်။

"ဘယ်လောက်များ လှလိုက်သလဲဗျာ ကြည့်စမ်းပါဦး။ ကျွန်တော်တို့အရပ်မှာ တောင် တော်တော်ရှားရှားပါးပါး ရှာယူရတဲ့ပန်းမျိုးဗျ။ တစ်ခါတလေ တင့်ကားပန်းထိုးချင်လို့ ရှာတာတောင်မရဘူး"

ထိုအခါ တင့်ကားပေါ်ရှိ ရဲဘော်အားလုံးတို့သည် ဆူရှိတေး၏ လက်ဝါးပေါ်မှ တောပန်းနီနီကလေးများကို မျက်လုံးအဝိုင်းသားနှင့် ကြည့်လိုက်ကြပြန်သည်။ ပန်းကလေးများမှာလည်း အမှန်ပင်လှပကြပါပေသည်။ ပန်းကလေးတစ်ပွင့်တိုင်းတွင် ပွင့်ဖတ်နီနီကလေး ခြောက်ခုစီပါရှိပြီး ၎င်းပွင့်ဖတ်ကလေးများပေါ်တွင်လည်း မိုးရေကလေးများနှင့် ရွှံ့စက်ကလေးများက နေရာအနှံ့ ဖြစ်နေကြသည်မှာ ပုလဲလုံးကလေးများ စီခြယ်ထားသည်နှင့် တူနေလေတော့သည်။

ဤတွင် တင့်ကားအဖွဲ့ဝင်အားလုံးတို့သည်လည်း ပန်းပွင့်ကလေးများတင့်ကားပေါ်သို့ ရောက်ရှိနေကြပုံကို တအံ့တဩ တွေးတောနေမိကြလေတော့သည်။

mgyoe.com

mgyoe.com


ဤပန်းပွင့်ကလေးများကို တင့်ကားပေါ်သို့ မည်သူဆောင်ယူ ဖြန့်ကြဲထားခဲ့လေသနည်း။ မိမိတို့ကိုယ်တိုင်ပင်လျှင် ၎င်းပန်းပွင့်ကလေးများကို တင့်ကားရုပ်ဖျက်ရန် တန်ဆာဆင်ခဲ့စဉ်က အမှတ်မထင် ဖြန့်ကြဲမိခဲ့ခြင်းပေလော။ သို့မဟုတ်မူ အကူအညီလာရောက်ပေးခဲ့သည့် လမ်းဖောက်ရဲဘော် လေးယောက်ပင် ဖြန့်ကြဲခဲ့ကြခြင်းပေလော။ ထိုသည်မှလွဲလျှင်ကား ရန်သူ့လေယာဉ်များ ဗုံးကြဲချခဲ့စဉ်က ဗုံးပေါက်ကွဲရာမှ ရွှံ့နွံများနှင့်အတူ ကပ်ပါလာခြင်းပင် ဖြစ်တန်ရာပေသည်။

သူတို့၏ အတွေးအမျှင်များမှာ တိမ်တောင်တိုင်လေပြီ။

အမှန်ဆိုမူ ၎င်းတို့၏အတွေးတစ်ခုစီပင် မှန်ကန်နိုင်စရာ အကြောင်းရှိပါ၏။ သို့သော် မည်သည့်အတွေးက ပို၍မှန်ကန်သည်ဆိုသည်ကိုမူ မည်သူမျှ အတပ်ပြောနိုင်မည်မထင်ပါချေ။

"ဒီပန်းကလေးတွေကို သိမ်းထားပြီး ကျွန်တော်တို့အရပ်က မျိုးချစ်ရဲဘော်တွေဆီကို ပို့လိုက်ရင် မကောင်းဘူးလားဟင်။ ဒီလိုပန်းမျိုးကို လက်ဆောင်အဖြစ်ပေးမှပေးရကျိုးနပ်တယ်ဗျ"

စူချင်ချိန်းက ရဲဘော်တိုင်း၏စိတ်ထဲတွင် ကိန်းဝပ်နေသည့် တူညီသော ဆန္ဒကို ဖော်ထုတ်လာသည်။

ထိုစဉ်တင့်ကား အဖွဲ့သားများ၏ ပျော်ရွှင်ဖွယ်ကောင်းလှသော စကားဝိုင်းကလေးကို အနီးကပ်ဆင့်ကဲ ပေါက်ကွဲသွားသော ဗုံးသံများက လွှမ်းမိုးသွားခဲ့ပြန်လေသည်။

ယန်အာကျူက တင့်ကားချောင်းကြည့်ပေါက်မှ ခေါင်းပြူ၍ကြည့်လိုက်ရာ နှင်းဖုံးသည့် ဆောင်းရာသီ နံနက်ခင်းတစ်ခုနှယ် တင့်ကား၏ အရပ်လေးမျက်နှာတွင် မီးခိုးလုံးကြီးများဖြင့် ပတ်ပတ်လည်ဝိုင်းနေသည်ကို မြင်လိုက်ရပေသည်။ ဤသို့ ရန်သူ့အမြောက်စခန်းများက တစ်ကျော့ပြန်လည် ပစ်ခတ်နေကြပြီဖြစ်၍ အမြောက်ဆန်အနီးဝန်းကျင်တွင်ကျတိုင်း တင့်ကားမှာလည်း သိမ့်သိမ့်တုန်နေရလေတော့သည်။

ဤအခြေအနေတွင် ဤသို့သောအခက်အခဲမျိုးကို ဖြေရှင်းနိုင်ရန်မှာ နည်းလမ်းတစ်ခုပင်ရှိသည်။ ဤနည်းလမ်းမှာ တင့်ကားအတွင်း၌ရှိသော လျှပ်စစ်ပန်ကာကို ဖွင့်လိုက်ရန်သာဖြစ်သည်။ သို့သော် လျှပ်စစ်ဓာတ်အားမှာ တင့်ကားအတွက် အရေးကြီးလှပေသည်။ လျှပ်စစ်ဓာတ်အားမရှိလျှင် တင့်ကားရွေ့လျားနိုင်မည် မဟုတ်သကဲ့သို့ အမြောက်ကိုလည်း အသုံးပြုနိုင်တော့မည်မဟုတ်ပေ။ ထို့ပြင် ဘက်ထရီအိုးများထဲတွင်

mgyoe.com

mgyoe.com

လည်း လျှပ်စစ်ဓာတ်အား အနည်းငယ်မျှသာ ကျန်ရှိတော့သည်။

ထို့ကြောင့်ပင် တင့်ကားအဖွဲ့သားများသည် ကာယိကဒုက္ခကို မခံမရပ်နိုင်လောက်အောင် ခံစားနေကြရသော်လည်း လျှပ်စစ်ပန်ကာဖွင့်ရန်ကိုမူ မည်သူကမျှ အဆိုတင်သွင်းခြင်း မပြုကြပေ။ ယန်အာဂျူသည် မိမိရဲဘော်များ ဤသို့ ဣန္ဒြေပျက်အောင် မူးဝေနေကြသည်ကို တွေ့မြင်ရသောအခါ ပန်ကာကိုဖွင့်ရန် အကြိမ်ကြိမ်ပင် စိတ်ထဲမှကျိတ်၍ ကြံစည်မိခဲ့သည်။ သို့ရာတွင် သူပန်ကာဖွင့်ရန် ဟန်ပြင်လိုက်တိုင်း ရဲဘော်များက

"လျှပ်စစ်ဓာတ်အားဟာ တင့်ကားအတွက် သေရေးရှင်ရေးလောက် အရေးကြီးပါတယ် တပ်စုမှူးခင်ဗျာ။ ကျွန်တော်တို့ အခုခံစားနေရတဲ့ ဒုက္ခကို တခြားနည်းလမ်းနဲ့ ဖြေရှင်းရင်ရနိုင်ပါတယ်။ ပန်ကာကိုတော့ မဖွင့်ပါနဲ့" ဟူ၍ တညီတညွတ်တည်း ဆိုကြသဖြင့် ပန်ကာဖွင့်ရန် လှမ်းနေသောလက်ကို ပြန်ရုပ်သိမ်းခဲ့ရသည်ချည်း ဖြစ်သည်။

သို့ဖြစ်ရာ ရဲဘော်များ သက်သာခွင့်ရရေးအတွက် နောက်ဆုံးလုပ်ရန် ကျန်ရှိသော ခလုတ်မှာမူ ရန်သူဘက်မှ အပစ်အခတ်ရပ်နားသည့် အခိုက်အတန့်များတွင် တစ်ဦးတစ်ယောက်ကစောင့်၍ တင့်ကားအဖုံးကိုဖွင့်ပေးပြီး ပြင်ပမှလေကောင်းလေသန့်များကို သွင်းယူရန်ပင်ဖြစ်လေသည်။ သို့ပြုလုပ်ပြီးစီးသည့်တိုင်အောင် တင့်ကားထဲတွင် သံမဏိကျိုချက်သည့် ဖွင့်ခွက်ကြီးပမာ ချစ်ချစ်တောက်ပူမြဲတိုင်း ပူနေသေးပြန်ရာ ရဲဘော်များမှာ အရှင်လတ်လတ် မီးမြိုက်ခံနေရသကဲ့သို့ အပူဒဏ်ကို ခံစားနေရလေတော့သည်။

ဤနည်းဖြင့် မကြာမီမှာပင် တင့်ကားအတွင်းရှိ လေထုမှာ ရဲဘော်အားလုံးအတွက် မလောက်မငသော အခြေအနေတို့ ဆိုက်ခဲ့လေတော့သည်။

သို့နှင့် အချိန်အတန် ကြာညောင်းခဲ့ပြန်သည်တွင် နှုတ်ခမ်းများဖြူ၍ မျက်နှာတွင် သွေးဆုတ်နေပြီဖြစ်သော ချန်ဝင်ကွေးမှာ တင့်ကားထိုင်ခုံတစ်ခုကို မှီကာ ဝင်သက်ထွက်သက်ကို ကြိုးစား၍ ရှူရှိုက်နေပြီး ဆူရှိတေးမှာကား သူ့အခြေအနေကို သူရိပ်စားမိသဖြင့် ဆေးလုံးနှစ်လုံးကို အာခေါင်ထဲသို့ ပစ်ခတ်ချိန်သွင်းလိုက်ပြီးနောက် ကပျာကသီ မျိုချလိုက်ရလေသည်။

စူချင်ချိန်းမှာ ဣန္ဒြေပျက်အောင် မူးဝေနေသဖြင့် ထိုင်ခုံပေါ်တွင် မတ်မတ်ပင် မထိုင်နိုင်ဘဲရှိရာမှ အမြောက်ပြောင်းအနီးသို့ ကိုယ်ကို တရွတ်ဆွဲခဲ့ပြီး ပြောင်းဝမှစင်

mgyoe.com

mgyoe.com


လာသောလေကို ရှူရှိုက်နေရသည်။ ရှီဟာန်ရှန်မှာလည်း အော့အန်၍နေပြီး မခံမရပ်နိုင်သည့်အဆုံးတွင် တပ်စုမှူးထံ အမိန့်ခံရလေတော့သည်။

"တပ်စုမှူးခင်ဗျာ၊ ကျွန်တော့်ကို တင့်ကားအောက် ခဏလောက်ဆင်းခွင့်ပြုပါ။ ဒီအထဲမှာ ကျွန်တော် မနေနိုင်တော့လို့ပါခင်ဗျာ"

ယန်အာဂျူမှာလည်း အခြားရဲဘော်များနည်းတူ မူးဝေ၍နေလေရာ ပူပြင်းလှသည့်အထဲ အသက်ရှူရသည်မှာလည်း ကျပ်တည်းလှသဖြင့် လည်မျိုကို တစ်ဦးတစ်ယောက်က ဖျစ်ညှစ်နေသကဲ့သို့ ခံစားနေရသည်။ သို့ဖြစ်လင့်ကစား သူကိုယ်တိုင်လည်း အန္တရာယ်များလှသော တင့်ကားအပြင်ဘက်သို့ထွက်၍ အချည်းနှီး မစွန့်စားလိုသကဲ့သို့ သူ့ရဲဘော်များကိုလည်း တင့်ကားအပြင်ဘက်သို့ ထွက်ခွင့်ပေးရန် ဝန်လေးနေလေသည်။ သို့နှင့်သူသည် တအန်တည်းအန်နေသော ရှီဟာန်ရှန်အား ဖေးမ၍ အမြောက်ပြောင်းအနီးသို့ ခေါ်ခဲ့ပြီး ပြင်ပမှလေသန့်ကို ရှူရှိုက်စေလေတော့သည်။

ယင်းသို့ ယန်အာဂျူသည် ရဲဘော်များနေသာထိုင်သာရှိစေရန် တတ်နိုင်သမျှ ပြုစုနေရာမှ အချိန်အတန်ငယ်ကြာသည့်တိုင်အောင် ရဲဘော်များ၏ အခြေအနေမှာ ထူးထူးခြားခြား ကောင်းမွန်လာသည်ကို မတွေ့ရသောအခါ စစ်ဆင်ရေးဌာနချုပ်သို့ ကြိုးမဲ့ကြေးနန်းစက်ဖြင့် အခြေအနေအရပ်ရပ်ကို အစီရင်ခံလိုက်ပြီး ရှေ့တွင် မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ကိုပါ အမိန့်ခံလိုက်ရလေတော့သည်။

စစ်ဆင်ရေးမှူးသည် ရဲဘော်များအပေါ်တွင် သံယောဇဉ်ကြီးမားသူ ဖြစ်လေရာ ယန်အာဂျူ၏ အစီရင်ခံချက်ဆုံးသည်နှင့် "အဲဒီလို အခြေအနေဆိုးရင်တော့ ရဲဘော်ကောင်းမယ်ထင်သလို ကြည့်လုပ်နိုင်ပါတယ်။ ဒီလိုလုပ်လေ၊ တင့်ကားထဲမှာ ရဲဘော်နှစ်ယောက်ချန်ထားပြီး ကျန်တဲ့ရဲဘော်တွေကို အပြင်ထွက်ဖို့ ခွင့်ပေးပေါ့ ဟုတ်လား...၊ အပြင်မှာ အကာအကွယ်ယူထားဦး" ဟူသောအကြံပေးချက်နှင့်အတူ တင့်ကားအဖွဲ့သားများကို တင့်ကားအပြင်သို့ ထွက်နေခွင့်ပြုလိုက်သည်။

စစ်ဆင်ရေးမှူး၏ခွင့်ပြုချက်ကို ကြားလိုက်ရသောအခါတွင်ကား ယန်အာဂျူမှာ အေးမြသည့်လေကို ရင်အပြည့် ရှူရှိုက်ခွင့်ရသည့်နှယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေတော့သည်။

တစ်ဆက်တည်းမှာပင် သူသည် ရဲဘော်များအား တင့်ကားပေါ်မှ ဆင်းခိုင်းရမည့်အရေးတွင် မည်မျှအခက်အခဲ တွေ့ရမည်ကိုလည်း အမှတ်မထင် တွေးတောလိုက်မိသည်။

mgyoe.com

mgyoe.com


သို့ဖြင့် သူသည် စကားပြောခွက်ကို ပြန်ချထားပြီးနောက် ဆောင်းထားသည့် သံခမောက်ကို နောက်သို့ အနည်းငယ် လှန်တင်လိုက်ရင်း ရဲဘော်များဘက်သို့လှည့်ကာ အသံခပ်အုပ်အုပ်ဖြင့်ဆိုလေသည်။

"ရဲဘော်တို့၊ စစ်ဆင်ရေးမှူးက ငါတို့ရဲဘော်တွေအားလုံး ဘေးမသီရန်မခပါစေနဲ့လို့ မေတ္တာပို့ပါတယ်ကွာ။ နောက်ပြီးညက ငါတို့ရခဲ့တဲ့ အောင်ပွဲအတွက်လည်း ချီးကျူးဂုဏ်ပြုပါတယ်တဲ့ ရဲဘော်တို့။ အေး... ဒီလိုလုပ်ကြကွာ၊ ငါနဲ့ရဲဘော် ရှီဟာန်ရှန်က တင့်ကားပေါ်မှာနေရစ်ခဲ့မယ်။ ကျန်တဲ့ရဲဘော်တွေက အပြင်ထွက်ပြီး ကတုတ်ကျင်းထဲမှာ ဝင်နေနိုင်တယ်ဟေ့"

တင့်ကားအဖွဲ့သားတို့မှာ မူးဝေနေရာမှာ အနည်းငယ်သက်သာခွင့် ရခိုက်တွင် ဤသို့တင့်ကားပေါ်မှ ဆင်းသွားနိုင်သည်ဆိုသော တပ်စုမှူး၏စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသောကြောင့် ရုတ်ခြည်း လှုပ်လှုပ်ရွရွ ဖြစ်သွားလေတော့သည်။

သူတို့လှုပ်ရှားလာခြင်းကား ငရဲတမျှပူပြင်းပြီး လည်မျိုအညှစ်ခံရသကဲ့သို့ အသက်ရှုကျပ်လှသော တင့်ကားအတွင်းမှ အမြန်ဆင်းသက်နိုင်ရန် ပြင်ဆင်လိုက်ကြခြင်းတော့ မဟုတ်ပါပေ။

သူတို့လှုပ်လှုပ်ရွရွ ဖြစ်လာခြင်းမှာကား ဤသို့သော တိုက်ပွဲပြင်းထန်နေစဉ်အတွင်း တာဝန်အရပင် တင့်ကားပေါ်တွင် ရှိနေမည့်အစား တင့်ကားပေါ်မှဆင်း၍ ကတုတ်ကျင်းထဲသို့ဝင်ရန် ညွှန်ကြားနေသောအမိန့်ကိုပြန်၍ ဆင်ခြေထုတ်နိုင်ရန် ပြင်ဆင်လိုက်ကြခြင်းပင်ဖြစ်ပါ၏။

ချန်ဝင်ကွေးကမူ စိုးရိမ်စိတ်လွန်ကဲကာ ရုတ်တရက် ယာဉ်ထိန်းလက်ကိုင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်အားယူလာပြီး တပ်စုမှူးအား စတင်ဆင်ခြေပေးလိုက်သည်။

"တပ်စုမှူးခင်ဗျာ၊ ကျွန်တော်ဟာ ဒီတင့်ကားရဲ့ ယာဉ်မောင်းသမားဖြစ်ပါတယ်။ ဒါကြောင့် ဒီတင့်ကားကြီးဟာ ကျွန်တော်ရဲ့အိမ်ပါပဲ။ အဲဒီတော့ ဒီတင့်ကား ဘယ်မှာရပ်ထားမလဲ၊ ရပ်ထားတဲ့နေရာမှာ ကျွန်တော်နေရပါလိမ့်မယ်"

ဆူရှီတေးကလည်း ၎င်းကိစ္စအတွက် စိတ်မအေးသူဖြစ်လေရာ တစ်ဦးတစ်ယောက်နှင့် အချေအတင် ခိုက်ရန်ဒေါသဖြစ်ပွားနေသည့်အလား အာပေါင်အာရင်း သန်သန်နှင့် ဝင်စွက်လေတော့သည်။

"တပ်စုမှူး၊ ပါတီဝင်တွေနဲ့ ပြည်သူ့လူငယ်အဖွဲ့ဝင်တွေ ပူးတွဲကျင်းပခဲ့တဲ့ အစည်းအဝေးပွဲမှာ ရဲဘော်အားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်းရှိရမယ်။ အခက်အခဲနဲ့

mgyoe.com

mgyoe.com


ရင်ဆိုင်ရတဲ့အခါတွေမှာလည်း အစည်းမပြေဘဲ တစုတစည်းတည်း စည်းစည်းလုံးလုံး စုပေါင်းဖြေရှင်းမယ်လို့ ကျွန်တော်တို့ သစ္စာဆိုခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တင့်ကားထဲက မထွက်ပါရစေနဲ့ခင်ဗျာ"

ဤနှယ်ရဲဘော်များတွင် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရိုးသားပွင့်လင်းမှု၊ တာဝန်သိတတ်မှု စသည့်အရည်အချင်းများကို တွေ့လိုက်ရသောအခါတွင် ယန်အာဂျူမှာ ရဲဘော်များကို ပို၍ပင်လေးစားရုံမျှမက ယခင်ကထက်ပင် ရဲဘော်များအပေါ် တွယ်တာလာမိတော့သည်။

တင့်ကားအရေးကြီးသည်မှာ မှန်၏။ ထို့အတူ ရဲဘော်များနှင့် စိတ်ဝမ်းတစ်ခုတည်း ရှိနိုင်ရန်မှာလည်း အရေးကြီးလှပါ၏။

သို့တစေ သူ့အနေဖြင့် တင့်ကားထဲတွင် ရဲဘော်တွေ မူးမေ့၍ အသက်ပျောက်သွားမှာကိုလည်း မည်သို့မျှ မကြည့်ရက်နိုင်ပေ။ ထို့ကြောင့်ပင် သူသည် ရဲဘော်များကို နားဝင်အောင် ကြိုးစား၍ နားချယူမည်ဟု စိတ်ကူးပြီး ရဲဘော်များဆီသို့ မျက်နှာမူလိုက်သည်။

"စစ်ဆင်ရေးမှူးက ငါတို့အတွက် သိပ်စိတ်ပူနေရှာတယ်။ တင့်ကားထဲမှာ လူနည်းနည်းပဲနေရင် လေပြန်သန့်လာလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ရဲဘော်တွေက အပြင်ခဏထွက်ပေးဖို့လိုတယ်။ ရန်သူအပစ်အခတ် ရပ်တော့လည်း ပြန်တက်လာကြပေါ့"

ယန်အာဂျူ၏ စကားဆုံးသည်နှင့် စူချင်ချိန်းကဝင်၍ ဆိုသည်။

"ရန်သူ အပစ်အခတ် မရပ်မစဲမချင်း ကျွန်တော်တို့ အပြင်ကို မထွက်ချင်သေးဘူး။ သူတို့ပစ်နေတာကလည်း ခဏခဏ ရပ်ရပ်သွားတတ်တော့ အဲဒီလို အပစ်ရပ်နေတုန်း ကျွန်တော်တို့က တင့်ကားအဖုံးကိုဖွင့်ဖွင့်ပြီး တင့်ကားထဲကို လေသွင်းယူကြရင် လေသန့်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် တိုက်ပွဲပြီးဆုံးတဲ့အထိ ကျွန်တော်တို့ တင့်ကားထဲမှာ နေကြပါစို့လားဗျာ။ အနိုင်မခံအရှုံးမပေးတဲ့ တင့်ကားအဖွဲ့သားတွေဟာ တင့်ကားတစ်စီးရဲ့ အဓိကအင်အားစုပဲလို့ တပ်စုမှူးကပဲ ကျွန်တော်တို့ကို မကြာမကြာ ပြောခဲ့ဖူးတယ်မဟုတ်လားခင်ဗျာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တင့်ကားထဲမှာ နေမြဲအတိုင်း ဆက်နေမယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မွန်းပြီးမသေနိုင်ဘူးဗျာ"

"ကျွန်တော်တို့ ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်"

mgyoe.com

mgyoe.com


ဆူရှိတေးနှင့် ချန်ဝင်ကွေးက သံပြိုင်ဝင်ရောက်ထောက်ခံလာကြသည်။

ထို့နောက်တွင်မူ ယန်အာဂျူသည် ရဲဘော်များ၏ သံမဏိတမျှ ခိုင်မာလှသော စိတ်ဓာတ်ကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိပြီး ရဲဘော်များ၏စိတ်ဓာတ်ရေး အခြေအနေမှာ ကောင်းမွန်နေဆဲဖြစ်၍ ထိုမျှသောအခက်အခဲကို အလွယ်တကူ ကျော်လွှားနိုင်လိမ့်မည်ဟု တွက်ချက်လိုက်သည်။ ထို့နောက် သူသည် ရဲဘော်များကို တင့်ကားအတွင်း၌ပင် ဆက်လက်နေခွင့်ပြုရေးအတွက် စစ်ဆင်ရေးမှူးထံ အစီရင်ခံရန် သံခမောက်နားခွက်နှင့် ဆက်သွယ်ထားသော ဝါယာကြိုးကို ကြိုးမဲ့ကြေးနန်းစက်တွင် တပ်ဆင်လိုက်လေတော့သည်။

တစ်စတစ်စနှင့် ရန်သူ့အမြောက်ဆန်များ ရပ်စဲသွားခဲ့သည်။ တင့်ကားအပေါက်ကြီးနှင့် ချောင်းကြည့်ပေါက်များလည်း ဖွင့်ထားဆဲပင်ဖြစ်သည်။ ယခုမူ တင့်ကားအဖွဲ့သားများမှာ မူးဝေနောက်ကျိသော ဝေဒနာမှ လွတ်ကင်းခဲ့ကြပြီဖြစ်သည်။

သို့သော် ဤသို့အခြေအနေ အစစကောင်းမွန်လာစတွင် တောင်အမှတ် ၃၄၆.၆ ဆီသို့ တင့်ကားအတွင်းမှ မျက်ကြည့်ကိရိယာဖြင့် လှမ်း၍ ကြည့်ရှုစစ်ဆေးလိုက်သည်။ ထိုအခါ စောစောက ကျည်သင့်၍ သံပုံဘဝသို့ ရောက်သွားသော တင့်ကားများ၏နေရာတွင် အစိမ်းရင့်ရောင် တင့်ကားနှစ်စီးက ဝင်ရောက်နေရာယူထားသည်ကို လှမ်းမြင်လိုက်ရသည်။ ထိုတင့်ကားနှစ်စီးမှာ တောင်ထွတ်၏ အရှေ့နှင့်အနောက် ချိုးစောင်းတစ်ဖက်တစ်ချက်တွင် ရပ်လျက်ရှိပြီး တင့်ကားနှစ်စီးစလုံး၏ အမြောက်ပြောင်းဝများမှာလည်း မှိုင်းလုံးများအန်ထုတ်လျက်ရှိသည်။ ရန်သူ့တင့်ကားများ၏ ပစ်ကွင်းကား ဆုခ်ယွန်ဒေါင်မြောက်ဘက်တောင်တန်းတည်း။

တစ်ဆက်တည်းမှာပင် သံခမောက်ဆောင်း ရန်သူ့စစ်သားများကိုလည်း တောင်ထွတ်၏ အနောက်တောင်ဆင်ခြေလျှောပေါ်တွင် တွေ့လိုက်ရသည်။ ထိုစစ်သားများကလည်း ဆုခ်ယွန်ဒေါင် တောင်တန်းပေါ်တွင် တပ်စွဲထားသည့် တရုတ်ခြေလျင်တပ်သားများကို တိုက်ခိုက်နေလေပြီ။

"ဟား... ဟား အမဲနှစ်ကောင်တော့ တွေ့ရပြန်ပြီဗျို့ တပ်စုမှူး၊ ကျွန်တော်တို့ အဲဒီနှစ်ကောင်ကို ဖျက်လိုက်ကြစို့။ ဒါမှ ကျွန်တော်တို့ အလံနီကလေးကို အပိုင်ရမှာ"

ဆူရှိတေးက စိတ်အားတက်ကြွစွာဆိုသည်။

"အေး... ဒီအမဲနှစ်ကောင်ကိုတော့ မဖြစ်မနေ ဖျက်ဆီးရမှာပဲကွ။ ငါတို့ ခြေလျင်တပ်တွေကိုပစ်နေတာ ဘယ်လိုလုပ်ပြီး လက်ပိုက်ကြည့်နေလို့ ဖြစ်ပါ့မလဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com


စစ်ဆင်ရေးမှူးက တို့ကို ပစ်မိန့်မပေးသေးဘူး ရဲဘော်"

ယန်အာဂျူက ရန်သူ့တင့်ကားများ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်ရှုရင်းမှ ဆူရှီတေးအား ပြန်ဖြေလိုက်သည်။

"ဒီလိုဆိုရင်လည်း စစ်ဆင်ရေးမှူးဆီ အမိန့်ခံကြစို့ဗျာ"

ဆူရှီတေးသည် ပြောပြောဆိုဆို ကျည်ထိုးအံ့ဖုံးကို ဖွင့်လိုက်ပြီး အမြောက်ချိန်ဂိယာကို လှမ်း၍ဆုပ်လိုက်သည်။

"သိပ်လောလို့မဖြစ်ဘူး ရဲဘော်။ စစ်ဆင်ရေးဌာနချုပ်က အားလုံးစီစဉ်ထားပြီးသားပါ။ မတိုက်ရမှာတော့မပူနဲ့ တိုက်ရမှာပဲ။ အဲဒီလိုတိုက်တဲ့နေရာမှာလည်း အချိန်က အဓိကမဟုတ်ပါဘူး။ တိုက်တဲ့အခါမှာသာ ရန်သူကို ပိုင်ပိုင်နိုင်နိုင် တိုက်နိုင်ဖို့သာ အရေးကြီးတာပါ ရဲဘော်"

ဤသို့ပင် စိတ်ဓာတ်တက်ကြွနေသော ရဲဘော်များအား စိတ်ရှည်ရှည်ထားနိုင်စေရန် ယန်အာဂျူက နှစ်သိမ့်နေရသည်။

ထိုစဉ် ရှီဟန်ရှန်က မျှော်လင့်ချက်ကြီးစွာဖြင့် အဆိုတစ်ခုပြုလာပြန်လေသည်။

"ဒီတစ်ခါပစ်ရရင် စူချင်ချိန်းနေရာကို ကျွန်တော် ဝင်ပစ်ပါရစေလားဟင်။ စူချင်ချိန်းလည်း တော်တော်ပင်ပန်းနေပါပြီ။ ကျွန်တော် အဲဒီသံမဏိလိပ်နှစ်ကောင်ကို အစိတ်စိတ်အမွှာမွှာဖြစ်သွားအောင် လုပ်နိုင်ပါတယ်ခင်ဗျာ"

ဤတွင် တပ်စုမှူးက ဘယ်လိုသဘောရသလဲဆိုသော အကြည့်ဖြင့် စူချင်ချိန်းကို လှမ်းကြည့်သည်။ ပြီး နှုတ်ဖြင့် လှမ်းမေးလိုက်သည်။

"ဘယ်လိုသဘောရသလဲ ရဲဘော်၊ သဘောတူရဲ့လား"

"သဘောတူပါတယ်ဗျာ၊ ရဲဘော် ရှီဟန်ရှန်ကလည်း ကျွန်တော့်လိုပဲ လက်ဖြောင့်ရဲဘော်တစ်ယောက်ပါပဲ။ ပြီးခဲ့တဲ့ လေးငါးရက်လောက်ကတောင် ရန်သူ့သေနတ်ပစ်စခန်း တော်တော်များများကို တိုက်ရိုက်မှန်အောင် ပစ်နိုင်ခဲ့ပါတယ်"

စူချင်ချိန်းက စာနာစိတ်အပြည့်နှင့်ဖြေလိုက်သည်။

"ဒါပေမဲ့ ခင်ဗျားအကူအညီတော့ လိုတယ်ဗျနော်"

ရှီဟန်ရှန်က အချီးမွမ်းခံနေရသည်ကို ရှက်စနိုးအမူအရာဖြင့် ကပျာကသီဝင်၍ ပြောရှာသည်။

သို့ရှိရာဝယ် ကြိုးမဲ့ကြေးနန်းစက်တွင် တာဝန်ကျနေသည့် ဆူရှီတေးက စစ်ဆင်ရေးမှူးထံမှ လက်ခံရရှိလိုက်သော သတင်းကို တပ်စုမှူးအား လှမ်းပြောလိုက်သည်။

mgyoe.com

mgyoe.com


"တပ်စုမှူး၊ စစ်ဆင်ရေးဌာနချုပ်ကို လူကိုယ်တိုင် သတင်းလာပို့ပါတဲ့"

* * *

နာရီအတန်ကြာမှပင် ယန်အာဂျူဌာနချုပ်မှ ပြန်ရောက်လာခဲ့တော့သည်။ သူ၏ ပြုံးယောင်သန်းသော မျက်နှာကို မြင်လိုက်ရရုံဖြင့်ပင် မိမိတို့ကြားချင်နေသော အမိန့်ကို စစ်ဆင်ရေးမှူးက ပေးလိုက်ပြီဖြစ်ကြောင်း ရဲဘော်များက ရိပ်မိလိုက်ကြသည်။ သို့ဖြစ်လင့်ကစား နှုတ်ဖြင့်မမေး၍လည်း မနေနိုင်ကြသေးသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည်။

"ကျွန်တော်တို့ ဘယ်အချိန်လောက် စပစ်ရမလဲ"

"နက်ဖြန်ည ကိုးနာရီ"

"အကြာကြီးစောင့်ရဦးမှာလားဗျာ"

ဆူရှီတေးက အံ့ဩသော လေသံဖြင့် မှတ်ချက်ချသည်။

"ငါတို့ လုပ်ရမှာက အချိန်ကိုစောင့်ရမှာ မဟုတ်ဘူး ရဲဘော်တို့၊ အချိန်ကို လုလုပ်ရမှာ၊ တည်နေရာအသစ်ရွှေ့ပြီး တိုက်ပွဲဝင်နိုင်ဖို့အတွက် တင့်ကားကို ရွှံ့ထဲက မြန်မြန်တင်နိုင်အောင် ကြိုးစားကြရမယ်။ ငါတို့ညက တိုက်ခိုက်တာကိုလည်း လက်သံပြောင်လှချေလားလို့ စစ်ဆင်ရေးမှူးက ချီးမွမ်းလိုက်တယ်။ ရန်သူတပ်မှူးက ကြိုးမဲ့ကြေးနန်းစက်ထဲမှာ တင့်ကားနှစ်စီး မီးလောင်နေပြီ။ ကျန်တဲ့တစ်စီးကလည်း သုံးလို့မရတော့ဘူး။ ဒုက္ခပဲလို့ ရန်သူတပ်မှူး ညည်းညူနေတာကိုလည်း ကြားဖြတ်နားထောင်လိုက်လို့ ကြားလိုက်ရတယ်လို့ ငါ့ကိုပြောပြလိုက်တယ်"

ထို့နောက် တပ်စုမှူးက ၎င်း၏ဘောင်းဘီအိတ်အတွင်းမှ အောင်ပွဲသတင်းစဉ် စာစောင်ကို ထုတ်လိုက်ပြီး ရဲဘော်များကို ပြသရင်းမှ ဆက်၍ဆိုပြန်သည်။

"နောက်ပြီး ရဲဘော်တို့ကို ပြစရာရှိသေးတယ်။ ဒီမှာရော့ တပ်ပေါင်းစုဌာနချုပ်က ထုတ်ပြန်လိုက်တဲ့ အောင်ပွဲသတင်းစဉ်စာစောင်၊ ကဲ... ရဲဘော်ဆူရှီတေးက အားလုံးကြားရအောင် ဖတ်ပြလိုက်စမ်းပါ"

"သတင်းစဉ်ထွက်လာတာ မြန်လှချည့်လားဗျာဟင်၊ ညကဖြစ်တဲ့ အဖြစ်အပျက်ကို ခုမနက် သတင်းစဉ်ထဲမှာ ပါလာတာ အံ့ဩစရာပဲဗျို့"

ဆူရှီတေးက မှတ်ချက်ချရင်း သတင်းစဉ်ကို ဖတ်ပြလေသည်။

"ခေါင်းစဉ်ကတော့ တိုက်ခိုက်ရေးသံချပ်ကာကား ယာဉ်အမှတ် ၂၁၅ က

mgyoe.com

mgyoe.com

ရန်သူ့တင့်ကားသုံးစီးကို ဖျက်ဆီးလိုက်ခြင်းတဲ့”ဟု ဆူရှီတေးက ခေါင်းကြီးကို ဖတ်ပြလိုက်ပြီးနောက် ဆက်လက်၍တင့်ကားအမှတ် ၂၁၅ မှ တင့်ကားအဖွဲ့သားများက မိမိတို့တင့်ကား ညွှန်နစ်လျက်နှင့်ပင် မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသည့် ရန်သူ့ကျည်ဆန်များကို ပမာမထားဘဲ ရန်သူ့တင့်ကားသုံးစီးကို မည်သို့မည်ပုံ ဖျက်ဆီးလိုက်ကြောင်း အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကို ဖတ်ပြသည်။ ဆူရှီတေး သတင်းစဉ်ဖတ်၍ ပြီးဆုံးသွားသည်နှင့် ယန်အာဂျူကဆိုပြန်သည်။

“ရဲဘော်တို့ကို သတင်းကောင်းတစ်ခုပါးစရာ ကျန်သေးတယ်”

“ဒီလိုဆို ဘာသတင်းလဲ ခုချက်ချင်းပြောပါဗျာ”

ရဲဘော်များက ယန်အာဂျူအား ဝိုင်း၍တိုက်တွန်းလိုက်သည်။

“စစ်ဆင်ရေးမှူးဌာနချုပ်ကို အဖွဲ့ဝင်ခုနစ်ယောက်ပါတဲ့ ယဉ်ကျေးမှုအဖွဲ့ တစ်ဖွဲ့ရောက်လာတယ်။ သူတို့က တင့်ကားညွှန်နစ်နေတဲ့ နေရာကိုလာပြီး ရဲဘော်တွေနဲ့တွေ့ဆုံပါရစေလို့ စစ်ဆင်ရေးမှူးကို ခွင့်တောင်းကြတယ်။ စစ်ဆင်ရေးမှူးကလည်း တို့ဆီကိုတော့မသွားပါနဲ့၊ အန္တရာယ်များလှပါတယ်လို့ တောင်းပန်ပြီး ငါ့ကို သူတို့စိတ်ကျေနပ်အောင် တင့်ကား ၂၁၆ ဆီ လိုက်ပို့လိုက်ပါဆိုတာနဲ့ လိုက်ပို့လိုက်ရတယ်။ ၂၁၆ ဆီရောက်တော့ သီချင်းဆိုပြီး ဖျော်ဖြေကြတယ်ကွ။ အဲဒီရဲဘော်တွေနဲ့ တို့တပ်မှူးတွေရဲ့ ကျေးဇူးကတော့ ကြီးလှပါတယ်ကွာ။ သူတို့ ကျေးဇူးကိုတော့ ဆပ်လို့ကုန်နိုင်မှာမဟုတ်ဘူးဟေ့။ အဲဒီတော့ ရဲဘော်တို့က သူတို့ကို ကျေးဇူးသိတတ်ရာ ရောက်အောင် ဒီတင့်ကားကို လမ်းဖောက်ရဲဘော်တွေ အကူအညီနဲ့ ရွံ့ထဲက မြန်မြန်တင်ပြီး တိုက်ပွဲဝင်နိုင်အောင် ကြိုးစားကြစို့ကွာ”

ကောင်းကင်တစ်ခွင်ဝယ် မိုးတိမ်တို့ဖြင့် မည်းမှောင်လျက်ရှိပြီး မိုးလည်း သည်းထန်စွာ ရွာသွန်းဆဲပင်ဖြစ်သည်။ တင့်ကား အဖွဲ့သားအချို့နှင့် လမ်းဖောက်ရဲဘော်များက တင့်ကားအောက်သို့ ဝမ်းလျားထိုးဝင်၍ တူးကြရသည်။ အချို့ကလည်း ကွင်းပြင်ထဲသို့ စွန့်စွန့်စားစား ထွက်၍ကျောက်ခဲကြီးများကို သယ်ယူကာ တင့်ကား ချိန်းကြိုးကြီးများအောက်သို့ ထိုးသွင်းကြသည်။ တချို့ကလည်း ရေလျှံနေသော အိုက်ဂေါ်ချောင်းမြစ်ကို ဖြတ်ကူးလျက် သစ်တုံးများရရှိရေးကို ကြိုးစားကြသည်။ သူတို့၏မျက်နှာတွင် ရွှံ့ညွှန်များပေကျံနေကြကာ လက်များတွင်လည်း ဆူးခြစ်ရာများ၊ ခဲရှရာများ၊ ကျည်အစအနထိမှန်သော ဒဏ်ရာများနှင့် သွေးချင်းချင်းနီရဲနေတော့သည်။

မည်သို့ပင်ဖြစ်စေ သူတို့သည် အလုပ်ပင်ပန်းကြီးစွာ လုပ်ရသည်ဟူ၍ မညည်း

mgyoe.com

mgyoe.com


ညှုကြသည့်အပြင် စကားပြောလျှင် သူတို့၏သဲ့သဲ့မျှသာ ကျန်ရှိတော့သော ခွန်အားကလေးများ ကုန်ခန်းသွားလေမည်လားဟု စိုးရိမ်သဖြင့် စကားမျှပင် ပွင့်ပွင့်မပြောကြပါချေ။

မိုးအနည်းငယ်စဲသွားသည်နှင့် အရှေ့လောကဓာတ်မှလည်း ရောင်နီပျိုးစပြုလာသည်။ အနီးဝန်းကျင်ဝယ် နှင်းဇာခြည်ပါး လွှမ်းခြုံရစ်သိုင်းနေသည်ဖြစ်၍ မနီးမဝေးမှ တောင်ထွတ်တောင်ညွှန့်များမှာ လဟာပြင်တွင် ဟိုသည်မျှောပါနေသည့် ရေပေါ်ကျွန်းငယ်များနှင့်သာ တူနေလေတော့သည်။

တစ်ညလုံး ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရ၍ တင့်ကားအဖွဲ့သားများမှာ ခြေကုန်လက်ပန်းကျကုန်ကြပြီး တစ်ကိုယ်လုံး အထုအနှက် ခံထားကြရသည့်အလား ကိုက်ခဲနေတော့သည်။ သို့သော် သူတို့သည် ယခုတိုင် ဖွဲ့နှင့်လုံ့လကို လျှော့သေးသည်ကားမဟုတ်ပေ။ တင့်ကားအဖွဲ့သားများနှင့် လမ်းဖောက်ရဲဘော်တို့မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အားပေးကြရင်း လုပ်စရာရှိသောအလုပ်ကိုသာ တက်ညီလက်ညီဆက်လက်လုပ်ကိုင်မြဲ လုပ်ကိုင်နေကြသည်။

သို့နှင့်တစ်နေကုန်၍ တစ်ညကူးခဲ့ပြန်သည်တွင် မြောက်ဘက် ဆုခ်ယွန်ဒေါင်တောင်တန်းဆီမှ ရန်သူ့အမြောက်ဆန်များက နီးနီးကြားကြား ရှိလာကြပြန်သည်။ မီးတောက်မီးပွင့်များသည်လည်း ကောင်းကင်တစ်ခွင်လုံးကိုပင် ထင်ဟပ်နေပြန်ချေသည်။

ကျည်ဆန်များ ပျံသန်းနေသည့် တဝီဝီသံများနှင့် တဝုန်းဝုန်း၊ တဒိုင်းဒိုင်းပေါက်ကွဲနေသည့်အသံများမှာ ကြားရသူအဖို့ ရင်တုန်ဖွယ်၊ ကျောချမ်းဖွယ်ပင် ကောင်းလှ၏။

ဤကား အမှတ် ၃၄၆.၆ တောင်ထိပ်ပေါ်သို့ အသစ်စက်စက် ရောက်ရှိလာသော တင့်ကားနှစ်စီးက မြောက်ဘက်ဆုခ်ယွန်ဒေါင် တောင်တန်းပေါ်မှ ခြေလျင်တပ်များအား သဲသဲမဲမဲ တိုက်ခိုက်နေကြပြီဆိုသော အဓိပ္ပာယ်တည်း။

ထိုအခိုက်အတန့်အတွင်းမှာပင် တင့်ကားအမှတ် ၂၁၅ သည်လည်း အတန်ကြာအောင် ရှေ့တိုးနောက်ငင် ပြုလုပ်နေရာမှ မြေမာပေါ်သို့ မောင်းတက်နိုင်ခဲ့လေတော့သည်။

ဤတွင် တင့်ကားအဖွဲ့သားများနှင့် လမ်းဖောက်ရဲဘော်များမှာ ဝမ်းသာလွန်းသဖြင့် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးသူက ပေးကြ၊ ကခုန်သူများက ကခုန်ကြဖြင့်

mgyoe.com

mgyoe.com

၎င်းတို့ကိုယ်တိုင်မှ အဝတ်အစားများ ရွှံ့ပေနေသည်ကိုလည်းကောင်း၊ ရန်သူကျည်ဆန်များ၏ အန္တရာယ်ကိုလည်းကောင်း ဂရုမပြုနိုင်ကြတော့ဘဲ တစ်ယောက်နှင့်တစ်ယောက်အားပါးတရ ဖက်လဲတကင်းပြုကြပြီး အပြန်အလှန် ဂုဏ်ပြုနေကြလေတော့သည်။

"ရဲဘော်တို့ကို သိပ်ကျေးဇူးတင်တယ်ဗျာ"

တင့်ကားအဖွဲ့သားများက အကျဉ်းအကျပ်ထဲတွင် လက်ကမ်းခဲ့သော လမ်းဖောက်ရဲဘော်များအား ကျေးဇူးတင်စကားပြောကြားကြသည်။

"ကိစ္စမရှိပါဘူး ရဲဘော်တို့၊ ကျွန်တော်တို့က ခင်ဗျားတို့ ရန်သူတင့်ကား အတော်များများကိုပါ ဖျက်ဆီးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်ဗျာ"

"ဒီလိုဆိုလည်း ဒီတိုက်ပွဲပြီးမှပဲ အောင်ပွဲခံကြတာပေါ့ဗျာ၊ ဟုတ်လားရဲဘော်တို့"

တင့်ကားအမှတ် ၂၁၅ သည် စက်ကုန်ဖွင့်၍ မောင်းနှင်ခဲ့ပြီး ရှေ့တန်းမှ စခန်းသစ်တစ်ခုတွင် နေရာယူလိုက်သည်။ ရှိုဟန်ရှန်သည် အမြောက်ပြောင်းဝကို ရှေ့တူရူသို့လှည့်လိုက်ပြီး မျက်ကြည့်ကိရိယာဖြင့် တောင်ထွတ်အမှတ် ၃၄၆.၆ ပေါ်သို့ ကြည့်လိုက်သည်။ နှစ်ဖက် အပြန်အလှန်ပစ်လွှတ်နေကြသော မီးကြည်ရောင် ဖျော့ဖျော့အောက်တွင်ကား ယခင်မီးလောင်သွားသော တင့်ကားများနည်းတူ မိမိတို့ဘက်သို့ဘေးတိုက်ပေး၍ ရပ်ထားသောတောင်ထွတ်မှ ရန်သူတင့်ကားနှစ်စီးကို တွေ့လိုက်ရသည်။ ထိုတင့်ကားနှစ်စီးမှာ ၎င်းတို့၏ နောက်ဆုံးအချိန်ကို စောင့်ဆိုင်းနေဟန်ရှိသည်။

ဒုအမြောက်တာဝန်ခံ ရှိုဟန်ရှန်သည် စူချင်ချိန်း၏အကူအညီဖြင့် ရန်သူ့တင့်ကားများ၏ တည်နေရာနှင့် အကွာအဝေးကို ချိန်တွယ်ယူလိုက်ပြီးနောက် အမြောက်ပြောင်းကို တည့်မတ်လိုက်သည်။

"ချိန်..."

"ကျည်ထိုး..."

"ပစ်..."

အဆင့်ဆင့်ပေးလိုက်သော အမိန့်သံများအဆုံးတွင် အမြောက်သံကြီးတစ်ခုပေါ်ထွက်လာပြီးလျှင် တင့်ကားကြီးမှာ သွက်သွက်ခါအောင် တုန်လှုပ်သွားလေတော့သည်။ ယန်အာဂျူသည် ပစ်မိန့်ပေးပြီးသည်နှင့် တောင်ထွတ်ဆီသို့ မျက်ခြည်မပြတ်စိုက်ကြည့်နေရာ ရဲရဲနီနေသည့် မီးတန်းကြီးတစ်ခု သက်တံရေသောက် ဆင်းသည့်နှယ်မြင့်ရာမှနိမ့်ရာသို့ ထိုးဆင်းသွားကာ ရန်သူ့တင့်ကား၏ လက်ဝဲဘက်သို့ ဝင်ရောက်ပေါက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။

mgyoe.com

mgyoe.com

"လက်ဝဲဘက်ကို နည်းနည်းများသွားတယ်ဟေ့၊ လက်ယာဘက်ကို ပြန်ယူ"

အမြောက်ပြောင်းဝမှ ထွက်ပေါ်လာသော မီးရောင်ကြောင့် ကျည်သွားရာလမ်းကြောင်းကို မမြင်လိုက်ရဘဲရှိရာ ယခုတပ်စုမှူး၏ အမှားပြင်ဆင်ချက်ကို ကြားလိုက်ရသဖြင့် အမြောက်ပြောင်းကို လက်ယာဘက်သို့ အနည်းငယ်ပြောင်းရွှေ့လိုက်ပြီး ဒုတိယကျည်တစ်တောင့်ကို ပစ်လွှတ်လိုက်ပြန်သည်။ ချက်ချင်းဆိုသလိုမှာပင် လျှပ်ပြက်သည့်အလား ကောင်းကင်တစ်ခုလုံး ချက်ချင်း လင်းထိန်သွားပြီးနောက် ရန်သူ့တင့်ကား အမြောက်စင်၏ လက်ယာအစွန်ဘက်ကို ပွတ်ကာသီကာ ထိမှန်သွားသဖြင့် ပြာလဲ့လဲ့ မီးရောင်တန်းကလေး ပေါ်ထွက်လာကာ ၎င်းပြာလဲ့လဲ့ မီးရောင်တန်းကလေးသည် တင့်ကားလက်ယာဘက်သို့ ဝင်ရောက်ပျောက်ကွယ် သွားပြန်လေတော့သည်။

"ပွတ်မှန်သွားတယ်၊ အမှားပြင် ပစ် မြန်မြန်"

အမြောက်ပြောင်းကို အနည်းငယ်ရွှေ့ပြောင်းချိန်လိုက်ပြီးနောက် ရှိဟာန်ရှန်က ကျည်သုံးတောင့်ဆက်တိုက် ပစ်လွှတ်လိုက်ပြန်သည်။

မီးနီသုံးလုံး ရှေ့ဆင့်နောက်ဆင့် ပျံတက်သွားသည်။ တစ်ဆက်တည်းမှာပင် ရန်သူ့တင့်ကားတစ်စီး မီးစွဲသွားသည်ကို တွေ့လိုက်ရလေသည်။ ရှိဟာန်ရှန်မှာလည်း ဝမ်းသာလွန်း၍ "ထိပြီကွ" ဟူ၍ပင် အသံကုန်အော်ဟစ်လိုက်လေသည်။

"ကောင်းလိုက်လေကွာ"

ယန်အာဂျူက ဝမ်းသာအားရဟစ်အော်၍ အမြောက်ပစ်ရဲဘော်ကို ချီးကျူးလိုက်သည်။ ထို့နောက် ဆက်၍ဆိုသည်။

"ဒုတိယတင့်ကားကို မြန်မြန်ပစ်နိုင်အောင် အသင့်ပြင်ဟေ့၊ တို့ကို ပြန်မပစ်နိုင်အောင် အချိန်မပေးနဲ့"

ယခုမူ ရှိဟာန်ရှန်မှာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစ ပြုလာသည်နှင့်အမျှ အမြောက်ချိန်ကိရိယာများကို ကိုင်တွယ်ရာတွင် ပို၍စေ့စပ်သေချာလာသည်။ ၎င်းကိရိယာများမှာလည်း ယခင်ကထက် ချောမောပြေပြစ်စွာ အလုပ်လုပ်နေကြသည် ဟူ၍ပင် အထင်ရောက်လာသည်။

သို့သော် ရှိဟာန်ရှန် ဒုတိယတင့်ကားကိုပစ်ခတ်ရန် ပြင်ဆင်လိုက်စဉ်မှာပင် ရန်သူ့တင့်ကားက တုံ့ပြန်ပစ်ခတ်လေတော့ရာ တင့်ကားအမှတ် ၂၁၅ ပေါ်တွင် တဝီဝီ ပျံသန်းနေသော အမြောက်ဆန်များမှ မီးရောင်များကြောင့် ပစ်မှတ်ကိုချိန်ရာတွင် အခက်အခဲတွေ့နေရလေတော့သည်။

mgyoe.com

mgyoe.com


မည်သို့ပင်ဖြစ်စေ လက်နက်ကြီးများဖြင့် တိုက်ခိုက်ကြသော တိုက်ပွဲများတွင် လျင်မြန်စွာ ပစ်ခတ်နိုင်ရေးသာလျှင် အဓိကဖြစ်သည်ဟူသောအသိဖြင့် ရှီဟန်ရှန်သည် စောစောက မီးစွဲသွားသောတင့်ကားမှ မီးတောက်များဆီသို့ မှန်း၍ သုံးချက်အစီအရီ ပစ်လွှတ်လိုက်ပြန်သည်။

ပထမကျည်မှာ အထက်ဘက်သို့ အနည်းငယ်မြင့်တက်သွားသည်ကိုလည်းကောင်း၊ ဒုတိယကျည်မှာ အောက်ဘက်သို့ အနည်းငယ် နိမ့်လွန်းသွားသည်ကို လည်းကောင်း၊ တတိယကျည်မှာလည်း လက်ယာဘက်သို့ အနည်းငယ် လှလွန်းသွားသည်ကိုလည်းကောင်း ကျည်သွားရာလမ်းကြောင်းကို မျက်တောင်မခတ် ကြည့်ရှုနေသော ယန်အာဂျူက သဲသဲကွဲကွဲ မြင်လိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ ရဲဘော်ရှီ။ သုံးချက်စလုံး လွဲနေပါကလားကွ"

"ကျွန်တော် မီးတောက်ကိုပဲမြင်ရတယ်၊ တင့်ကားကိုလည်း မမြင်ရဘူး"

ဦးနှောက်ရှုပ်သွားဟန်ဖြင့် ယန်အာဂျူကဖြေသည်။

"ခေါင်းအေးအေးထား၊ လက်ဝဲဘက်ကို နည်းနည်းရွှေ့ချိန် ဆက်တိုက်ပစ်"

ထိုအခါ ရဲဘော်ရှီသည် မိမိ၏လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်စေပြီး အမြောက်ပြောင်းကို လက်ဝဲဘက်သို့ အနည်းငယ်ရွှေ့ချိန်လိုက်သည်။ ထို့နောက်တွင်မူ ဆက်တိုက်ပစ်လွှတ်နေသော ရှီဟန်ရှန်၏ ပဋ္ဌမအမြောက်ကျည်က ရန်သူ့တင့်ကား၏ ချက်ကောင်းကို ထိထိမိမိ ထိမှန်လိုက်သည်တွင် အမှတ် ၃၄၆.၆ တောင်ထွတ်၏ ရှုခင်းမှာ မီးလျှံမီးတောက်ကြီးက တစ်ဖန် ကောင်းကင်တစ်ခွင်လုံးအား နီညိုရောင်သန်းစေပြန်လေတော့သည်။

* * *

တိုက်ခိုက်ရေးယာဉ်အမှတ် ၂၁၅ သည် မိခင်တပ်စခန်းရှိရာသို့ ပြန်လှည့်ခဲ့သော အချိန်တွင်ကား ညချမ်း၏ ထက်ကောင်းကင်ဝယ် မှိတ်တုတ်မှိတ်တုတ် ငွေစင်ကြယ်ကလေးများပင် မြူးကြွ၍နေလေပြီ။

အပြန်ခရီးကို နှင်နေသော တိုက်ခိုက်ရေးယာဉ်အမှတ် ၂၁၅ ကို ထွက်ခွာလာစက ပစ်ခတ်နေသော ရန်သူ့အဝေးပစ်အမြောက်စခန်းများအား ညီအစ်ကိုတော် တရုတ်အမြောက်စခန်းများက မီးကိုရေနှင့်ဖြိမ်းလိုက်သည့်နှယ် ဆိတ်ငြိမ်စေခဲ့ပြီလည်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


ယန်အာဂျူနှင့် စူချင်ချိန်းတို့သည် တင့်ကား ရွံ့ကာပေါ်တွင် မတ်တတ်ရပ်လိုက်လာရင်း သာယာလှသော ညရှုခင်းတွင် နစ်မျောနေကြသည်။ အေးမြသော လေပြည်ကို ရှူရှိုက်နေရသဖြင့်လည်း သာမန်ထက်ပို၍ ရွှင်ကြည်လန်းဆန်းနေကြလေသည်။

တင့်ကားနောက်မြီးတွင် ရယ်ကာမောကာနှင့် စကားဖောင်ဖွဲ့ပြောဆိုရင်း လိုက်ပါလာကြသော လမ်းဖောက်ရဲဘော်သုံးဦး၏ အရိပ်များနှင့် တင့်ကားအရိပ်မှာမူ ညကင်းလှည့်နေသော ရန်သူ့ကင်းထောက်လေယာဉ်များ ချခဲ့သည့်မီးကျည်ရောင်များကြောင့် ဖန်သားရောင်တောက်နေသည့် အိုက်ဂေါချောင်မြစ်ရေ မျက်နှာပြင်ပေါ်သို့ ကျရောက် လျက်ရှိသည်။

မိုးနှောင်းစ နွေဦးညတစ်ညဖြစ်၍ တင့်ကားပေါ်မှ ရဲဘော်များမှာ အပျော်ခရီး ထွက်နေသည့်အလား အထူးပင်ပျော်ရွှင်နေကြသည်။ လမ်းပန်းဆိုလျှင်လည်း မခြောက်လွန်း မစိုလွန်း ခပ်ထတ်ထတ်ရှိနေသည်ဖြစ်၍ ဖုန်မှုန့်ဟူ၍လည်း တစ်မှုန့်တလေမျှပင် မရှိပါချေ။

လမ်းပေါ်တွင်နင်းချသွားသော တင့်ကားချိန်းကြိုးရာ တဝုန်းဝုန်း၊ တဂျုန်းဂျုန်း မြည်သံများမှာ တောလမ်းတစ်လျှောက် မြင်းလားတစ်ကောင် ဒုန်းစိုင်းပြေးနေသည့် လားဟု ထင်မှတ်ရလေသည်။ ထိုမှတစ်ဖန် အရှိန်အဟုန်ပြင်းစွာ စီးဆင်းလျက်ရှိသော မြစ်ရေစီးသံနှင့် တင့်ကားစက်သံ၊ ဘီးသံတို့ ပေါင်းစပ်မိသွားကြကာ တောင်စဉ်တောင်တန်း အဆင့်ဆင့်တွင် ပွဲတင်သံအထပ်ထပ် တီးခတ်နေကြပြန်လေသည်။

ညွှန်နစ်နေသော တင့်ကားထဲတွင် နေခဲ့ရသည့် သုံးညနှင့်သုံးနေ့သည် သူတို့အဖို့ အရှင်လတ်လတ် ငရဲပြည်သို့ရောက်ခဲ့သော နေ့ရက်များဟူ၍ မှတ်ထင်ခဲ့ရသည်။ ထိုရက်များအတွင်းက သူသည်အစာရေစာလည်း မဝင်သည့်အထဲတွင် ငှက်ဖျားကလည်း အပြင်းအထန်တက်နေသဖြင့် နှစ်ကြိမ်သုံးကြိမ်ထက်မနည်း သတိလွတ်ကင်းရခဲ့ပြီး အသက်ရှူကျပ်သောရောဂါနှင့်ကံကြီး၍သာ သေကံမရောက်ခဲ့ရခြင်းဖြစ်သည်။

ယခုသော် သူသည် ဝေဒနာဟောင်း၊ ဒဏ်ရာဟောင်းများကို ထိုဒုက္ခရောက်ခဲ့ရသော ညများနှင့်အတူ ထားရစ်ခဲ့ပြီး စိတ်လက်ရွှင်ပျစွာနှင့် အပြန်ခရီးကိုပင် နှင် လျက်ရှိလေပြီ။

"ခင်ဗျား ဘာဂျာလေး မပါဘူးလားဗျာ ဟင်"

ချန်ဝင်ကွေးက ဆူရှီတေးကိုကပ်၍ စူးစမ်းလိုက်သည်။

"ဘာလဲ ရဲဘော်က သီချင်းတစ်ပုဒ်လောက် နားထောင်ချင်နေပြီလား"

mgyoe.com

mgyoe.com


"အေးဗျာ စိတ်ရွှင်မယ့် သီချင်းတစ်ပုဒ်လောက်တော့ နားထောင်ချင်တယ်"

ဆူရှီတေးက ချန်ဝင်ကွေးကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ရင်း နောက်ပြောင်လိုက်သည်။

"ကျွန်တော် ဘယ်တုန်းကများ စိတ်ညစ်ဖူးလို့လဲဗျာ၊ ကဲ နောက်မနေပါနဲ့တော့ အစ်ကိုရာ" ချန်ဝင်ကွေးက ပြုံးလျက်ပြန်ဖြေလိုက်သည်။ ချန်ဝင်ကွေး၏ စကားအဆုံးတွင် တင့်ကားအပြင်ဘက်မှ ခေါင်းပြူဝင်လာသော စူချင်ချိန်းက ကြားဖြတ်၍ အဆိုပြုလိုက်လေသည်။

"တင့်ကားစစ်သီချင်းမှတ်ဖျို့၊ ကျွန်တော်တို့အားလုံး လိုက်ဆိုကြမယ်"

× သံချပ်ကာကားကြီးနဲ့ တပ်သားကျော်တွေ တို့များရဲဘော်
အားလုံးညီစေ သက်စွန့်ကာတိုက်မလေ ... ဒါဟာ တို့တိုင်းပြည် ...
ရဲရဲတောက်တို့များ ... ကာကွယ်မလေ ... တို့ပြည် ... တို့မြေ ...
ကျူးကျော်သူမှန်သမျှ တို့များလက်တွဲ တိုက်ကြမသွေ ... လွတ်လပ်တဲ့
တို့တိုင်းပြည်နဲ့ တို့လူမျိုးတွက် အသက်ပင်သေ ... သေ ... အရိုးကြေ
ကြေ အရေခန်းခန်း တို့တစ်တွေ ... သူ့ကျွန်မခံနိုင်ပေ ... ဇာနည်တွေ
ဘာမထီပေ တို့တစ်တွေစုပေါင်း ... အောင်ပွဲခံမည်မသွေ ...

× တောင်ကျစမ်းရေပမာပေ ... ညီညာစေ ... ရန်သူ့နယ်မြေ
မှန်သမျှ ... ပျက်ပြုန်းချေမှုန်းတိုက်ခိုက်မလေ ... ညီစေနော် ... တို့ရဲ
ဘော် ... သူရိန်မြူတိမ်ဖုံးသည့် အခြေ ကျူပြင်ခုတ် ကျူငုတ်မကျန်ပေ
... တပ်မတော် စွမ်းပကားနှင့် ပြည်သူ့အင်အားအခြေ (စုပေါင်း
တော်လှန်ပစ်ပါမသွေ...) ၂ ကျောက်တောင် ... ချောက်ကမ်းပါးထက်မှ
အရှိန်ပြင်းပြင်းလိမ့်ဆင်းကျတဲ့ ... ရေခဲတုံးကြီးများပမာပေ ... ရန်သူ
တွေမှန်သမျှ တစ်ရှိန်ထိုးတစ်ဟုန်ထိုး ... တို့တိုက်ခဲ့သလေ ...

× ကြည်း ... ရေ ... လေ စစ်ကြောင်းနဲ့တို့တစ်တွေ ... စုပေါင်း
နေ ... အားသွန်ခွန်စိုက်ကြိုးစားလို့သာ ... တိုးပွားလို့သာ ... တောင်
ယာလယ်လုပ် ... ဓားခုတ်မကျန်ပေ ... လမ်းဖောက်ရဲဘော်များပါတူ
မသွေ...

တင့်ကားအတွင်းမှ သီချင်းသံများ တင့်ကားပြင်ပသို့ ပျံ့လွှင့်လာသည်နှင့် တစ်ပြိုင်နက် သံပြိုင်သီဆိုလိုက်သည့် သီချင်းသံများထွက်ပေါ်လာသည်။ ဤအား

mgyoe.com

mgyoe.com


တင့်ကားအဖွဲ့သားများနှင့် လမ်းဖောက်ရဲဘော်များ အတူတကွ သံပြိုင်သီဆိုနေကြခြင်း ပင်ဖြစ်ပါ၏။ သူတို့စီးနင်းလာသော တင့်ကားကြီးသည်လည်း သူတို့သီဆိုနေသော သီချင်းသံကို စီးလိုက်နေသည့်နှယ် အိုက်ဂေါချောင်မြစ်ကမ်း နဖူးတစ်လျှောက်တွင် အရှိန်အဟုန်ပြင်းစွာ ခရီးပြင်းနှင်လျက်ရှိနေလေပြီ။

နွေဦးလေပြည်နှင့် တသွင်သွင်စီးဆင်းနေသော အိုက်ဂေါချောင်မြစ်ရေအလျဉ်တို့ သယ်ဆောင်ခဲ့သော သူတို့၏သီချင်းသံများသည် ငွေစင်ကြယ်များ လွင့်ပါးနေသည့် ညချမ်းအား ရုတ်ခြည်းလွှမ်းခြုံလိုက်သည့်နည်းတူ ရန်သူ့လေယာဉ်သံများနှင့် အမြောက်သံများကိုလည်း တစ်ချိန်တည်း ဝါးမျိုလိုက်လေတော့သတည်း။

## ယန်အာဂျူ၏ ကိုယ်ရေးရာဇဝင်အကျဉ်း

ယန်အာဂျူသည် ၁၉၂၁ ခုနှစ်တွင် ဆင်ဝှီရွာ၊ ဟောင်ယန်ဒိစတြိတ်၊ ကျက်ကျန်ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သို့ဝင်ပြီး ၁၉၄၈ ခုနှစ်၊ မေလတွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ခွင့်ရရှိခဲ့သည်။ ၁၉၅၂ ခု၊ ဇွန်လတွင် တပ်စုမှူးအဆင့်နှင့် တရုတ်ပြည်သူ့ အပျော်တမ်းတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြန်သည်။ ၁၉၅၃ ခုနှစ် နွေရာသီထိုးစစ်တွင် ချူလ်ဝန်ဒိစတြိတ်တောင် အမှတ် ၃၄၆.၆ ဝန်းကျင်၌ ဆင်နွှဲခဲ့သည့် တိုက်ပွဲတွင် သံချပ်ကာတိုက်ခိုက်ရေးယာဉ် အမှတ် ၂၁၅ ကို ဦးစီးလျက် ရန်သူ့တင့်ကားသုံးစီးကို ဖျက်ဆီးနိုင်ခဲ့သဖြင့် ၁၉၅၃ခု စက်တင်ဘာလ ၂၄ ရက်နေ့တွင် တရုတ်ပြည်သူ့အပျော်တမ်းတပ်ဖွဲ့က သူ့အား မော်ကွန်းဝင် ပထမအဆင့်နှင့် သူရဲကောင်းဘွဲ့ ဒုတိယအဆင့်ကို ပေးအပ်ချီးမြှင့်သကဲ့သို့ ကိုရီးယားဒီမိုကရေစီသမ္မတနိုင်ငံကလည်း သူ့အား လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်နှင့် စစ်ဆင်ရေးကျွမ်းကျင်မှုဆိုင်ရာ ဘွဲ့များကိုချီးမြှင့်ခဲ့သည်။

❑

mgyoe.com

mgyoe.com



## ရေကြည်တစ်ပေါက်အသက်တစ်ချောင်း

ညဉ့်ဦးပိုင်း ဆယ်နာရီခန့်တွင် တရုတ်ပြည်သူ့တပ်သားကျော် တပ်ဖွဲ့တစ်ဖွဲ့ ချောင်မစ်တောင်ခြေရင်းသို့ ဆိုက်ရောက်ခဲ့ကြရာဝယ် ရန်သူ့ကတုတ်ကျင်းများနှင့် သေနတ်စခန်းများကို ဖျက်ဆီးရန် တာဝန်ကျသည့် အမှတ် ၂ အဖွဲ့က ရှေ့သို့ဆက်တက်သွားခဲ့ပြီး ကျန်အဖွဲ့ဝင်များကမူ တောင်ခြေရှိ ခံကတုတ်တစ်ခု၏နောက်ကွယ်တွင် ဝင်ရောက်တပ်ချလိုက်ကြသည်။

ဆေးတပ်သားလေး ယန်ပိုရှန်နှင့် သူ၏ရှေ့ဦးသူနာပြုအဖွဲ့မှာလည်း ပါလာသမျှ ဆေးပစ္စည်းများကို ခံကတုတ်၏ လက်ယာဘက်၌ နေရာချထားပြီး အနားယူနေကြသည်။ အသက် ၁၈ နှစ်ပင် မပြည့်တတ်သေးသော ယန်ပိုရှန်သည် ထိုညမှာပင် အခြားအချိန်များထက် ပို၍ထူးထူးခြားခြား စိတ်တက်ကြွလျက်ရှိသည်။ ပထမပိုင်းတွင်မူ ချောင်မစ်ထိုးစစ်တွင် ယန်ပိုရှန်နှင့်သူ၏ ရှေ့ဦးသူနာပြုအဖွဲ့အား မပါဝင်စေဘဲ တပ်နောက်ပိုင်း၌ ထားပစ်ခဲ့ရန် စီစဉ်သော်လည်း ထိုသူငယ်၏ အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်တိုးလျှိုးမှုကြောင့် သူတို့အဖွဲ့သည် ယခုကဲ့သို့ ရှေ့ပြေးတပ်နှင့်အတူ လိုက်ပါရန် တပ်ခွဲမှူးနှင့်နိုင်ငံရေးမှူးတို့က ခွင့်ပြုခဲ့ခြင်းဖြစ်လေသည်။

ယခုမူ မကြာမီ အတောအတွင်း တိုက်ပွဲဆင်နွှဲရတော့မည်ဆိုသော အသိကြောင့် ယန်ပိုရှန်မှာ အထူးပင်စိတ်လှုပ်ရှားနေလေသည်။

လမင်းစန္ဒာသည် လှယမင်းပျို၏ ခုံးမျက်စကို ချိတ်ဆွဲထားဘိသကဲ့သို့

mgyoe.com

mgyoe.com


ကောင်းကင်ထက်တွင် ယီးလေးခိုလျက်ရှိသည်။ ကြိုးကြားကြိုးကြား ထွက်ပေါ်လာ တတ်သော သေနတ်စိန်ပြောင်းသံများက လွဲလျှင်မူကား ဤတောင်တန်းတစ်ခိုတွင် တိတ်ဆိတ်မှုကသာ မင်းမူနေလေသည်။

ထိုစဉ် ယန်ပိုရှန်က သူ့အနီးတွင် အိပ်နေသော ရဲဘော်တစ်ယောက်ကို စကား စလိုက်သည်။

"တောင်ပေါ်က ရန်သူ့တပ်တွေ အိပ်ပျော်နေကြပြီထင်တယ်။ ဒါနဲ့ ဘာလို့များ တက်သွားတဲ့ ကျွန်တော်တို့ အမှတ် ၂ တပ်စုက ခုထက်ထိ မလှုပ်ရှားသေးသလဲ မသိဘူးဗျနော်"

ယင်းသို့ပြောနေဆဲမှာပင် ပေါက်ကွဲသံကြီးများ ထွက်ပေါ်လာပြီးနောက် ပေါက် ကွဲသံများနှင့်ကပ်လျက် သေနတ်သံများလည်း ထွက်ပေါ်လာသည်။

ထိုစဉ် ချုလ်ဝန်ဘက်မှ ထိုးလိုက်သော မီးမောင်းကြီးနှစ်ခုသည် တောင်ထွတ်၏ အရှေ့တောင်စောင်းပေါ်သို့ ကျရောက်လာကာ မီးကျည်အများအပြားလည်း ကောင်းကင် ထက်သို့ ပျံတက်သွားကြသည်။ ထိုအခါ ချောင်မစ်တောင်ထွတ်မှာ နေမွန်းတည့်နှင့် မခြား လင်းထိန်နေလေတော့သည်။

ရန်သူ့ကျည်များသည် တပ်သားကျော်များ၏ စစ်ကြောင်းရှေ့သို့ တရစပ် ကျ ရောက်ပေါက်ကွဲလျက်ရှိ၏။ ရန်သူများက တပ်သားကျော်များအား ရှေ့မှဆီးကြိုပိတ် ဆို့ရန် ရည်ရွယ်ထားကြဟန်ပင်။

ယန်ပိုရှန်သည် ရုတ်ခြည်းပြောင်းလဲလာသော မြင်ကွင်းကိုကြည့်ရင်း စိတ်ထဲ တွင် အားမလိုအားမရ ဖြစ်လာမိသဖြင့် နှုတ်မှထုတ်ဖော်ရေရွတ်လိုက်သည်။

"ပစ်ကြစမ်းကွာ၊ ဘယ်သူ့အမြောက်ဆန်က အလဟဿဖြစ်မလဲလို့ ကြည့်ကြ သေးတာပေါ့"

ထိုစဉ် တောင်ခါးပန်းဆီမှ ကြောက်မက်ဖွယ်လိလိ ပေါက်ကွဲလိုက်သောပေါက် ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီးနောက် ထိုတဒင်္ဂအတွင်းမှာပင် အချက်ပြမီးကျည်များ ဖြစ်ဟန်ရှိသည့် မီးကျည်အနီတစ်လုံးနှင့် အစိမ်းနှစ်လုံးလည်း တောင်ထိပ်သို့ ပျံတက် လာလေသည်။

သို့နှင့် ပေါက်ကွဲသံကြီးနှင့်အတူပေါ်လာသော မီးတောက်မီးလျှံကြီးများ မီးညွန့် ကျိုးသွားသည်နှင့် တစ်ပြိုင်နက် တောင်ခြေရင်း၌ စခန်းချနေကြသည့် ရဲဘော်များသည် လေပွေတစ်ချက် အပြင်းဇော့လိုက်သည့်နှယ် အဘက်ဘက်မှ တောင်ပေါ်သို့ တစ်ရှိန်ထိုး

mgyoe.com

mgyoe.com


ပြေးတက်သွားကြလေတော့သည်။

ထိုအခိုက် ငိုက်မျဉ်းနေဟန်ရှိသော ရန်သူ့စက်ကြီး၊ စက်ကလေးစခန်းများသည် တရုတ်တပ်သားကျော်များ ပြေးတက်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ရုတ်ခြည်းနိုးကြားလာကြပြီး မီးကုန်ယမ်းကုန် ပစ်ခတ်တိုက်ခိုက်ကြလေတော့သည်။ ရန်သူ့ ထရေဇာကျည်များကလည်း တရုတ်ရဲဘော်များ၏ခေါင်းပေါ်တွင် မီးနတ်မယ်များအလား ကခုန်မြူးထူးနေကြသည်။

တရုတ်တပ်သားကျော်များမှာ လေးငါးဆယ်လှမ်းခန့် ပြေးတက်မိရုံဖြင့် အတုံးအရုံး လဲကျကုန်ကြရပြီး အချို့ရဲဘော်များမှာလည်း လဲသည့်တစ်ခဏမှ လူးလဲထကာ ဆက်လက်ပြေးတက်ကြရပြန်သည်။ ယန်ပိုရှန်နှင့် သူ၏ရှေ့ဦးသူနာပြုအဖွဲ့မှာလည်း ရှေ့မှတစ်ရှိန်ထိုးပြေးတက်နေသော အမှတ် ၁ တပ်စုမှူး ချန်ကေးပင်းနှင့် ထက်ကြပ်မကွာလိုက်ခဲ့ကြသည်။

ယန်ပိုရှန်သည် ရေဘူးတစ်ဘူးကို အပြည့်ထည့်ပြီး ခါးတွင် ချိတ်၍ယူလာခဲ့သဖြင့် ပြေးရင်းလွှားရင်း ရေဘူးထဲမှ ရေများမဖိတ်စဉ်စေရန် ရေဘူးအဖုံးကလေးကို လက်တစ်ဖက်ဖြင့် တင်းတင်းဆုပ်ရင်း လိုက်ပါလာခဲ့သည်။ ၎င်းရေကား ဒဏ်ရာရသော ရဲဘော်များ အရေးပေါ်သောက်သုံးရန် ရည်ရွယ်၍ဆောင်ယူခဲ့သောရေတည်း။

စစ်သည်တော်များက ၎င်းတို့၏ ကိုင်ဆောင်ရသောလက်နက်များကို တယုတယ မြတ်နိုးပြီး ရိုရိုသေသေ ကိုင်ဆောင်တတ်သည့်နည်းတူ ယန်ပိုရှန်လည်း သူ၏ရေဘူးကလေးကို ယုယမြတ်နိုးသည်။ သို့မြတ်နိုးသည့်အလျောက် တိုက်ပွဲဆင်းရန် ပြင်ဆင်တိုင်း အခြားရဲဘော်များက ၎င်းတို့၏ လက်နက်များကို တိုက်ချွတ်သည့်နည်းတူ ယန်ပိုရှန်ကလည်း သူ့ရေဘူးကလေးကို တိုက်ချွတ်ပြီး ရေအပြည့်ထည့်လေသည်။

ယခုတိုက်ပွဲ ဆင်းခဲ့ရာတွင်လည်း သူသည် ရေဘူးကလေးထဲတွင် အရေးပေါ် ရေအပြည့်ထည့်ယူခဲ့သည်။ ထိုရေကို မဖိတ်မစဉ်ရန်လည်း အထူးဝီရိယထား၍ စောင့်ရှောက်လာခဲ့သည်။ ယင်းသို့သူသည် ခါးမှရေဘူးကလေးကို အဘယ်မည်သော အကြောင်းကြောင့် ဤမျှယုယနေရပါသနည်း။

သူသည် ခိုင်လုံသော အကြောင်းရှိ၍သာ ရေဘူးကလေးကို ဤမျှယုယုယယ သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အတိတ်မှရခဲ့သော သင်ခန်းစာကို အသည်းစွဲခဲ့ခြင်းကြောင့်ဖြစ်၏။ သူသည် တစ်ခါသေဖူးပြီဖြစ်၍ သဘာဝအလျောက် ပျဉ်ဖိုးနားလည်ခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


စတုတ္ထစစ်ဆင်ရေးအတွင်းက အဆုံးအဖြတ်ပေးမည့် တိုက်ပွဲတစ်ပွဲဖြစ်သည့် ဟွမ်ဂိုဘဂ်တောင်ကို ရန်သူ့လက်တွင်းသို့ မကျရောက်စေရန် ကာကွယ်ရခဲ့စဉ်က ဖြစ်လေသည်။

ထိုတိုက်ပွဲတွင် ယန်ပိုရှန်သည် ဒဏ်ရာပြင်းပြင်းထန်ထန်ရနေသော အမြောက်တပ်ဖွဲ့မှ အဖွဲ့ခေါင်းဆောင်လဲကျရာ တောင်ခါးပန်းဆီသို့ မိကျောင်းသွားနည်းဖြင့် တွားတက်ခဲ့သည်။ လူနာရဲဘော်အနီးသို့ ချောမောစွာရောက်ရှိခဲ့ပြီး လူနာရဲဘော်၏ ဒဏ်ရာကို ပတ်တီးစည်းပေးမည်ပြုစဉ်မှာပင် သတိကင်းစင်လုမတတ်ရှိနေသော လူနာရဲဘော်က တစ်စုံတစ်ရာ အလွန်အမင်းတောင့်တနေသည့် အမူအရာနှင့် ယန်ပိုရှန်အား စူးစူးစိုက်စိုက်ကြည့်ရင်း နှုတ်မှ ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လာသည်။

"ရေ... ရေပါသလား"

ဤသို့ လူနာရဲဘော်က အာသာငမ်းငမ်း ရေတောင်းလိုက်တော့မှပင် ယန်ပိုရှန်က သူ့တွင် ရေမပါခဲ့ကြောင်း သတိရလာလေသည်။ တစ်ချိန်တည်းမှာပင် သူသည် လူနာရဲဘော် မချိတင်ကဲ ဝေဒနာခံစားနေရပုံကို ကြည့်ရင်းစိတ်ထဲတွင် တစ်ဆို့လာသဖြင့် နှုတ်မှ ပြန်လည်မဖြေကြားနိုင်တော့ဘဲ ခေါင်းကိုသာလျှင် ခါပြလိုက်လေသည်။ ယင်းသို့ ယန်ပိုရှန်က ခေါင်းခါပြလိုက်သည့် တစ်ခဏမှာပင် လူနာရဲဘော်သည် သူ့ခေါင်းတွင်ဆောင်းထားသည့် ကက်ဦးထုပ်ကို တုန်ယင်နေသော လက်တစ်ဖက်ဖြင့် ဆွဲချွတ်လိုက်ပြီးနောက် ဝေဒနာကို အံကြိတ်၍ခံနိုင်ရန်အလို့ငှာ ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။ ထိုအချိန်မှစ၍ လူနာ၏နှုတ်မှ ညည်းသံတိတ်ဆိတ်သွားလေသည်။ မကြာပါချေ လူနာရဲဘော်သည် ပင့်သက်တစ်ချက်ကို ခက်ခဲစွာ ရှိုက်သွင်းလိုက်ပြီးနောက် ဝိညာဉ်ချုပ်သွားလေတော့သည်။ သို့သော် လူနာ၏ သက်မဲ့ရုပ်မှာကား ဦးထုပ်ကလေးကို အံကြိတ်၍ ကိုက်ထားဆဲပင်။

ယန်ပိုရှန်သည် ထိုစဉ်မှစ၍ သွေးအိုင်ထဲမှ နာကြည်းလှစွာရယူခဲ့ရသော သင်ခန်းစာကို အသည်းစွဲခဲ့သည်။ ထို့ကြောင့်ပင် တိုက်ပွဲဆင်းတိုင်း အရေးပေါ်ရေကို သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တောင်ထိပ်မှ ပစ်ခတ်နေသော စက်သေနတ်သံများမှာမူ တစ်စတစ်စ ပိုမိုဆူညံလာသော်လည်း ယန်ပိုရှန်က မည်သို့မျှမတုန်လှုပ်မိပေ။ သို့သော် သူလောလောဆယ် စိတ်ပူနေမိသည်မှာမူ ရှေ့ပြေးတပ်စုမှ ရဲဘော်များကို အမီမလိုက်နိုင်ဘဲ မျက်ခြည်ပြတ်သွားမည့်အရေးပင် ဖြစ်သည်။

mgyoe.com

mgyoe.com


ထို့ကြောင့် သူသည် တဝီဝီ ပျံသန်းနေသော ရန်သူ့ကျည်ဆန်များကို အရေးမမှုနိုင်တော့ဘဲ ရှေ့မှရဲဘော်များကိုမီရန် ဒုန်းစိုင်း၍ ပြေးတက်နေရသည်။

"ဝပ်ချ ဝပ်ချလိုက်"

ပြေးနေရင်း လှမ်း၍ အော်ဟစ်သတိပေးလိုက်သော ရဲဘော်များ၏အသံများကို ကြားလိုက်ရသောအခါ သူသည် လှမ်းဆဲခြေလှမ်းကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး ရောက်သည့်နေရာတွင် ဝပ်ချလိုက်သည်။

တပ်စုမှူးချုန်မှာ စောစောက မကြောက်မရွံ့ ရန်သူ့ကျည်ဆန်များအကြားတွင် ပြောင်ပြောင်တင်းတင်း ပြေးတက်ခဲ့သော ဆေးတပ်သားကလေး ယန်ပိုရှန်ကြည့်ပြီး စိတ်ထဲမှ ကျိတ်၍ချီးမွမ်းနေမိသည်။ တစ်ချိန်တည်းမှာပင် ဤသို့ ဖျတ်ဖျတ်လတ်လတ်ရှိပြီး သာမန်အချိန်များတွင် အခြားရဲဘော်များအပေါ် ကြင်နာစိတ်အပြည့်ထားနိုင်သကဲ့သို့ တိုက်ပွဲဆင်းရာတွင်လည်း ဝံ့ဝံ့စားစားရှိသော ဤသူငယ်အား ထိုက်တန်သော ချီးမြှောက်မှုမျိုးဖြင့် ချီးမြှောက်သင့်သည်ဟု တွေးလိုက်မိသည်။ သို့သော် သူ့နှုတ်ဖျားမှ ထွက်လာသော စကားများမှာကား ချီးမွမ်းသည့်စကားမဟုတ်ဘဲ အသံပြတ်ဖြင့်ပြောလိုက်သော သတိပေးစကားများသာလျှင်ဖြစ်သည်။ ဤသို့ ချီးမွမ်းမည့်စကား နှုတ်ဖျားရောက်ကာမှ မည်သို့ စိတ်ပြောင်းသွားမိသည်ကိုလည်း ကာယကံရှင်ကိုယ်တိုင်ပင် သိလိုက်ဟန်မတူပါချေ။

"ယန်ပိုရှန်၊ မင်းခုလို မဆင်မခြင် လုပ်နေရင်တော့ နောက်တစ်ခါဆိုရင် မင်းကို ငါ ရှေ့ပြေးတပ်နဲ့ ဘယ်တော့မှ လိုက်ခွင့်မပြုတော့ဘူး"

ထိုသို့ အကြိမ်းအမောင်းခံလိုက်ရသော အချိန်တွင် ယန်ပိုရှန်မှာ မိမိသည် မည်သည့်နေရာ၌ ရောက်ရှိနေသည်။ မိမိအနီးတွင် မည်သူမည်ဝါရှိသည် စသည့် မိမိရောက်ရှိနေသော ပတ်ဝန်းကျင်၏ ယေဘုယျအခြေအနေကိုသော်မှ သုံးသပ်ခွင့်ရသေးသည်မဟုတ်ပေ။ ထို့ကြောင့် သူသည် တပ်စုမှူး မည်သည့်အကြောင်းကြောင့် စိတ်ဆိုးနေသည်ကို မဝေခွဲနိုင်သဖြင့် တပ်စုမှူးအား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ရင်းဆိုရှာပေသည်။

"ကျွန်တော် ဘာလုပ်မိပါသလဲ တပ်စုမှူးခင်ဗျား"

"မင်းဘာလုပ်မိသလဲ ဟုတ်လား။ ရန်သူက အရမ်းပစ်နေတယ်ကွ၊ မင်းကိုယ်မင်းဂရုစိုက်ရမယ်"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


ယန်ပိုရှန်က ဟုတ်ကဲ့ဟု ဆိုနေလင့်ကစား သူ့မျက်နှာတွင် တပ်စုမှူး၏စကားကို ယခုထက်တိုင် မခြုံငုံမိသေးသည့်အမူအရာကို ဖော်ပြလျက်ပင် ရှိသေးသည်။

"မင်းကို ငါထပ်ရှင်းပြဖို့ လိုသေးသလားကွ။ ဒါ ရိုးရိုးအချိန်မဟုတ်ဘူး။ ငါ့အမိန့်မပါဘဲ မင်းကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ ငါပြောတာ သဘောပေါက်ရဲ့လား ရဲဘော်"

တပ်စုမှူးသည် ယန်ပိုရှန်အား အသံမာမာနှင့် ပြောဆိုနေရာမှ ပျော့ပျောင်းသော လေသံဖြင့် ဆက်ဆိုပြန်သည်။

"ပထမတပ်နှင့် ဒုတိယတပ်မှာ ဒဏ်ရာရတဲ့ ရဲဘော်တွေရှိနေတယ်။ သူတို့ကို ဆေးသွားထည့်ပေးလိုက်"

ယန်ပိုရှန်မှာ "ရဲဘော်တွေ ဒဏ်ရာရနေတယ်" ဆိုသည့်သတင်းကို ကြားလျှင် ကြားရချင်း အခြားမည်သည့်အရာကိုမျှ သတိမရတော့ဘဲ ၎င်းရဲဘော်များရှိရာသို့သာ ချက်ချင်း စိတ်ရောက်သွားလေတော့သည်။

ဤသို့တိုက်ပွဲတွင် ဒဏ်ရာရသော ရဲဘော်များကိုကယ်တင်လို၍လည်း သူသည် ယခုကဲ့သို့ ရှေ့ပြေးတပ်ခွဲများနှင့် အတူလိုက်ပါခွင့်ပြုရန် တပ်မှူးများထံသို့ အကြိမ်ကြိမ် ခွင့်ပန်ခဲ့ခြင်းပင် မဟုတ်ပါလော။ သို့နှင့် သူသည် တပ်စုမှူးထံမှ အမိန့်ရလိုက်သည်နှင့်တစ်ပြိုင်နက် ပထမအဖွဲ့မှ ဒဏ်ရာရနေသော ရဲဘော်များထံသို့ ပြေးသွားလေတော့သည်။

ထို့နောက် ပထမအဖွဲ့မှ ရဲဘော်များကို ဆေးထည့်ခြင်း၊ ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပြီးသောအခါ ဒုတိယအဖွဲ့မှ ရဲဘော်များထံသို့ ကမျောသောပါး ပြေးသွားပြန်သည်။ သူသည် ရဲဘော်များကို ဆေးထည့်ပေးစဉ်တွင် "ဘာမှမပူနဲ့ ရဲဘော် စိတ်ကောင်းကောင်းထား၊ မကြာခင် လူနာတင်ကပ်တွေရောက်လာပြီး ရဲဘော်ကို နောက်ပိုင်းပို့ပေးကြပါလိမ့်မယ်" စသည့် လူနာစိတ်ချမ်းသာမည့် စကားများကို ပြောဆို၍ နှစ်သိမ့်ရသည်ကလည်း အမောပင်။

ယင်းသို့ ယန်ပိုရှန် ဆေးထည့်ပေးနေစဉ်အတွင်း တပ်သားကျော်များက ဟိုတစ်စုသည်တစ်စု စုဝေးလျက် မျက်မှောက်ပြုနေရသော အခက်အခဲနှင့် ပတ်သက်၍ တီးတိုးဝေဖန်နေကြသည်။ ထိုအခါမှပင် ယန်ပိုရှန်မှာလည်း အမှတ် ၂ တပ်ခွဲ ရှေ့သို့ ဆက်မတက်နိုင်သည့် အကြောင်းရင်းကို သိခွင့်ရလာတော့သည်။ စင်စစ် အမှတ် ၂ တပ်စုသည် တောင်ထိပ်သို့ရောက်ရန် မီတာ ၁၅၀ ခန့်သာ လိုတော့သည်။ ဤနေရာ

mgyoe.com

mgyoe.com


ရောက်မှပင် အထပ်ထပ်ချထားသော ရန်သူ့သွပ်ဆူးကြိုးတန်းများ၏ ဟန့်တားမှုကြောင့် ရပ်တန့်လိုက်ရခြင်းဖြစ်သည်။ ရန်သူ၏ဟန့်တားမှုကို မိုင်းဖုံးများဖြင့် ဖြိုခွင်းဝင်ရန် စီစဉ်ခဲ့သော်လည်း ရန်သူများက ဘက်သုံးဖက်မှ ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် တပ်သားကျော်အတော်များများ အတုံးအရုံး ကျဆုံးကုန်သဖြင့် ဤသို့ခေတ္တရပ်တန့်လိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် အမှတ် ၃ တပ်စုသည် မကြာမီအတောအတွင်း တက်လိုက်လာမည့် ဒုံးပျံပစ်တပ်ခွဲနှင့် တောင်ပေါ်ပစ်အမြောက်တပ်ခွဲများ၏အကူအညီဖြင့် ဆက်လက်ထိုးဖောက်ရန် ရည်ရွယ်လျက် ၎င်းတပ်ကူများရောက်ရှိလာရန် စောင့်ဆိုင်းနေခြင်းလည်း ဖြစ်သည်။

ထိုသတင်း အစအနများနှင့်အတူ ရှေ့သို့ ကျုံရောက်နေသော ရဲဘော်များကလည်း ဒဏ်ရာရနေကြသည်ဟု ကြားလိုက်ရသောအခါ ယန်ပိုရှန်သည် သူပိုက်ထွေးထားသော လူနာရဲဘော်ကို မြေပြင်ပေါ်သို့ အသာအယာချခဲ့ပြီး ရှေ့တန်းမှ ဒဏ်ရာရနေသော ရဲဘော်များထံသို့ သွားရောက်ပြုစုရန် အမိန့်ခံလိုက်သည်။

"တပ်စုမှူးခင်ဗျာ၊ ရှေ့တန်းမှာ ဒဏ်ရာရနေတဲ့ ရဲဘော်တွေကို သွားပြီးပြုစုပါရစေ"

တပ်စုမှူးထံမှ အမိန့်ရသည့်တစ်ခဏမှာပင် သူတို့နှင့်မလှမ်းမကမ်းရှိ တောင်ခါးပန်းထက်သို့ ရန်သူ့အမြောက်ဆန်တစ်ဆန် ကျရောက်ပေါက်ကွဲသွားလေတော့သည်။

ဤသို့ ရန်သူအမြောက်ဆန်တစ်ခု မိမိအနီး၌ ကျရောက်လာသည့်တိုင် ယန်ပိုရှန်က အလေးမမူ၊ ဂရုမထား မြားတစ်စင်း၏အဟုန်ဖြင့် ရှေ့သို့ ကဆုန်စိုင်းပြေးတက်ခဲ့သည်။

"ယန်ပိုရှန်၊ ခါးကုန်းတက်"

တပ်စုမှူးက အသံကုန်ဟစ်၍ သတိပေး၏။ သို့သော် တပ်မှူးမှာ မိမိအော်ဟစ်ပြောဆိုလိုက်သည်ကို ယန်ပိုရှန်ကြားသည်၊ မကြားသည် မဝေခွဲနိုင်သော်လည်း ယန်ပိုရှန်တောင်ထိပ်ပေါ်သို့ ပြေးတက်မြဲ ပြေးတက်နေသည်ကိုမူ တွေ့မြင်နေရသည်။

ယခုမူ ရန်သူ့အမြောက်ဆန်ကျနှုန်းမှာ ယခင်ကထက် ဆပွားတိုးတက်လာသည်။ ဆင့်ကဲပေါက်ကွဲနေသော ပေါက်ကွဲသံများမှာ မိုးကြိုးပစ်သံ၊ မိုးချုန်းသံတို့ထက်ပင် ကြောက်မက်ဖွယ်ကောင်းနေပေသည်။ သို့တစေ ယန်ပိုရှန်ကမူ သူပြေးတက်သည့်လမ်းတွင် အန္တရာယ်တစ်စုံတစ်ရာ မရှိသည့်အလား ခါးအနည်းငယ်ကိုင်းလျက် ပြေးတက်နေသည်။

mgyoe.com

mgyoe.com


ထိုစဉ် ယန်ပိုရှန်၏ ဝဲယာတစ်ဖက်တစ်ချက်သို့ ရန်သူ့အမြောက်ဆန်များ ကျရောက်လာလေရာ ချက်ချင်းဆိုသလိုပင် သူ၏ခန္ဓာကိုယ်အား မီးခိုးလုံးကြီးများ လွှမ်းသွားလေတော့သည်။

ယန်ပိုရှန် စတက်သွားကတည်းက ရင်တမမနှင့် စောင့်ကြည့်နေကြသော ရဲဘော်များမှာ သူနောက်ဆုံးခြေချခဲ့သည့်နေရာ၌ မည်းမှောင်နေသည့် မီးခိုးလုံးကြီးကိုသာလျှင် မြင်နေရသဖြင့် ရင်ထဲတွင် နာကျင်သော ဝေဒနာတစ်ခုကို ကိုယ်စီကိုယ်င မချိတင်ကဲ ခံစားလိုက်ကြရသည်။

သို့သော် ကံကောင်းသည်ဟုဆိုရပေမည်။ ယန်ပိုရှန်သည် မိမိအနီးသို့ကပ်လျက် အမြောက်ဆန်များကျလာသည့်တိုင် တစ်စုံတစ်ရာ ဒဏ်ရာမရရှိဘဲ အကောင်းပကတိအတိုင်း မီးခိုးလုံးကြီးများအကြားမှ တိုးတက်လာနိုင်ခဲ့သည်။ ထို့နောက် သူသည် ရန်သူ့ဘက်မှ ကာပစ်ပစ်ပေးထားသော ကျည်ကန့်လန့်ကာကို ဘေးမသီရန်မခ ဖြတ်ကျော်ခဲ့ပြန်ပြီး အမြောက်ဆန်ကျရာမှ ပေါ်ထွန်းခဲ့သော ကျင်းကြီးတစ်ခုနှစ်ခုကို ခုန်ကျော်မိသည်နှင့် အမှတ် ၂ တပ်စုမှ ရှေ့သို့ကျွံရောက်နေသော ရဲဘော်များ ပုန်းခိုနေသည့် ကျောက်စွန်းတစ်ခု၏ နောက်ကွယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေတော့သည်။

"ဘယ်သူလဲဟေ့"

တစ်စုံတစ်ယောက်က သူ့နောက်ကျောဘက်ဆီမှ လှမ်း၍မေးသည်။ သူသည် နှာခေါင်းသံနှင့် မေးလိုက်သော အသံရှင်ကိုကြားရုံဖြင့်ပင် မှတ်မိလိုက်သည်။ ယခု သူ့နောက်ကျောကို သေနတ်နှင့်ချိန်ရွယ်လျက် မေးနေသူမှာ အခြားသူမဟုတ်၊ အမှတ် ၂ အဖွဲ့ခေါင်းဆောင်ပင်ဖြစ်သည်။

"ခင်ဗျား အမှတ် ၂ အဖွဲ့ခေါင်းဆောင် မဟုတ်လား"

ယန်ပိုရှန်က အသံရှင်ကို နောက်ပြန်လှည့်မကြည့်ဘဲ တစ်ဖက်သို့မျက်နှာမူလျက်နှင့်ပင် ပြန်၍မေးဖြေ ဖြေလိုက်သည်။

"မင်း ယန်ပိုရှန်မဟုတ်လားဟေ့…၊ ကိုင်း လာ ငါ့နောက်ကို ခပ်သွက်သွက် လိုက်ခဲ့"

ထိုအခါ ယန်ပိုရှန်သည် အမှတ် ၂ တပ်စုမှ ရှေ့တန်းရောက် ရဲဘော်တစ်စု ပုန်းခိုရာ ကျောက်စွန်းနောက်ကွယ်သို့ အသက်ပြင်းပြင်းရှူရှိုက်ရင်း ပြေးတက်သွားလေသည်။

mgyoe.com

mgyoe.com


ကျောက်စွန်းနောက်ကွယ်တွင်ကား ရဲဘော်လေးငါးခြောက်ယောက်မှာ လဲလျောင်းလျက်ရှိကြပြီး ၎င်းရဲဘော်များအနက် တစ်ယောက်သောရဲဘော်၏ မျက်နှာပေါ်တွင် မျက်နှာသုတ်ပဝါတစ်ထည် လွှမ်းထားသည်ကို တွေ့လိုက်ရသည်။ ထိုရဲဘော်၏အနီးတွင်လည်း အဖွဲ့ခေါင်းဆောင်သည် လက်ထဲတွင် ပတ်တီးတစ်လိပ်ကိုင်လျက် ဒူးထောက်ထိုင်ချလိုက်သည်ကို တွေ့ရသည်။ ထိုရဲဘော်များအနီးရှိ မြေပြင်ပေါ်တွင် ဒိုင်းနမိုက်အတောင့်များ ပြန့်ကျဲလျက်ရှိသည်။ ယန်ပိုရှန်က ယင်းမြင်ကွင်းတစ်ခုလုံးကို ရောက်မဆိုက် မျက်လုံးတစ်ချက် ဖေ့ကြည့်လိုက်ရုံဖြင့်ပင် စေ့စုံအောင်မြင်လိုက်ရသည်။

"ကျွန်တော် လုပ်ပေးမယ်လေ"

သူသည် ပြောပြောဆိုဆိုပင် အဖွဲ့ခေါင်းဆောင်၏လက်ထဲမှ ပတ်တီးလိပ်ကို ဆွဲယူလိုက်ပြီး ကျွမ်းကျင်ဖျတ်လတ်သော လက်ချောင်းများဖြင့် လူနာကို ပတ်တီးစည်းပေးလိုက်သည်။ ယင်းသို့ရှိခိုက် တောင်ထိပ်ပေါ်မှ ရန်သူများက အမှတ် ၂ တပ်စု၏ တည်နေရာကို သိရှိသွားကြဟန်တူသည်။ အနီးဝန်းကျင်ရှိ ရန်သူ့စက်ကြီး၊ စက်ကလေးစခန်းများက သူတို့ပုန်းကွယ်နေသည့် ကျောက်တုံးကြီးကို သဲကြီးမဲကြီး တိုက်ခိုက်စပြုလာသည်။ ဤတွင် ကျောက်သားနှင့်ကျည်ဆန် တရစပ်ထိတွေ့ရာမှ ဖြစ်ပေါ်လာသော မီးပန်းမီးဖွားများသည်လည်း လေတွင်ပျံ့ဝဲကာ ကျောက်စွန်းကြီး၏ ထက်အောက်ဆေားဆီသို့ တဖွားဖွား ပျံ့လွင့်နေလေတော့သည်။

ယန်ပိုရှန်သည် လူနာရဲဘော်ကို ပတ်တီးစည်းပေးပြီး ဖြစ်သော်လည်း ယခုတိုင်ရောက်မလာသေးသည့် လူနာတင်ကပ်များအတွက် စိတ်ပူနေမိပြန်သည်။ လူနာထမ်းစင်များ ယခုအချိန်မှ ရောက်မလာလျှင် ဤလူနာရဲဘော်များကို မည်သည့်နည်းနှင့်မျှအချိန်မီ နောက်ပိုင်းသို့ ပြန်ပို့နိုင်တော့မည် မဟုတ်ဟူသော အတွေးကြောင့်လည်း ပို၍စိတ်ပူနေမိခြင်းဖြစ်သည်။ ယင်းသို့ လူနာရဲဘော်များ၏ ရှေ့ရေးကို တွေးပူနေမိစဉ်မှာပင် ကျောက်စွန်းကြီး၏ ရှေ့မလှမ်းမကမ်းဆီမှ လူတစ်ယောက် ညည်းညူနေသံကို သဲ့သဲ့မျှ ကြားလိုက်ရသည်။

ဤသို့ အမှတ်မထင် လူတစ်ယောက် ညည်းညူသံကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သူသည် အလိုအလျောက်ပင် ခုန်ထရန် ဟန်ပြင်မိပြီးသား ဖြစ်သွားလေတော့သည်။

သို့သော် သူသည် ရှေ့ဆက်လက် လှုပ်ရှားခွင့်ရလိုက်သည်မဟုတ်ဘဲ တပ်စုမှူး

mgyoe.com

mgyoe.com


က သူ့ပခုံးကို လက်တစ်ဖက်ဖြင့် အချိန်မီ ဖိလိုက်သဖြင့် ပြန်ထိုင်ချလိုက်ရသည်။

"ဟော့... နေဦးလေကွာ၊ ခု ညည်းနေတာက ချန်ဂျွန်ပါကွ"

ဤနေရာ၌လည်း ယန်ပိုရှန်မှာ အထူးပင်ကံကောင်းလှသည်။ တပ်စုမှူးကသာ သူ့အား အချိန်မီဆွဲမထားလိုက်နိုင်ပါမူ သူထလိုက်သည့် တစ်ခဏမှာပင် ပစ်ခတ်လိုက်သည့် ရန်သူ့ကျည်ဆန်များကြောင့် ထိုနေရာတွင်ပင် သေပွဲဝင်ရမည်ဖြစ်သည်။ ယခုမူကား တပ်စုမှူးက အချိန်မီတားဆီးနိုင်ခဲ့ခြင်းကြောင့်သာလျှင် ယခုကဲ့သို့ အသက်ရှင်ခွင့် ရရှိလိုက်ခြင်းဖြစ်သည်။

ယခုတိုင်ပင် သူတို့၏အနီးအနားသို့ မီးပွားများကျနေဆဲဖြစ်ပြီး သူတို့ဦးခေါင်းထက်မှလည်း ရန်သူ့ကျည်ဆန်များ တရွှီရွှီ ဖြတ်သန်းနေဆဲပင်ဖြစ်သည်။

မည်သို့ရှိစေ သူသည် ဆေးတပ်သားတစ်ဦးဖြစ်သည်နှင့်အညီ ဒဏ်ရာအနာတရ ရရှိနေသော ရဲဘော်တိုင်းကို ပြုစုရမည့်တာဝန်မှာ မိမိတာဝန်ဖြစ်သည်ဟု ယုံကြည်သည့်အလျောက် ချန်ဂျွန်အား သွားရောက်ပြုစုရန်၊ ဖြစ်နိုင်လျှင် သယ်ပိုး၍ ပြန်ဆင်းလာရန်ဟူသော စိတ်ကူးကို သူ့ဦးနှောက်အတွင်းသို့ ထည့်သွင်းစပြုလာသည်။ အကယ်၍ သူ့အနေဖြင့် ရဲဘော်ချန်ဂျွန်အား အချိန်မီ သွားရောက်မပြုစုနိုင်ပါမူ ချန်ဂျွန် ရရှိနေသော ဒဏ်ရာမှာ အသက်ကိုပင် အန္တရာယ်ပြုနိုင်လောက်သည့် အခြေအနေမျိုးသို့ ရောက်ရှိကောင်း ရောက်ရှိလာမည်ဟူသော အတွေးကလည်း သူ့ရင်ကို တုန်ယင်လာစေပြန်သည်။ ထို့အပြင် ရဲဘော် ချန်ဂျွန်မှာ နှယ်နှယ်ရရ ရဲဘော်တစ်ယောက်မဟုတ်၊ သူသည် တပ်ခွဲမှ စံပြရဲဘော်တစ်ယောက်ဖြစ်သည်။ တပ်ခွဲတွင် အတိုက်အခိုက်အကောင်းဆုံးနှင့် လက်အဖြောင့်ဆုံး ရဲဘော်တစ်ယောက်အဖြစ် သတင်းမွှေးနေသူဖြစ်သည်။

မှန်သည်။

ယခု ထိုရဲဘော်ရရှိနေသော ဒဏ်ရာများမှာလည်း အခြားတစ်ပါးမှ ရရှိလာသည် မဟုတ်၊ ရန်သူများ၏ ပိတ်ပင်ဟန့်တားမှုဟူသမျှကို ပမာမထားဘဲ ရှေ့ဆုံးမှ ရဲရဲဝံ့ဝံ့ ပြေးတက်ခဲ့ခြင်းကြောင့် ရရှိခဲ့သော ဆုလာဘ်များပင် မဟုတ်ပါလော။

ထို့ကြောင့်ပင် ရဲဘော်ချန်ဂျွန်သည် သူ့အားပေးအပ်ထားသည့် တိုက်ခိုက်ရေးတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့ပေပြီ။ သို့ဆိုလျှင် မိမိအနေဖြင့်ရော ရဲဘော်ချန်ဂျွန် တာဝန်ကျေပွန်ခဲ့သလို မိမိအားပေးအပ်ထားသည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီလော။

mgyoe.com

mgyoe.com


ဤကား ယန်ပိုရှန်၏ ဦးနှောက်အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာကြသော အတွေးများတည်း။ ထိုအတွေးစများကပင် သူ့စိတ်ကို စေ့ဆော်လိုက်သည် ဖြစ်မည်။ သူသည် သူ့ပခုံးတစ်ဖက်အား ဖိနှိပ်ထားသည့် တပ်စုမှူး၏လက်ကို ဆတ်ခနဲ ပုတ်ချလိုက်ပြီး ကျောက်စွန်းနောက်ကွယ်မှ ခုန်ထွက်ကာ မိကျောင်းသွားနည်းဖြင့် တွားတက်ခဲ့လေတော့သည်။

"ဆေးတပ်ရဲဘော်ကို ကာပစ်ပစ်ပေးကြဟေ့"

ဤသို့ ရုတ်တရက် ပြေးထွက်သွားသော ယန်ပိုရှန်အား တားဆီး၍မရသည့် အဆုံးတွင် တပ်စုမှူးသည် ကျောက်စွန်ကျောက်တုံးများနောက်ကွယ်တွင် အကာအကွယ်ယူနေကြသည့် မိမိရဲဘော်များအား အချိန်မီဟစ်အော် အမိန့်ပေးလိုက်ရလေတော့သည်။ သူကိုယ်တိုင်လည်း အနီးတွင်လဲကျနေသော ရဲဘော်တစ်ယောက်၏ လက်ထဲမှ ရိုင်ဖယ်တစ်လက်ကို ဆွဲယူလိုက်ပြီး ဆေးတပ်ရဲဘော်ကလေးအတွက် ကာပစ်ပစ်ပေးလိုက်သည်။ တစ်ဖက်ရန်သူများ ခေါင်းမဖော်နိုင်မှသာလျှင် ဆေးတပ်သားကလေးခမျာ အသက်ချမ်းသာရာ ရရှိရာပေတော့မည်။

ယန်ပိုရှန်မှာမူ မျက်နှာကို မြေပြင်နှင့်ကပ်နိုင်သမျှ ကပ်လျက်တွားတက်နေရာမှ ရန်သူ့အပစ်အခတ် အနည်းငယ်ဆုတ်ဆိုင်းသွားသည်နှင့် တစ်ပြိုင်နက် ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် ခုန်ထလိုက်ပြီး ဝါးလုံးထိုးပြေးတက်ခဲ့ပြန်သည်။ ထို့နောက် ရန်သူ့ကျည်ဆန်များ ပြန်ကျလာသောအခါ မူလအနေအထားအတိုင်း ဝပ်ချလိုက်ပြန်ကာ ဆက်လက်တွားတက်ခဲ့ပြန်သည်။

ထိုသို့ အခွင့်သာလျှင် သာသလိုပြေးတက်လိုက်၊ အခွင့်မသာလျှင် မသာသလို ဝပ်ချလိုက် လုပ်နေစဉ်အတွင်း ရန်သူ့ကျည်ဆန်များက သူ့ဦးခေါင်းထက်မှ ပရမ်းပတာ ပျံဝဲနေကြပြီး ရန်သူကိုရှာဖွေနေဟန်ရှိသော မီးမောင်းကြီးများကလည်း သူ့အနီးသို့ မကြာခဏ ဝဲဝဲလာတတ်လေသည်။

မကြာပါချေ၊ မည်သည့်အရပ်မှ ပေါ်လာသည်မသိရသော ရန်သူ့မီးမောင်းကြီး တစ်စုံက သူ့ခန္ဓာကိုယ်ပေါ်သို့ ရုတ်တရက် စုပြုံကျရောက်လာသည်။ ထိုခဏမှာပင် သူ့မျက်စိအစုံမှာ ရုတ်ခြည်း အလင်းကွယ်သွားရလေတော့သည်။

သူသည် သူ့မျက်စိအစုံကို ကြောင်တောင်ကန်းသွားပြီလားဟူ၍ပင် ထင်လိုက်မိသည်။ သူသံသယဖြစ်မည်ဆိုကလည်း သံသယဖြစ်ဖွယ်ပင်။ သူကြည့်လေတိုင်း တောတောင်ရေမြေစသည့် ပထဝီအမှတ်အသားများကို မမြင်ရဘဲ အပြာရောင်လွှင်ဖြင်

mgyoe.com

mgyoe.com


ကြီးကိုသာလျှင် မြင်နေရသည်။

မည်သို့ပင်ဖြစ်စေ သူသည် ကျန်ရှိသမျှသော ခွန်အားကလေးကို ဖျစ်ညှစ်ထုတ်သည်။ ထို့နောက် သူသည် ဆက်တက်မြဲတက်သည်။ ထို့နောက်တွင်မူ သူသည် တွားသွားရင်း၊ လိမ့်ရင်း၊ လူးရင်း၊ ပြေးတက်ရင်းဖြင့်ပင် မလှုပ်မယှက် လဲလျောင်းနေသော အပြာရောင်ဝတ်စုံနှင့် ရဲဘော်ချန်ဂျွန်၏ ခန္ဓာကိုယ်ကြီးကို လှမ်း၍မြင်လိုက်ရလေတော့သည်။

ထိုအခါ သူသည် ရဲဘော်ချန်ဂျွန်၏အနီးသို့ တိုးနိုင်သမျှ တိုးသွားခဲ့ပြီး ၎င်းရဲဘော်၏ နားနားကပ်၍ တီးတိုးခေါ်လိုက်သည်။

"ရဲဘော်ချန်ဂျွန်... ရဲဘော်ချန်ဂျွန်"

သူသည် နှုတ်မှ တဖွဖွခေါ်ရင်း ရဲဘော်ချန်ဂျွန်၏ကိုယ်ပေါ်မှ ဒဏ်ရာများကို ရှာဖွေပြီး ပတ်တီးစည်းပေးလိုက်သည်။

အတန်ငယ်ကြာသောအခါ ချန်ဂျွန်သည် သတိပြန်လည်ရလာကာ သူ့အား ပြုစုနေသည့် ရဲဘော်ယန်ပိုရှန်အား အမှတ်ရသော အကြည့်ဖြင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး ထစ်ငေါ့သောအသံဖြင့် မပွင့်တပွင့်ဆိုလေသည်။

"ယန်ပိုရှန်၊ ကျွန်တော် တာဝန်မကျေဘူးဗျာ"

"အို မဟုတ်တာ ရဲဘော်ရယ်။ ရဲဘော်ဟာ တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ပြီးပါပြီ။ လာ... လာ ကျွန်တော် ရဲဘော်ကို ထမ်းခေါ်သွားမယ်"

"မဖြစ်ဘူး... မဖြစ်ဘူးဗျာ"

"ဘာဖြစ်လို့လဲ ရဲဘော်"

"ကျွန်တော်တို့နှစ်ယောက် အတူပူးကပ်သွားရင် ပစ်မလွဲတဲ့ ပစ်မှတ်ကြီးလိုဖြစ်နေမှာပေါ့ဗျာ။ နောက်ပြီး ကျွန်တော်တို့ ရန်သူတွေမမြင်အောင် လစ်ထွက်သွားဖို့ မလွယ်ဘူးလို့ ကျွန်တော်ထင်တယ်ဗျာ"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ရဲဘော်ဘာသာ ရဲဘော်တစ်ယောက်တည်း အရင်ဆင်းသွားနှင့်ပါ"

"ဘာဗျ ကျွန်တော့်ဘာသာ ကျွန်တော်တစ်ယောက်တည်း ဆင်းသွားရမယ်ဟုတ်လား။ ဘာလဲ... ကျွန်တော် ဒီကိုလာတာ ခင်ဗျားကို မတွေ့ရတာကြာလို့ အပျင်းပြေလာကြည့်တယ်လို့များ ခင်ဗျားအောက်မေ့လို့လား"

"ရဲဘော် ကျွန်တော့်ကို အထင်လွဲသွားပြီဗျာ။ ကျွန်တော်ပြောတာက ဒီလိုပါဗျာ။

mgyoe.com

mgyoe.com


သွပ်ဆူးကြိုးတွေကို ဖုံးနဲ့ခွဲပြီး ရှင်းလင်းဖို့ပေးလိုက်တဲ့ တာဝန်ကို ပျက်ကွက်တဲ့အတွက် ကျွန်တော်ပြန်မဆင်းချင်လို့ ပြောတာပါ။ ရဲဘော်တွေကို ရှက်လွန်းလို့ပါဗျာ"

ရဲဘော်ချန်ဂျွန်သည် စကားအနည်းငယ် ပြောပြီးသည်နှင့် သတိလစ်သွားပြန်လေသည်။

ဤတွင် ယန်ပိုရှန်သည် စိုးရိမ်မကင်းဖြစ်လာကာ ရဲဘော်ချန်ဂျွန်၏ နားနားသို့ကပ်၍ တဖွဖွ ခေါ်ကြည့်ပြန်သည်။ ခဏမျှကြာသောအခါ လူနာမျက်လွှာပင့်လာသည်ကို မြင်လိုက်ရသဖြင့် လူနာရဲဘော်အား နောက်ထပ်တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ ချိုင်းအောက်မှ လက်သိုင်း၍ ဆွဲထူလိုက်သည်။ လူနာရဲဘော်ကို တောင်ခြေရင်း လုံခြုံသည့်နေရာသို့ တွဲယူခေါ်ဆောင်သွားရန် ပြင်ဆင်လိုက်ခြင်းပင်ဖြစ်သည်။

ထိုအခိုက်မှာပင် ရန်သူ့ဘက်မှ အပစ်အခတ်မှာလည်း စောစောကထက်ပို၍ ပြင်းထန်လာသည်။ ထို့ကြောင့်ပင် ယန်ပိုရှန်ရင်ဆိုင်ရမည့် အန္တရာယ်မှာလည်း ပို၍ ကြီးမားလာသည်။ မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် မိမိရဲဘော်တစ်ယောက်ကို ဖြစ်သည့်နည်းဖြင့် ကယ်တင်ရမည်သာဖြစ်သည်။ ထို့အပြင် သူသည် ပြည်သူ့လူငယ်အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပြန်လေရာ ထိုလူနာရဲဘော်အား တာဝန်အရပင် ကယ်တင်ရမည်ဖြစ်သည်။

ထို့ကြောင့် သူသည် မိမိပခုံးထက်တွင် ကျရောက်လျက်ရှိသော တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းပင်ဖြစ်သည်။

သူသည် ရဲဘော်ချန်ဂျွန်၏ လက်တစ်ဖက်ကို မိမိပခုံးပေါ်သို့ ဆွဲတင်လိုက်ပြီး တောင်တက်လမ်းအတိုင်း တစ်လှမ်းချင်း တွဲဆင်းလာခဲ့သည်။ ဒဏ်ရာရနေသော ရဲဘော်အား လမ်းတွင် သက်သောင့်သက်သာ ရှိနိုင်သမျှရှိစေရန် တတ်နိုင်သမျှ အချောမွတ်ဆုံးနေရာများနှင့် ကျောက်ချွန်ကျောက်တက် ကင်းရှင်းသော နေရာများမှ ရွေးချယ်ခေါ်ခဲ့သည်။

ယင်းသို့ရှိခိုက် သူတို့နှစ်ဦး၏ ဦးခေါင်းထက်မှ ရန်သူ့ကျည်ဆန်များ အအုပ်အသင်းလိုက် တဝီဝီဖြတ်သန်းသွားပြန်သဖြင့် ကြောက်အားလန့်အားနှင့် ခေါင်းငုံ့ရှောင်ရှားလိုက်မိ၍ပေလောမသိ၊ ယန်ပိုရှန်မှာ ရဲဘော်ချန်ဂျွန်၏ ကိုယ်ပေါ်သို့ထပ်လျက် လဲကျသွားလေတော့သည်။ သူ့မျက်နှာမှာလည်း ကျောက်ခဲသလဲနှင့် သံအစအနများ ထိမှန်သဖြင့် သွေးချင်းချင်းရဲလျက်ရှိသည်။

တစ်ဆက်တည်းမှာပင် သူ့လက်မောင်း တစ်ဖက်မှ မီးကျည်စနှင့်အထိုးခံလိုက်

mgyoe.com

mgyoe.com


ရဘိသို့ နာကျင်ပူပြင်းသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသဖြင့် ၎င်းလက်မောင်းတွင် ဒဏ်ရာရရှိနေပြီဖြစ်ကြောင်း ချက်ချင်းပင် ရိပ်မိလိုက်သည်။ သို့တစေ သူ့လက်မောင်းမှ ဒဏ်ရာမှာ မည်မျှပြင်းထန်သည်၊ မပြင်းထန်သည်ကို သူမသိ။ ထို့ကြောင့် သူသည် မိမိလက်မောင်းမှ ဒဏ်ရာမည်မျှကြီးမားသည်ကို သိရှိနိုင်ရန်အတွက် ရဲဘော်ချန်ဌါန် ၏ကိုယ်ပေါ်တွင် လဲကျနေသော သူ့ခန္ဓာကိုယ်ကြီးအား ဒဏ်ရာရနေသော လက်မောင်း ဖြင့် ထောက်၍ထကြည့်လိုက်ရာ ကောင်းစွာထောက်နိုင်ကြောင်း တွေ့လိုက်ရသည်။ သို့ဆိုလျှင် သူ့လက်မောင်းသည် သုံးမရသည့်အထိ အခြေအနေမဆိုးသေး။ ရဲဘော် ချန်ဌါန်ကို ဆက်၍ တွဲခေါ်နိုင်ဦးမည်ဖြစ်သည်။ ထိုအသိနှင့် သူသည် ရဲဘော်ချန်ဌါန်ကို ဒဏ်ရာရနေသော လက်မောင်းဖြင့်ပင် ပခုံးမှသိုင်း၍ သက်ဆင်းခဲ့ပြန်သည်။ တွား၍ သော်လည်းကောင်း၊ ကုန်းကွ၍သော်လည်းကောင်း ဆင်းခဲ့ရင်း လူနာရဲဘော်ကိုလည်း "နည်းနည်းဆက်သည်းခံလိုက်ပါဦး ရဲဘော်၊ ရောက်ပါတော့မယ်၊ သိပ်မဝေးတော့ပါ ဘူး" စသည့် အားပေးစကားများကို မရပ်မနား ပြောဆိုလာခဲ့သေးသည်။

ဤသို့ မလျော့သောလုံ့လကြောင့်ပင် သူတို့သည် အတန်ငယ်ဆင်းမိခဲ့သော အခါ အမှတ် ၂ တပ်စုမှ ရဲဘော်များပုန်းခိုနေရာ တောင်စွန်း၏နောက်ကွယ်သို့ ချောမော စွာ ရောက်ခဲ့လေတော့သည်။

ယန်ပိုရှန်မှာ ကျောက်စွန်းကြီးနောက်ကွယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် တာဝန်တစ်ရပ် ချောချောမောမော အောင်မြင်သွားပြီဆိုသော အသိကြောင့် သက်စွန့်ဆံ ဖျား ဖြတ်သန်းကျော်လွှားခဲ့ရသော အန္တရာယ်များကိုပင် မေ့ပျောက်သွားလေတော့ သည်။

"ချန်ဌါန် ... ချန်ဌါန်"

အဖွဲ့ခေါင်းဆောင်က ဒဏ်ရာရနေသော ရဲဘော်ချန်ဌါန်ကိုကြည့်သည်။ သို့သော် လူနာရဲဘော်ထံမှ မည်သည့်တုံ့ပြန်မှုကိုမျှမရ။ အသက်ဝိညာဉ်ကင်းမဲ့နေ သကဲ့သို့ မလှုပ်မယှက် ငြိမ်သက်မြငြိမ်သက်နေသည်ကိုသာ တွေ့ရလေသည်။ ဤတွင် ယန်ပိုရှန်သည် လူနာရဲဘော်၏ နှာဖျားအနီးတွင် နားဖြင့်ကပ်လျက် နားထောင်လိုက် ပြီးနောက် အဖွဲ့ခေါင်းဆောင်အား ပြန်မော့ကြည့်ရင်းဆိုသည်။

"ကိစ္စမရှိပါဘူး၊ သတိလစ်နေတာပါ"

ယန်ပိုရှန်သည် အဖွဲ့ခေါင်းဆောင်ကို ပြန်ဖြေလိုက်ရင်းမှပင် လူနာရဲဘော်ကို ရေတိုက်ရန် သူ့ခါးမှရေဘူးကလေးကို ဖြုတ်ယူလိုက်သည်။ သို့သော် ရေဘူးမှာ

mgyoe.com

mgyoe.com


ပေါ့လွန်းသဖြင့် အံ့အားသင့်သွားရသည်။ "အဘယ်ကြောင့် ရေလျော့ကုန်ရပါလိမ့်" ဆိုသည့် အတွေးသည် သူ့ဦးနှောက်အတွင်း၀ယ် ပဲ့တင်ထပ်လာသည်။ ရေဘူးကလေးမှာ လမ်းတွင် ကျည်သင့်ခံခဲ့ရသဖြင့် ရေဘူးထဲမှရေများ ဖိတ်စဉ်ခဲ့ပြီဖြစ်ကြောင်းကိုကား သူမသိပြီ။

ယန်ပိုရှန်က ရေဘူးကလေးကို ပျာပျာသလဲ စစ်ဆေးကြည့်လိုက်သောအခါမှ အဖြစ်မှန်ကိုသိရပြီး အဖွဲ့ခေါင်းဆောင်၏မျက်နှာကို မော့ကြည့်၍ အကူအညီတောင်းခံလိုက်သည်။

"ကျွန်တော့် ရေဘူးထဲက ရေကတော့ ယိုတာနဲ့ကုန်တော့မယ်။ ခင်ဗျား ရေဘူးကို ကျွန်တော့်ခဏပေးထားပါလားခင်ဗျာ"

တပ်ဖွဲ့ခေါင်းဆောင်သည် ကိုယ်တွင် ရစ်သိုင်းထားသည့် ရေဘူးကို ဖြုတ်၍ ကျန်ရှိနေသေးသော ရေကို နှစ်ကျိုက်ခန့်မျှဖြင့် ကုန်စင်အောင်မော့လိုက်ပြီး ရေဘူးကို ယန်ပိုရှန်၏လက်ထဲသို့ ထည့်လိုက်သည်။ ယန်ပိုရှန်သည် တပ်စုမှူးကပေးသော ရေဘူးအကောင်းထဲသို့ သူ့ရေဘူးမှ ရေအကျန်ကလေးကို ပြောင်းထည့်လိုက်ပြီး လူနာကို ရေတိုက်ရန် လူနာ၏ခေါင်းကို ဖြည်းညင်းစွာ ထူလိုက်သည်။

ယခုတိုင် ရန်သူ့ကျည်ဆန်များမှာ သူတို့အနီး၀န်းကျင်တွင် သဲသဲမဲမဲ ကျရောက်လျက်နေဆဲပင် ဖြစ်သည်။ ခဏတာမျှပင် ရပ်နားသွားသည်ဟု မရှိသေးပေ။

"ရဲဘော်ချန်ဂျွန်ရဲ့ ဒဏ်ရာဟာ တော်တော်ပြင်းထန်နေပါတယ်။ လူနာတင်ကပ်တွေလည်း ခုထက်ထိ ရောက်မလာသေးတော့ သူ့ကို ကျွန်တော်တို့ကိုယ်တိုင် နောက်ပိုင်းကို လိုက်ပို့လိုက်မယ်လေ"

ယန်ပိုရှန်က အဖွဲ့ခေါင်းဆောင်ထံ အမိန့်တောင်းခံလိုက်သည်။ အဖွဲ့ခေါင်းဆောင်မှာမူ ချက်ချင်းအဖြေမပေးသေးဘဲ ဆိတ်ငြိမ်မြဲဆိတ်ငြိမ်နေသည်။ ဤသို့နှုတ်ဆိတ်နေသည်မှာလည်း သူ့တွင် ခိုင်လုံသောအကြောင်းရှိ၏။ ဤသည်မှာ အန္တရာယ်များလှသော တာ၀န်ကို ယန်ပိုရှန်အား ဒုတိယအကြိမ် ထပ်မံပေးရန် ၀န်လေးနေမိခြင်းကြောင့်ဖြစ်သည်။ သို့သော် ချန်ဂျွန်ကိုလည်း နောက်ပိုင်းသို့ ပြန်မသယ်၍ မဖြစ်။ သို့နှင့်သူသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ အဖြေပေးလိုက်သည်။

"ကောင်းပြီလေ၊ ဒုတပ်ရင်းမှူးကို သတင်းပို့လိုက် ဟုတ်လား။ ကာပစ်ပေးမယ့် တောင်ပေါ်ပစ်အမြောက်တွေ ခုထိ တို့ဆီရောက်မလာပေမဲ့ လုပ်စရာရှိတဲ့အလုပ်ကို တော့ ဆက်လုပ်ထားမယ်လို့။ ပြီးတော့ နောက်ဆုံးတစ်ယောက်တည်း ကျန်တဲ့တိုင်

mgyoe.com